# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း (၄)ရက် ၊ အင်္ဂါနေ့ ၊ (26-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၁၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် (၄/၂၀၂၅)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဩဂုတ် ၂၅

စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ (၄/၂၀၂၅)အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁

စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ (၄/၂၀၂၅) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်**

စာမျက်နှာ- ၁၉

**နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်**

စာမျက်နှာ- ၂၀




ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၂၆ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုရေိယာ တိုးပွားလာစေရေး

သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေခြင်းဖြစ်သည်။ ထို့ကြောင့် သစ်တောဖုံးလွှမ်းမှုတိုးပွားလာစေရေးအတွက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားအားလုံးကလည်း သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းလုပ်ငန်း၊ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သုတေသနပညာရှင်များ၏လေ့လာချက်အရ သစ်ပင်များရှိသည့် စိမ်းလန်းစိုပြည်နေသည့် ပတ်ဝန်းကျင်သည် စိတ်ဖိစီးမှုကိုလျှော့ချပေးပြီး စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို တိုးတက်စေနိုင်သည်ဟုဆိုသည်။ သစ်ပင်များနှင့်ပြည့်နေသည့် ပန်းခြံများ၊ လမ်းမများ၊ ကျေးလက်နှင့်မြို့ပြများသည် လမ်းလျှောက်ရန်၊ အပန်းဖြေရန်၊ အရိပ်ရရန်တို့အပြင် အေးချမ်းသည့်သဘာဝအလှနှင့် ထိတွေ့ခြင်းအားဖြင့် လူသားများ၏ ကျန်းမာရေးဆိုင်ရာကောင်းကျိုးများဖြစ်ထွန်းစေသည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်၏ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် အလွန်အရေးကြီးပြီး အကျိုးကျေးဇူးကြီးမားစေသည့် သဘာဝရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။

ယနေ့ကမ္ဘာ၌ လူဦးရေတိုးပွားလာခြင်းနှင့်အတူ သစ်တောပြုန်းတီးခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းခြင်းစသည့် အကြောင်းရင်းများကြောင့် အရေးပါလှသည့် ဂေဟစနစ်များ ရေရှည်တည်တံ့ရေးအပေါ် ကြီးမားသည့်ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ကမ္ဘာတစ်ဝန်း၌ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး သဘာဝဂေဟစနစ်ထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာမျိုးစုံကို အကောင်အထည်ဖော်ဆောင်ရွက်ကြသည့်အခါ၌ သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကဲ့သို့ ထိန်းသိမ်းကာကွယ်ရေးနယ်မြေများ သတ်မှတ်ခြင်းကို အဓိကအလေးပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပေသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့၏ပူးပေါင်းစီမံမှုဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရေဝေရေလဲ ဧရိယာအတွင်းရှိ လွှတုံကြိုးဝိုင်းအတွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်းရှိ အင်းလေးအနောက် ကြိုးပြင်ကာကွယ် တောတို့အတွင်းရှိ တောနိမ့်တောပါး၊ ကွက်လပ်ဖြစ်ပေါ်နေသောတောင်ကုန်းများတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း၊ သွားလာရန်ခက်ခဲသည့် တောင်ကုန်း၊ တောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်း၊ ပျိုးပင်ဖြင့်စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှု အထိုက်အလျောက် ထိရောက်မှုရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိပါသည်။

သစ်တောများသည် ကမ္ဘာမြေကြီးနှင့်လူသားများအတွက် များပြားလှသည့်အကျိုးကျေးဇူးများကို ပေးစွမ်းလျက်ရှိသည်။ သို့ဖြစ်ရာ ရာသီဥတုမျှတစေရန် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး ဂေဟစနစ်ကောင်းမွန်စေရန်၊ နောင်အနာဂတ်မျိုးဆက်သစ်များအတွက် စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်အမွေအနှစ်ကောင်းများပေးစွမ်းနိုင်စေရန်နှင့် သစ်ပင်သစ်တောများ၏စစ်မှန်သည့်တန်ဖိုးကိုသိရှိနားလည်ပြီး နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုရေိယာတိုးပွားလာစေရေးအတွက် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် လူတိုင်းပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၁၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၁၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၂၂ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၁၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲတီစိမ်း ၂၂၂၂ ကေစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၂၁၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေ က ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပိန်းဥပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပိန်းဥပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြ၍သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ပိန်းဥပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ပိန်းဥပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ပိန်းဥပိဿာချိန် ၇၂၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်က တင်ပို့ခဲ့တဲ့ ပိန်းဥတွေက အရည်အသွေးကောင်းမွန်ပါတယ်။ ပန်းတနော်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီဒေသထွက်ပိန်းဥတွေကို ရန်ကုန်ဈေးကွက်ဝယ်လက်တွေက ဝယ်ယူအားများနေလို့တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်"ဟု ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်အေးမော်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၇၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပိန်းဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် ကင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ထန်းပင်ကုန်းကျေးရွာအုပ်စု ကင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၁ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကင်းရွာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၃၅ ဒသမ ၄၅ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၄ ဦးကို ငွေကျပ် ၂၅ ဒသမ ၇၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၁ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## မိုင်းဖြတ်မြို့နယ် ပါဆန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

မိုင်းဖြတ် ဩဂုတ် ၂၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ပါဆန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၄ ရက် နေ့လယ်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့်မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ပါဆန်းကျေးရွာ၌ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် လေးသိန်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၁၅၄ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

ဇင်မာ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၇ လမ်း၊ ၆၇-၆၈ လမ်းကြားနေ ဦးစိုးမြင့်-ဒေါ်ခင်ရွှေ မိသားစုတို့က ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

## မော်လိုက်ခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်ဧက ၇၆၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲပုပ်စိုက်ခင်းကို တွေ့ရစဉ်။

မော်လိုက် ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်ဧက ၇၆၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၃၈၈ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၇၂၁၂ ဧက စုစုပေါင်းဧက ၇၆၀၀ တို့ဖြစ်ကြောင်း၊ အဆိုပါ ပဲပုပ်ဧက ၇၆၀၀ ကို အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုး ရာသီ မော်လိုက်ခရိုင်မှာ ပဲပုပ်ဧက ၇၆၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ပဲပုပ်စိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားကျရောက်မှု မရှိစေဖို့စတဲ့ အသိပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးစသည့်အသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရာတွင် ပဲပုပ် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ပဲပုပ်သီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ပဲပုပ်ကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့် ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ရွာသစ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက စီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် သိန်း ၃၆၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၆၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် သိန်း ၃၈၀၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂၄ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၀၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၈၃၃ သိန်းထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

နော်လူး

## ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၃၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ငပုတော ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၃၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၇၀၇၆ ဧကကို ယခုနှစ် မေလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၁၉၃၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စပါးများ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့ မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၄၇၀၇၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါး ၁၉၃၈၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ ဟိုင်းကြီးကျွန်းမြို့တွင်စပါးများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ဒေသခံတောင်သူများနှင့်ပူးပေါင်းပြီး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# ဦးတိုးနှင့်ရာမရကန်

ပြေအေးသက်

ဦးတိုး၏ရာမရကန်သည် စာပေမှတ်တမ်းများအရ ရကန် အပုဒ် ၂၀ ရှိရာတွင် အကောင်းဆုံးရကန်ဖြစ်ပေသည်။ ထိုမှတ်တမ်းရရှိထားသည့် ရကန်အပုဒ် ၂၀ ကို စိစစ်ရာတွင် ရွှေတောင်နန္ဒသူ၏ မွေ့နွန်းရကန်နှင့် ငွေတောင်ရကန်အသစ်၊ စိန္တကျော်သူဦးဩ၏ ဝါဆိုစဉ်ရကန်၊ ဦးတိုးနှင့် ဦးရွဲ၏ အဝမြို့ဘွဲ့ရကန်နှင့် ရာမရကန်၊ ဦးလန်း၏လေဆေးနည်းရကန်၊ ဆရာတော်ဦးဗုမ်၏ ၅၂၈ သွယ်မေတ္တာခွဲရကန်နှင့် အောင်ခြင်းရှစ်ပါးရကန်၊ ဦးရွှေနီ၏ ပဥ္စပါပီရကန်၊ ကင်းဝန်မင်းကြီး၏ နေမိရကန်နှင့် စခန်းစဉ်ရကန်၊ ဦးပုည၏အဋ္ဌလက်ဟောကိန်းရကန်၊ နဂါးလှည့်ဟောကိန်းရကန်၊ မြေခံဟောကိန်းရကန်နှင့် သစ်လဲကြွန်ရကန်၊ ကတိုးကူးတော်ရွာရသေ့ကြီး၏ မြင်းကြွန်အင်ရကန်၊ မင်းပူးဦးဩဘာသ၏ ကျေးစေရကန်နှင့် မေတ္တာစာရကန်၊ ဦးအောင်ဖြိုး၏ ဇနကရကန်၊ မောင်ခွေးပု၏ မယ်ဘွဲ့ပြန်က ဟပ်စပ်နည်းရကန်တို့ဖြစ်ကြသည်။ ထိုရကန်တို့အပြင် အခြားရကန်များလည်းရှိကြဦးမည်မှာ အမှန်ပင်ထင်မြင်မိပေသည်။ သို့သော် မိုင်းခိုင်းမြို့စား ဦးယမ်၏ပိဋကတ်တော်သမိုင်းတွင်မူ ရကန်ငါးပုဒ်သာ မှတ်တမ်းတင်နိုင်ခဲ့ရှာသည်။

## ရကန်

ရကန်သည် သျှိုးလိုက်ရတု၊ သာချင်းစပ်နည်းတို့နှင့်ဆင်တူကြောင်း သာချင်းကဗျာအကြောင်း ရေးသည့်ဆောင်းပါးတွင် တင်ပြခဲ့ဖူးပါသည်။ သျှိုးလိုက်ရတုမှလွဲ၍ ကျန်ကဗျာနှစ်မျိုးသည် ကဗျာဗန္ဓသာရကျမ်းလာအရ သီချင်းအမျိုးအစားကဗျာများ ဖြစ်ကြပေသည်။ ရကန်၏အနက်ကို အမျိုးမျိုးကြံဆကြရာ အချို့ကား အမိအရအကျောက်အကန် ရေးသားသောစာ တစ်နည်းဆိုသော် ရန်ပျိုးစာ၊ ရန်ထောင်စာဟုလည်းဆိုသည်။ ထိုသို့ မိမိရရကျောက်ကန်ရာတွင် ကာရန်၌ ကန်ခြင်း၊ အကြောင်းပြ၌ ကန်ခြင်းနှင့် အဆို၌ ကန်ခြင်းဟု ခွဲခြားပြကြသည်။ တချို့ကမူ သက္ကတ ပုဒ်ပျက် "ရိဂံ" မှဆင်းလာပြီး အနက်မှာ လွန်စွာရယ်ရွှင်ခြင်းဖြစ်သောကြောင့် ရယ်ရွှင်ဖွယ်ရာစာမျိုးဟုဆိုကြသည်။ ကျန်တချို့ကမူ ၅၉၀ ပြည့်နှစ်ထိုး ပုဂံမြို့ စာသင်ဂူကျောင်းကျောက်စာတွင် "ရခန်မူစေသတည်း" ဟုတွေ့ရသဖြင့် ရခန်မှ ရကန်သို့ ဆင်းလာပြီး "အတီးအမှုတ်သဘင်"ဟုအနက်ရသဖြင့် ဂီတတေးသွား စာမျိုးဟု ဆိုကြသည်။ ထို့ကြောင့် ရကန်ဟူသည် "စာဖတ်သူတို့၏စိတ်ကို ရွှင်ပြုံးစေလျက် မိမိရရ အကျောက်အကန် ရေးသားအပ်သော တေးသွားစာတစ်မျိုး"ဟု အနက်ဖွင့်သင့်လေသည်။

## ရကန်၏ သက်တမ်း

ရကန်၏သက်တမ်းကိုစိစစ်ရာ မည်သည့်ခုနှစ်က စတင်ပေါ်ပေါက်လာသည်ကို အတိအကျမဆုံးဖြတ်နိုင်ကြပေ။ ကုန်းဘောင်ခေတ် မရောက်မီကာလကပင် "ရကန်" ဝေါဟာရရှိနှင့်ပြီးသည်ကို ၁၁၁၃ ခုနှစ်တွင် ရေးသားပြုစုပြီးစီးသည့် စိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာသတ်ပုံပါ သံပေါက်လင်္ကာဖြစ်သော "ရတုရကန်၊ စာသဝန်၊ ယုံကျွန်မရောက်လှာ"က သက်သေခံလျက်ရှိချေသည်။ ရှေးကျသော ရကန်ဟောင်းများကို ရှာဖွေမတွေ့ရှိရဘဲ ရွှေတောင်နန္ဒသူဆို မွေ့နွန်းရကန်သည် ရှေးအကျဆုံးဟုဆိုရပေမည်။ ထိုရကန်၏ရှေ့တွင် မနော်ရကန်၊ ငွေတောင်ရကန်(ဟောင်း)တို့ ရှိဖူးကြောင်းကို ရှေးမှတ်တမ်းများအရ သိရှိရသည်။ မင်းတုန်းမင်းလက်ထက်တွင် နေမိရကန်အပြင် ဦးရွှေနီ၏ ပဥ္စပါပီရကန်၊ ဦးပုည၏ အဋ္ဌလက်ဟောကိန်းရကန်များ ပေါ်ပေါက်လာလေသည်။ ပဥ္စပါပီရကန်မှာ အနက်ရှုန့်ရင်းလှပြီး အဋ္ဌလက်ဟောကိန်းရကန်မှာမူ နှလုံးမြှူးလောက်အောင် ဟာသဉာဏ်ကစားခဲ့လေသည်။

## ရကန်၏ ကာရန်

ရကန်သည် ပါဒချင်း ဆက်စပ်ရာ၌လည်းကောင်း၊ အပိုဒ်ချင်း အခံအအုပ် ဟပ်စပ်ရာ၌လည်းကောင်း အသတ်ကို ပဓာနမထားဘဲ အသံတူရုံလောက်သာ အဓိကထားပြီး စပ်ဆိုကြရာ အခံနှင့်အအုပ်ကာရန်မှာ ပါဒများခြား၍ စပ်သဖြင့် ကာရန်ကိုခြားပြီး ကန်ထားသကဲ့သို့ရှိသည်။ ရကန်မှာ အကြောင်းအရာနှင့်ကာရန် အချိတ်အဆက်ပါ ကန်သောသဘောရှိသည်မှာကား ထင်ရှားသည်။ ရာမရကန်တွင် အခန်း (၂) ရာမဇာတ်ရေးရန် အိမ်ရှေ့မင်း တိုက်တွန်းခန်း နောက်ဆုံးပိုဒ်၌ အကြောင်းအရာကန်ပုံတစ်ခုမှာ "ရကန်ဉာဏ်၊ စာဆိုဉာဏ်ဖြစ်၊ ရွှေနန်းရန်ဘုန်းပွင့်၊ ထိပ်ခေါင်တင့်ကျွန်၊ တုံးအောက်က (တီတွန်)လို့၊ (ပုဇွန်ကတော်ထူး)အောင်၊ ပူးလို့ဘဲလှော်လှော်၊ ရေမော်တွင်လန်လိမ့်မည်၊ ဉာဏ်လွန်ဉာဏ်မော်၊ ဉာဏ်ကျော်ကို နှိမ်နေကျ၊ ဉာဏ်တိမ်ယာဉ်စီးလေ"ဟုတာဝန်ပေးသည်ကို တီကပဲတွန်တွန်၊ ပုဇွန်ကပဲ "တော်"လို့ ထူးထူးဉာဏ်ထုတ်ပေတော့ဟု အကြောင်းအရာကို ကန်ထားပုံဖြစ်သည်။ အခန်း (၃) မယ်သီတာ ကစားခန်း ဒုတိယအပိုဒ်တွင် ကာရန်ကို ကန်ပုံမှာ "ဒေါင်းလည်ဆံမျိုး၊ ပိုးပရံကောင်၊ အရောင်မူ(လ)၊ ကတ္တီပါအနက်၊ ဖိတ်လက်မှောင်စို၊ ရွှေမြင်းမိုရ်ကဲ့သို့၊ ပြာသိုသဘင်၊ မြင်းခင်းရွှင်မှာ၊ ဆင်တော်မူနေ(ကျ)"ဟူ၍ ကာရန်ခြားပြီး ကန်ထားခြင်းဖြစ်သည်။

အဆိုပါအကြောင်းအရာကန်ခြင်းနှင့် ကာရန်ကန်ခြင်းတို့တွင် တီတွန်ခြင်း၊ ပုဇွန်ထူးခြင်း၊ ပိုးပရံကောင်၏ အနက်ရောင်သည် ဒေါင်းလည်ဆံမွေးကတ္တီပါ အသွေးများကဲ့သို့ဟုဆိုခြင်း စသည့်အချက်များသည် ရကန်၏ ပလ္လားကြွားဝါချက်၊ ကဲလွန်တင်စားချက်နှင့် ကန်ချက်များတို့ပင်ဖြစ်ကြပေသည်။ ရကန်တစ်ပုဒ်လုံးတွင်ဆိုလျှင်တော့ ထောက်ပြ၍မဆုံးနိုင်အောင် ဝေဆာကွန့်ညွန့်နေပေတော့မည်ဖြစ်ပြီး ထိုအချက်ကလေးများသည်ပင် ရကန်၏အသက်ပင်ဖြစ်ပေတော့သည်။ ရတုရကန်ဟူ၍ တွဲပြီးအခေါ်အဝေါ်ရှိနေကြသော်လည်း ရတုနှင့် ရကန်ခြားနားချက်ဝိသေသများမှာ ကွာခြားလှပေသည်။ အကြမ်းဖျင်းအားဖြင့် ရတုနှင့်ကွဲလွဲမှုမှာ ရကန်တွင် အပိုဒ်ပေါင်းများစွာ အရေအတွက် အကန့်အသတ်မရှိဘဲ ပျို့များကဲ့သို့ တစ်ဆက်တည်းရေးဖွဲ့နိုင်ပြီး အချီအချချင်းလည်း တူညီရန် မလိုအပ်ပေ။ ရကန်တွင် လေးလုံးတစ်ပါဒသာမက တစ်ပါဒလျှင် ငါးလုံးခြောက်လုံးထိ ရေးဖွဲ့နိုင်သည်။ ကာရန်အကန်ဝေးသဖြင့် နီးရာပါဒချင်း ကာရန်မချိတ်မိဘဲလည်းရှိနိုင်ပေသည်။

## ရာမရကန်

ဦးတိုး၏ရာမရကန်တွင် ပိုဒ်ရေ ၃၄ ပိုဒ်ပါရှိပြီး ရကန်ဖွဲ့နေဆဲတွင်ပင် ကွယ်လွန်သွား၍ ကျန်အပိုဒ်များကို ဦးရွဲဆိုသူက ဆက်လက်ရေးသားခဲ့လေသည်။ ဦးတိုး၏ရာမရကန် အခန်း (၁) တွင် ဦးတိုးဘုရားရှစ်ခိုးခန်း၊ အခန်း (၂) တွင် ရာမဇာတ်ရေးရန် အိမ်ရှေ့မင်း တိုက်တွန်းခန်း၊ အခန်း (၃) တွင် မယ်သီတာကစားခန်း၊ အခန်း (၄) တွင် မယ်သီတာ အလှသတင်းကြားခန်း၊ အခန်း (၅) တွင် တစ်ရာ့တစ်ပါးသော မင်းတို့ထံ သံတမန်စေခန်း၊ အခန်း (၆) တွင် မိတ္ထီလာပြည်သို့ မင်းတစ်ရာရောက်ခန်း၊ အခန်း (၇) တွင် ရာမလက္ခဏ လေးတင်ပွဲလာခန်း၊ အခန်း (၈) တွင် မယ်သီတာ လေးတင်ပွဲထွက်ခန်း၊ အခန်း (၉) တွင် ဒသဂီရိလေးတင်ခန်း၊ အခန်း (၁၀) တွင် မင်းတရားလေးတင်ခန်း၊ အခန်း (၁၁) တွင် ဒသဂီရိက မယ်သီတာရသင့်ကြောင်း အချေအတင်ပြောခန်း၊ အခန်း (၁၂) တွင် ဒသဂီရိဘီလူး ထွက်ပြေးခန်း၊ အခန်း (၁၃) တွင် ရာမဇာစ်မြစ်ကိုပြခန်း၊ အခန်း (၁၄) တွင် ရာမသီတာ လက်ထပ်ခန်း၊ အခန်း (၁၅) တွင် မှော်ရုံတောမှာ သီတာ ကစားခန်း၊ အခန်း (၁၆) တွင် မင်းသုံးဘော်မှော်ရုံနေ ဘီလူးများရှုပ်ပွေခန်း၊ အခန်း (၁၇) တွင် ဘီလူးညီနောင်တို့ကြုံးဝါးခန်း၊ အခန်း (၁၈) တွင် ဘီလူးညီနောင်နှင့် စစ်ဖြစ်ခန်း၊ အခန်း (၁၉) တွင် သားသေကို ဂမ္ဘီမ သင်္ဂြိုဟ်ခန်း၊ အခန်း (၂၀) တွင် ရာမကို လက်စားချေရန် ဂမ္ဘီမလျှောက်ခန်း၊ အခန်း (၂၁) တွင် ဒသဂီရိ ဂမ္ဘီအချီအချ ပြောခန်းထိပါဝင်သည်။

## ဦးတိုးကိုယ်ရည်သွေးပုံ

အခန်း (၃) မယ်သီတာကစားခန်း ပထမပိုဒ်တွင် ဦးတိုးက ဤသို့ ကိုယ်ရည်သွေးခဲ့သည်။ "တိမ်ပေါ်မိုးယံ၊ ဂဠုန်ပျံနှင့်၊ ကုမ္ဘဏ်နဂါး၊ ရန်ညွန့်တားရ(သည်)။ ပတ္တမြားလိုဏ်ဂူ၊ နန္ဒမူမှာ၊ ရွှေမဥ္ဇူသင်း၊ နံ့သာမင်းလို၊ နားတွင်းသိုက်မြိုက်၊ ဉာဏ်ရှိသူ ကြိုက်သည့်နှယ်၊ စာမိုက်နှင့်စာပြောင်၊ မင်းပွဲဘောင်မှာ၊ ထိန့်အောင်ဝေး၍၊ အသွေးခြားလတ္တံ၊ စကားတစ်ယောက်တစ်သွယ်(စီ)"။ ထိုအခန်းတွင်ပင် မယ်သီတာအနေဖြင့် ပန်းများဖြင့်လှနေပုံကို ဦးတိုးက ဤသို့ဖွဲ့ပြန်သည်။"နန်းနရဏီမှာ၊ ရာသီရွှေး၍၊ ကလေးလှသည့်မသီတာ၊ ရတနနာညိုပန်းစိမ်းလဲ့(လဲ့)။ ကြက်ရုံးပွင့်ကတော်၊ အမော်သိုက်ဝင်၊ သူ့ရင်ခွင်မှာ၊ ရွှေစင်ရုပ်ကလေးကဲ့သို့၊ နွဲ့ချင်နွဲ့တွဲ့ချင်တွဲ့၊ လုပ်လဲ့လဲ့ တုပ်တဲ့(တဲ့)"။ အခန်း (၄)တွင် မယ်သီတာအလှသတင်းကြားရပုံကို ဤသို့အဆို၊ အကြောင်းအရာနှင့် ကာရန်ပါ ကန်ကျောက်ပါသည်။ "လဆယ်ပွင့်လို၊ ထင်နှင့်သူ တသွယ်၊ နေဆယ်ဆူလို့၊ ယူသူတခြား၊ သူဇာလား မိုးသူလား၊ ထင်မှားသူ အပုံ၊ သေလို့ ဘက်ကုန်ချည့်၊ လုံးစုံပရပ္ပူ၊ ဟစ်သသူ(နှင့်)။ လက်သည်းစောင်းထိုး၊ ဘားပေါင်တင် ချိုးသည့်နှယ်၊ သွားကျိုးမျက်စိကန်း(နှင့်)"။

## ရာမလက္ခဏလေးတင်ပွဲ

လေးတင်ပွဲသို့သွားရန် ကညာပျိုတို့ အလှပြင်ကြပုံကို ဦးတိုးက ဤသို့ဖွဲ့ခဲ့သည်။"မြရေသီလံ၊ ဇျာပါဆံက၊ ပါးယံမှာသီခွေ၊ ပြန့်လိုက်လို့ ဝေခဲ့ပြီး၊ ပြေလိုက်သည့် သက်တံ၊ နဖူးဆံမှာ၊ ဂုဏ်အလျှံသွယ်၊ နှစ်ပါးစုံနွယ်ကြရော့မယ်၊ တနယ်စီခွာလို့ဘက်၊ စိတ်အာရုံ(နိုး)။ အပျိုဖြောက်ဖြောက်ကယ်၊ ရွှေလက်ကောက်ကလည်း နှစ်ရံ၊ လက်ချိတ်ကယ် လွန်းဆက်ကယ်၊ ပန်းတဘက်က ထောင်နံ့၊ ပြန်လှန်ကာသီသီ၊ ရင်ဝတ်ကနီနီ၊ ထမီက ကွက်ပြိုင်၊ သေးသေးမျှင်မျှင် မြိုင်မြိုင်၊ တိမ်ညိုရတနာ၊ စိမ်းလဲ့လဲ့ပြာ၊ ရွှေမိုးကာသည့်နှယ်၊ ဆီးကာလို့(မိုး)"။ ရာမလေးတင်အပြီး မယ်သီတာဝမ်းသာပုံကိုလည်း ဤသို့လှပစွာဖွဲ့နွဲ့ခဲ့သည်။ "ချောလှသည့်သခင်၊ လေးစကြာ ရန်ပြိုမှာ၊ ရွှေညှို့ညို့ ပြောင်ဘိတ်ကို၊ ရွှေလက်ညှိုးထိပ်ကယ်နှင့်၊ တချောင်းချင်းချိတ်လို့မှ၊ ရိပ်ခနဲတင်၊ ကောင်းကင်မိုးယံ၊ နှစ်ချက်ဆင့်မြန်မြန်၊ လွတ်လိုက်သည့် မြားပျံ၊ လေးထောက်ကယ်မည်၊ ညို့သံမစဲ၊ နောက်မြားတစ်စင်းတွင်မှ၊ ပြင်းပြင်းကြီး ဆွဲလိုက်လို့၊ မြဲလိုလို၊ လေးညိုပြာမှိုင်း၊ အလယ်ပိုင်းမှာ၊ ကွေးကိုင်းကြီးဆတ်ဆတ်၊ ပစ်ရတတ်ပြီဘူး၊ ထက်ပိုင်း ဖြတ်ခေါက်ချိုး၊ ဘောင်းဘောင်းကြီး(ချိုး)လိုက်သည်၊ မိုးကြိုးလက်နက်၊ နတ်စက်ချုန်းခြစ်၊ ထစ်ထစ်သံအိုင်၊ ထပ်ပဲ့တင်ချိုင်ချိုင်၊ တော်သံနှင့်လှိုင်လှိုင်၊ တစ်ပြိုက်နက်အိုင်စ၊ ထောင်(ကိုး)ရာကျသည့်နှယ်"။

## ဘုန်းနှင့်ကံနှင့် ရွှေသဇင်

ဘုန်းနှင့်ကံနှင့်ရွှေသဇင်သည် ဦးတိုး၏ ရာမရကန်ထဲမှ အခန်း (၁၄) ရာမသီတာ လက်ထပ်ခန်းမှဖြစ်သည်။ ပထမအပိုဒ်ဖြစ်ပြီး ထိုအပိုဒ်နှင့် ဒုတိယအပိုဒ်တို့ကို "စိမ့်ကြီးမြိုင်ကြီး"ဟုခေါ်ဆိုကြကာ ဒီးဒုတ်ဦးဘချို တည်းဖြတ်သည့် ဂီတဝိသောဓနီကျမ်းတွင် ဖန်ခါးသီးရကန်၊ မယ်သီတာကို လေယာဉ်ပျံနှင့်ဆောင်ခန်းရကန်နှင့် သဇင်ပန်းရကန်ကို ထုတ်နုတ်ဖော်ပြထားသည်ဟုဆိုသည်။ အဆိုပါစိမ့်ကြီးမြိုင်ကြီးချီရကန်ကဗျာအပိုဒ်ကိုပင် ဂီတလုလင်မောင်ကိုကိုက သံစဉ်ရှာကာ ဝင်းဦးအစရှိသည့် တေးသံရှင်များက သီဆိုခဲ့ကြကြောင်း သိရသည်။ ဦးတိုး၏ စိမ့်ကြီးမြိုင်ကြီးချီ ရကန်ကဗျာပိုဒ်များအကြောင်းကို မောင်မောင်တင်(မဟာဝိဇ္ဇာ)ကလည်း ၁၉၆၆ ခုနှစ် စက်တင်ဘာလ ငွေတာရီမဂ္ဂဇင်းတွင် ဆောင်းပါးတစ်စောင် ရေးသားခဲ့ကြောင်း သိရသည်။

## ရကန်ထဲမှ အရေးအသားသစ်များ

ရာမရကန်ရေးသူ ဦးတိုးသည် ရွှေဘိုမြို့အနီး ဇီးတောရွာတွင် ၁၁၁၃ ခုနှစ်က ဖွားမြင်ခဲ့သူဖြစ်ပြီး ရာမရကန်ရေးသားပြုစုချိန်၌ ကွယ်လွန်ခါနီး ၁၁၅၈ ခုနှစ်တွင်ဖြစ်၍ ထိုခေတ်ထိုကာလနှင့် နှိုင်းယှဉ်ပြောဆိုရပါလျှင် များစွာမှခေတ်ရှေ့ပြေးနေသည့် မြန်မာစာပေပညာရှင်တစ်ဦးပင်ဖြစ်ကြောင်း တွေ့ရှိရသည်။

ရာမရကန်တွင်ပါရှိသည့် "ကဝိလက္ခဏာ၊ သချာစေ့စပ်၊ အရပ်ရပ်ပင်၊ သဒ္ဒတ်မတာ၊ စပ်မတာဘူး..." ဆိုသည် အတွေးနှင့်အရေးပင် အံ့ဩစရာဖြစ်သည့်အပြင် "လံကဓော"လောကဓံဆိုသည့် အသုံးအနှုန်းမျိုးကိုပါ သုံးစွဲခဲ့သေးသည်။ ထို့ပြင် "ဂုဏ်ပလိုင်းကိုင်၊ လူစိုင်မနိတ်၊ စိတ်တပူးရိုင်း"အစရှိသည့် အက္ခရာဝိပရိယာယလုပ်ခြင်းဖြင့် ရကန်၏အသွင်ကို ပိုမိုရုပ်လုံးကြွစေခဲ့သည်။ ထို့ပြင် သီတာဒေဝီကိုလည်း ဗျည်းအက္ခရာနှင့်ဥပမာပေး၍ ဤသို့ဖွဲ့ခဲ့သေးသည်။ "ခန်းဘုံဘွေမှာ၊ သဝေထိုးကသေး၊ ပုဇွန်ထုပ်ကွေးသည့်နှယ်..."ဟူ၍လည်းကောင်း၊ "ဒွေးနောက်ကယ်က၊ ခအောက်ချိုင့်ကဲ့နှယ်၊ ဝိုက်ဝိုက်ကလေး၊ သေးတေးတေး..."ဟူ၍လည်းကောင်း၊"တဝမ်းပူအောက်ကယ်က၊ ရကောက်ကွယ် ခွေရောင်၊ မင်္ဂလာဆောင်သည့် နှယ်..."ဟူ၍လည်းကောင်းတို့ဖြစ်ကြသည်။ ပြောရမည်ဆိုလျှင်ဦးတိုးသည် လူ့သဘောသဘာဝကို သိသော၊ သဒ္ဒါဖွဲ့ထုံးကို နားလည်သော မြန်မာစာကို ခေတ်မီအောင်ပြုစုရေးဖွဲ့လိုသော ခေတ်ရှေ့ဆောင် စာဆိုတော်တစ်ဦးဟုဆိုရပေမည်ဖြစ်သည်။

## ကိုးကား

၁။ ဒေါက်တာလှဘေ၏မြန်မာစာပေသွေ့ခံစာတမ်း

၂။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၅)

❖ ရာမရကန်ရေးသူ ဦးတိုးသည် ရွှေဘိုမြို့အနီး ဇီးတောရွာတွင် ၁၁၁၃ ခုနှစ်က ဖွားမြင်ခဲ့သူဖြစ်ပြီး ရာမရကန်ရေးသားပြုစုချိန်၌ ကွယ်လွန်ခါနီး ၁၁၅၈ ခုနှစ်တွင်ဖြစ်၍ ထိုခေတ်ထိုကာလနှင့် နှိုင်းယှဉ်ပြောဆိုရပါလျှင် များစွာမှခေတ်ရှေ့ပြေးနေသည့် မြန်မာစာပေပညာရှင်တစ်ဦးပင်ဖြစ်ကြောင်း တွေ့ရှိရသည်။ ရာမရကန်တွင်ပါရှိသည့် "ကဝိလက္ခဏာ၊ သချာစေ့စပ်၊ အရပ်ရပ်ပင်၊ သဒ္ဒတ်မတာ၊ စပ်မတာဘူး..."ဆိုသည် အတွေးနှင့်အရေးပင် အံ့ဩစရာဖြစ်သည့်အပြင် "လံကဓော"လောကဓံဆိုသည့် အသုံးအနှုန်းမျိုးကိုပါ သုံးစွဲခဲ့သေးသည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြှင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

ပုသိမ် ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၂၁ ဧက စိုက်ပျိုးရန်လျာထားပြီး မေလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးစီးပြီဖြစ်သော သီးနှံစုံများမှာ ဖူးစားပြောင်း ၂၉၉ ဧက၊ မြေပဲ ၂၀၇ ဧက၊ ပဲစင်းငုံ ၁၀၉ ဧက၊ ငရုတ် ၁၀၁ ဧက၊ ဟင်းသီးဟင်းရွက် ၇၀၅ ဧကဖြစ်ကြောင်း သိရသည်။

"ပုသိမ်မြို့နယ်အတွင်း အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံစုံ ၁၄၂၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ဧကအားလုံး စိုက်ပျိုးပြီးစီးပါပြီ။ သီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စနစ်တကျပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ သီးနှံစိုက်ပျိုးရာမှာ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့ သီးနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ခင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။



ယခုနှစ် ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထားသည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သီးနှံစုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မြို့သစ် ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသူအောင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တပ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စီမံကိန်းဆိုင်ရာစာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မေသူအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

တပ်ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၁ ဦးကို ငွေကျပ် ၄၁ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အထွေး

# တော်သလင်းမီ မိုးပန်းချီ

- ကန်ရာသီဦး လေပြည်မြူးသော်
  တိမ်ဖူးရာသီ မိုးပန်းချီကို
  စာစီခြယ်သ ရှုတိုင်းလှသည်
  မြစ်နဒီတွင်း တော်သလင်းဝယ်
  ခင်းဖြန့်ကာလူး ငွေသင်ဖြူးသို့
  ကြည်နူးဖွယ်ပ့ါ ရှုတိုင်းလှ။

- ငွေရည်မိုးသား တိမ်တိုက်များက
  လေသွားရာတွင် ခရီးနှင်ကာ
  ရေစင်ပုလဲ မြေတွင်ကြဲသော်
  ကောက်ပဲသီးနှံ ပွင့်ဖူးသန်ဖို့
  မြေခံဘူမိ ရေဓာတ်ပြည့်ကာ
  ပြည်၏ရိက္ခာ ကြွယ်စေရာတည့်။

- မြစ်တွင်းငွေလွှာ ရေခင်းသာသော်
  ဘယ်ညာလှော်တက် ရေပြင်ထက်ဝယ်
  သွက်လက်မြိုင်ဆိုင် ကြံ့ခိုင်အင်အား
  လှေတော်သားတို့ ခွန်အားပြည့်ဝ
  လှေပြိုင်ကြသည် လတော်သလင်း
  မြစ်နဒီတွင်း လှပခြင်း။

- တို့ပြည်သူတို့ ကြည်ဖြူမြူတ
  စွမ်းစကိုယ်စီ အားမာန်ချီ၍
  တက်ညီလက်ညီ ပြည့်တွက်ရည်ကာ
  ဖြိုးစည်ဖို့ရေး ကြံဆတွေးသော်
  ပြည်ရေးပြည်ရာ ငြိမ်းချမ်းသာဖို့
  ဇလာရေခင်း တော်သလင်းဝယ်
  မြစ်တွင်းမြိုင်မြိုင် လှေလှော်ပြိုင်သို့
  ရင်ဆိုင်စဉ်မြဲ အားမာန်ဖွဲ့ဖြင့်
  တွဲလက်ညီညီ ရှေ့သို့ချီ
  တော်သလင်းမီ ချိန်ရာသီ။ ။

မောင်လေပြေ(တောင်တွင်း)

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ဟူသီလက်နက်ကိုင်အုပ်စုများထိန်းချုပ်ထားသည့် ယီမင်နိုင်ငံ ဆာနားမြို့ကို အစ္စရေးလေတပ်တိုက်ခိုက်

ဂျေရုဆလင် ဩဂုတ် ၂၅

ဟူသီလက်နက်ကိုင်အုပ်စုများ ထိန်းချုပ်ထားသော ယီမင်နိုင်ငံ ဆာနားမြို့ကို အစ္စရေးလေတပ်က ယနေ့တွင် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဟူသီလက်နက်ကိုင်အုပ်စုက အစ္စရေးနိုင်ငံကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် အစ္စရေးလေတပ်က ဆာနားမြို့ကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆာနားမြို့၌ အနည်းဆုံးခြောက်ဦး သေဆုံး၍ ၈၆ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ဟူသီအုပ်စု တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဟူသီအုပ်စုက ဩဂုတ် ၂၂ ရက်တွင် ပစ်လွှတ်ခဲ့သည့် ဒုံးကျည်၌ ပဒေသာဗုံးလက်နက်များ ထည့်သွင်းထားကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ဟူသီအုပ်စု၏ အဆိုပါ တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် ဆာနားမြို့ကို အစ္စရေးလေတပ်မှ တိုက်လေယာဉ် ၁၀ စင်းတို့က တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရန်ကျောထောက်နောက်ခံပြု ဟူသီလက်နက်ကိုင်အုပ်စုသည် ဂါဇာကမ်းမြောင်ပဋိပက္ခ ဖြစ်ပွားခဲ့သည့် ၂၀၂၃ ခုနှစ်မှစ၍ အစ္စရေးနိုင်ငံကို ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များဖြင့် အကြိမ်ကြိမ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



## ဝါရှင်တန်မြို့တွင်းကင်းလှည့်နေသော အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ လက်နက်ကိုင်ခွင့်ရရှိ

ဝါရှင်တန် ဩဂုတ် ၂၅

သမ္မတ ဒေါ်နယ်ထရမ့်၏ ရာဇဝတ်မှုနှိမ်နင်းရေး အစီအစဉ်အရ ဝါရှင်တန်မြို့တွင်း လမ်းများ၌ ကင်းလှည့်နေသော အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ အနေဖြင့် ဩဂုတ် ၂၄ ရက်မှစ၍လက်နက်များ ကိုင်ဆောင်ခွင့်ရထားသည်။

ဝါရှင်တန်မြို့တွင်း ကင်းလှည့်နေသော အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များအနေဖြင့် အမ်-၁၇ အမျိုးအစား ပစ္စတိုသေနတ် သို့မဟုတ် အမ်-၄ အမျိုးအစား ရိုင်ဖယ်သေနတ်များ ကိုင်ဆောင်ခွင့်ရထားကြောင်း အမေရိကန် အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမေရိကန်အစိုးရတာဝန်ရှိသူများ၏အဆိုအရ ဝါရှင်တန်မြို့တွင်း ကင်းလှည့်နေသည့် အမျိုးသားအစောင့် တပ်ဖွဲ့ဝင်များကို လက်နက်ကိုင်ခွင့်ပေးရန် ကာကွယ်ရေးဝန်ကြီးဟက်ဂ်ဆက်က ဩဂုတ် ၂၂ ရက်တွင် ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ ရာဇဝတ်မှုနှိမ်နင်းရေးလုပ်ငန်းစဉ်အရ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၂၂၀၀ကျော်ကို ဝါရှင်တန်မြို့၌ ဖြန့်ကြက်ထားသည်။

ရာဇဝတ်မှုနှိမ်နင်းရေးလုပ်ငန်းစဉ်ကို ချီကာဂိုမြို့ထိ တိုးချဲ့လုပ်ဆောင်ဖွယ်ရှိကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၂၂ ရက်တွင် ပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုနှစ်ဇွန်လအတွင်း လော့အိန်ဂျလိစ်မြို့၌ ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲများကို ထိန်းချုပ်ရန် အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၄၀၀၀ထိ ဖြန့်ကြက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ပြည်ပနိုင်ငံများနှင့် ပူးပေါင်းကြံစည်သူများကို နိုင်ငံသားအဖြစ်မှ ပယ်ဖျက်နိုင်မည့်ဥပဒေကြမ်း ကမ္ဘောဒီးယားအတည်ပြု



ဖနွမ်းပင် ဩဂုတ် ၂၅

နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံထားရသူများကို နိုင်ငံသားအဖြစ်မှ ပယ်ဖျက်ခွင့် ပေးထားသောဥပဒေကြမ်းတစ်ရပ်ကို ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်က ယနေ့တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါဥပဒေကြမ်းကို ကမ္ဘောဒီးယား အမျိုးသားလွှတ်တော် အမတ် ၁၂၅ ဦးအနက် ၁၂၀ ၏ ထောက်ခံမဲများဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယင်းဥပဒေကြမ်းအရ ပြည်ပအစိုးရများနှင့် ပူးပေါင်းကြံစည်မှု၊ ကမ္ဘောဒီးယားနိုင်ငံ၏ အကျိုးစီးပွားကို ဖျက်ဆီးရန် ကြံရွယ်မှုတို့ဖြင့် တရားစွဲခံထားရသူ ကမ္ဘောဒီးယားနိုင်ငံသားများကို နိုင်ငံသားအဖြစ်မှပယ်ဖျက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်ကို လက်ရှိအာဏာရ ကမ္ဘောဒီးယား ပြည်သူ့ပါတီ လွှတ်တော်အမတ်များက ထိန်းချုပ်ထားသည်။

ပြည်ပနိုင်ငံများနှင့် ပူးပေါင်းကြံစည်သူနိုင်ငံသားများကို တုံ့ပြန်အရေးယူရေးအတွက် လိုအပ်ကြောင်း ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဟွန်ဆန်က ယခုနှစ်ဇွန်လအတွင်း ပြောကြားထားသည်။

ဟွန်ဆန်သည် ဝန်ကြီးချုပ်ရာထူးကို သားဖြစ်သူ ဟွန်မာနက် ထံလွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတာဝန် ရယူထားပြီး ကမ္ဘောဒီးယားနိုင်ငံရေးလောကအပေါ် ဩဇာလွှမ်းမိုး နေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ ယာဉ်မတော်တဆမှုဖြစ်ပွား အနည်းဆုံး ရှစ်ဦးသေဆုံး၍ ၄၅ ဦးဒဏ်ရာရရှိ

ဒေလီ ဩဂုတ် ၂၅

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ ကုန်သေတ္တာတင်မော်တော်ယာဉ် တစ်စီးနှင့် လယ်ယာလုပ်ငန်းသုံး နောက်တွဲယာဉ်တစ်စီးတို့ ယနေ့တွင် ဝင်တိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုတွင် အမျိုးသမီးနှစ်ဦးနှင့် ကလေးတစ်ဦးအပါအဝင် အနည်းဆုံး လူပေါင်းရှစ်ဦးသေဆုံးခဲ့ရပြီး ၄၅ဦး ဒဏ်ရာများရရှိခဲ့ကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လယ်ယာသုံးနောက်တွဲယာဉ်ပေါ်တွင် ဘုရားဖူးခရီးသည် ၆၀ ကျော်ထိ လိုက်ပါလာသည်။

အဆိုပါ ယာဉ်မတော်တဆမှုတွင် ဘုရားဖူးခရီးသည်များ လိုက်ပါလာသည့် နောက်တွဲယာဉ်ကိုကုန်သေတ္တာတင်ယာဉ်က နောက်ပိုင်းမှအရှိန်ပြင်းစွာဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တာဝန်ရှိသူများက ပြောကြားထားသည်။

ယာဉ်မတော်တဆမှု အတွင်း ဒဏ်ရာရရှိသူများအနက် သုံးဦးမှာ ဒဏ်ရာပြင်းထန်ခဲ့သည်။

လက်ရှိအချိန်တွင် ဥတ္တရပရာဒေ့ရှ်ပြည်နယ်တာဝန်ရှိသူများက ယာဉ်မတော်တဆမှု ဖြစ်စဉ်ကို စုံစမ်း စစ်ဆေးလျက်ရှိကြောင်း အိန္ဒိယ ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

Ref : Xinhua

Trs : KKO

# ယခုနှစ်ဇူလိုင်လ ထိုင်းနိုင်ငံ၏ မော်တော်ယာဉ် ထုတ်လုပ်မှုနှုန်း ၁၁ ရာခိုင်နှုန်းကျော် ကျဆင်း

ဗန်ကောက် ဩဂုတ် ၂၅

ထိုင်းနိုင်ငံ၏ ယခုနှစ် ဇူလိုင်လ မော်တော်ယာဉ် ထုတ်လုပ်မှုနှုန်းမှာသုံးလတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။



ထိုင်းနိုင်ငံ၏ ယခုနှစ်ဇူလိုင်လ မော်တော်ယာဉ် ထုတ်လုပ်မှုနှုန်းသည် ယမန်နှစ်ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက ၁၁ ဒသမ ၃၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အစီးရေ ၁၁၀၆၆၆ စီးထိသာ ထုတ်လုပ်နိုင်ခဲ့သည်။

အလားတူ ထိုင်းနိုင်ငံ၏ ယခုနှစ် ဇူလိုင်လ ပြည်ပသို့မော်တော်ယာဉ်တင်ပို့မှုနှုန်းမှာလည်း ၂၀၂၄ ခုနှစ် ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက ၁၃ ဒသမ ၂၇ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ထိုင်းစက်မှုလုပ်ငန်းအသင်းချုပ်က ဩဂုတ် ၁၅ ရက်တွင်ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြထားသည်။

သို့ရာတွင် ယခုနှစ် ဇူလိုင်လအတွင်း ထိုင်းပြည်တွင်းဈေးကွက်၌ မော်တော်ယာဉ် ရောင်းအားမြင့်တက်လာခဲ့ကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းဈေးကွက်အနေအထားအရ ယခုနှစ်အတွင်း ပြည်တွင်းဈေးကွက်၌ မော်တော်ယာဉ်အစီးရေ ၆၀၀၀၀၀ ထိ ရောင်းအားရှိနိုင်ကြောင်း ထိုင်းစက်မှုလုပ်ငန်းများအသင်းချုပ်က ခန့်မှန်းထားသည်။

လျှပ်စစ်စွမ်းအင်သုံးယာဉ်များ ရောင်းအားမြင့်တက်လာမှုကြောင့် ယခုနှစ် ဇူလိုင်လအတွင်း ထိုင်းပြည်တွင်းဈေးကွက်၌ ရောင်းအားမြင့်တက်လာခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီက ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ခဲ့




**ဝါရှင်တန် ဩဂုတ် ၂၅**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ဒရာဂွန် အာကာသ ကုန်တင်ယာဉ်ကို ဩဂုတ် ၂၄ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ဒရာဂွန်အာကာသ ကုန်တင်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

CRS-33 အမည်ရှိ မစ်ရှင်အရ လွှတ်တင်ခဲ့သော ၎င်းဒရာဂွန် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းရှိ အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာနှင့် အခြားသိပ္ပံပညာ စမ်းသပ်ပစ္စည်း စုစုပေါင်းအလေးချိန် ၂၂၇၀ ကီလိုဂရမ်ထိ သယ်ဆောင်ထားကြောင်း သိရသည်။

CRS-33 မစ်ရှင်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ရယူထားသည့် သဘောတူညီချက်အရ စပေ့အိတ်ကုမ္ပဏီက လွှတ်တင်ပေးခဲ့သည့် ၃၃ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပံ့မစ်ရှင် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်း ထောက်ပံ့မစ်ရှင်များကို စပေ့အိတ်ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်၊ နော့ရော့ဂရူးမင်း၏ ဆိုက်ဂနက် အာကာသကုန်တင်ယာဉ်နှင့် ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက် အာကာသကုန်တင်ယာဉ်တို့က တာဝန်ယူထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## လမျက်နှာပြင်ပေါ်ရှိ အပိုလိုလွင်ပြင်ဒေသ စတင်ဖြစ်ပေါ်လာသည့် အချိန်ကာလကို တရုတ်သိပ္ပံပညာရှင်များ တွက်ချက်နိုင်ခဲ့

**ပေကျင်း ဩဂုတ် ၂၅**

လမျက်နှာပြင်ပေါ်ရှိ အပိုလိုလွင်ပြင်ဒေသ စတင်ဖြစ်ပေါ်လာသည့် အချိန်ကာလကို တရုတ်သိပ္ပံပညာရှင်များ တွက်ချက်နိုင်ခဲ့ကြောင်း ဩဂုတ် ၂၄ ရက်သတင်းများအရ သိရသည်။

လကမ္ဘာ အခြားဘက်ခြမ်းရှိ အဓိက ဥက္ကာချိုင့်ဝှမ်းနယ်မြေကြီးတစ်ခုဖြစ်သော အပိုလိုလွင်ပြင်ဒေသသည် လွန်ခဲ့သည့် နှစ်ပေါင်း ၄ ဒသမ ၁၆ ဘီလီယံတွင် စတင်ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

တရုတ် သိပ္ပံပညာရှင်များသည် ချန်အာ-၆ မစ်ရှင်ဖြင့် ရယူထားသည့် လကမ္ဘာကျောက်သားနမူနာများကို လေ့လာပြီးနောက် အပိုလိုလွင်ပြင်ဒေသ စတင်ဖြစ်ပေါ်လာသည့် အချိန်ကာလကို တွက်ချက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အပိုလို လွင်ပြင်ဒေသသည် လကမ္ဘာအခြားဘက်ခြမ်း ဆောက်ပိုးအိုက်ကန်ဒေသ၏ ဒုတိယအကြီးမားဆုံး ဥက္ကာချိုင့်ဝှမ်းဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ချန်အာ-၆ လဆင်းယာဉ်ကို ၂၀၂၄ ခုနှစ် မေ ၃ ရက်တွင် လွှတ်တင်ခဲ့ရာ ၎င်းလဆင်းယာဉ်သည် ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်တွင် လကမ္ဘာကျောက်သားနမူနာများကို ကမ္ဘာပေါ်သို့ ပြန်လည် ပေးပို့နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အလင်းအားအမြင့်မားဆုံး ရေဒီယိုစွမ်းအင်ပေါက်ကွဲမှု (FRB) ကို သိပ္ပံပညာရှင်များ ထောက်လှမ်းတွေ့ရှိ

**အော့တဝါ ဩဂုတ် ၂၅**

ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ ရေဒီယိုစွမ်းအင်ရုတ်ခြည်းပေါက်ကွဲမှုများအနက် အလင်းအားအမြင့်မားဆုံး ရေဒီယိုစွမ်းအင်ပေါက်ကွဲမှု (FRB) ကို ကနေဒါ သိပ္ပံပညာရှင်များ ထောက်လှမ်း တွေ့ရှိခဲ့ကြောင်း ဩဂုတ် ၂၄ ရက်သတင်းများအရ သိရသည်။

ထို့ပြင် FRB 2025 0316A အမည်ရှိ အဆိုပါ FRB ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နေရာကိုလည်း ကနေဒါသိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

FRB 2025 0316A ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုကို ကနေဒါသိပ္ပံပညာရှင်များက ယခုနှစ် မတ်လတွင် ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့၏ လေ့လာတွေ့ရှိချက်အရ FRB 2025 0316Aရေဒီယိုစွမ်းအင်ပေါက်ကွဲမှုသည် ရှာဖွေတွေ့ရှိထားသမျှ FRB များအနက် အလင်းအား အမြင့်မားဆုံးဖြစ်ကြောင်း ကနေဒါ သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ ကနေဒါသိပ္ပံပညာရှင်များ၏တွက်ချက်မှုအရ အဆိုပါ ရေဒီယိုစွမ်းအင် ပေါက်ကွဲမှုသည် ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် သန်း ၁၃၀ အကွာတွင်တည်ရှိသည့် NGC 4141 အမည်ရှိ ကြယ်စုတစ်စု၏ ခရုပတ်ခွေလက်တံနယ်မြေတစ်ခုမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

FRB ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုများသည် အချိန်ကာလအားဖြင့် မီလီစက္ကန့် အနည်းငယ်မျှသာကြာမြင့်တတ်သော်လည်း ၎င်းရေဒီယိုစွမ်းအင် ပေါက်ကွဲမှုများမှ ပေါ်ထွက်လာသည့်စွမ်းအင်ပမာဏမှာ နေ၏ သက်တမ်းတစ်လျှောက်လုံးထုတ်လွှတ်သည့် စွမ်းအင်ပမာဏနှင့် ညီမျှနေတတ်သည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## အနီရောင်အသားစားသုံးမှုကြောင့် ဝမ်းဗိုက်ပိုင်း သွေးကြောပေါက်မှုဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဩဂုတ် ၂၅**

အနီရောင်အသား စားသုံးမှုကြောင့် ဝမ်းဗိုက်ပိုင်း သွေးကြောပေါက်မှုပြဿနာ (Abdominal Aneurysm) ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ဩဂုတ် ၂၄ ရက်သတင်းများအရ သိရသည်။

သွေးအတွင်း Trimethyl Amine-N-Oxide (TMAO) ခေါ် ဓာတုပစ္စည်းတစ်မျိုးပါဝင်မှုအဆင့်မြင့်မားမှုသည် ဝမ်းဗိုက်ပိုင်း သွေးကြောပေါက်မှုပြဿနာ ပေါ်လာနိုင်ခြေ မြင့်တက်လာမှုနှင့်ဆက်စပ်နေကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

TMAO ဓာတုပစ္စည်းသည် အနီရောင်အသားများကို ချေဖျက်ချိန်တွင် ပေါ်ထွက်လာတတ်သည့် ဓာတုပစ္စည်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သွေးအတွင်း TMAO စုစည်းမှုအဆင့်ကို ထိန်းချုပ်ခြင်းဖြင့် ဝမ်းဗိုက်ပိုင်း သွေးကြောပေါက်မှု ပြဿနာကို ကုသနိုင် သို့မဟုတ် တားဆီးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွေးအတွင်း TMAO ပါဝင်မှုအဆင့်မြင့်တက်လာမှုသည် ဝမ်းဗိုက်ပိုင်း သွေးကြောပေါက်မှု ပြဿနာ ဖြစ်ပေါ်လာနိုင်ခြေ ပုံမှန်ထက် နှစ်ဆမြင့်တက်လာမှုနှင့်ဆက်စပ်နေကြောင်း၊ အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၁၀၀၀ ခန့်တို့၏ ကျန်းမာရေး အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

**Ref : Russia Today**
**Trs : KKO**

## ကိုယ်ဝန်ဆောင်အမျိုးသမီးများ အကိုက်အခဲပျောက်ဆေးကို ဆရာဝန်များ၏ အကြံပြုချက်ဖြင့်သုံးစွဲရန် သတိပေးထား

**နယူးယောက် ဩဂုတ် ၂၅**

ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် Paracetamol အကိုက်အခဲ ပျောက်ဆေးများကို ဆရာဝန်များ၏ အကြံပြုချက်ဖြင့်သာ သုံးစွဲရန် အမေရိကန်သုတေသနပညာရှင်များက သတိပေးထားကြောင်း ဩဂုတ် ၂၄ ရက် သတင်းများအရ သိရသည်။

Paracetamol ဆေးများကြောင့် မွေးဖွားလာသည့်ကလေးများ၌ အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေနှင့် အာရုံတက်ကြွလွန်ကဲမှုရောဂါ (ADHD) ဖြစ်နိုင်ခြေတို့ မြင့်တက်လာနိုင်ကြောင်း၊ Paracetamol ဆေးများသည် ကိုယ်လက်နာကျင်ကိုက်ခဲမှု၊ ခေါင်းကိုက်မှုနှင့်ဖျားနာခြင်းများကို ကုသရန်အတွက် ကိုယ်ဝန်ဆောင် မိခင်လောင်းများ သုံးစွဲလေ့ရှိသည့် ဆေးတစ်မျိုးဖြစ်သည်။

သို့ရာတွင် ပြီးခဲ့သည့်နှစ်များအတွင်း ပြုလုပ်ခဲ့သော သုတေသနလေ့လာချက်များအရ Paracetamol သုံးစွဲမှုသည် မွေးဖွားလာသည့် ကလေးများ၌ အော်တစ်ဇင်ရောဂါဖြစ်နိုင်ခြေနှင့် ADHD ရောဂါဖြစ်နိုင်ခြေများ မြင့်တက်လာနိုင်ကြောင်း၊ ၎င်းဆေးကြောင့် အော်တစ်ဇင်နှင့် ADHD ဖြစ်နိုင်ခြေများ အနည်းငယ်မျှ မြင့်တက်လာခဲ့လျှင် ကမ္ဘာ့ပြည်သူများအတွက် ကျန်းမာရေးပြဿနာကြီးတစ်ရပ် ဖြစ်လာနိုင်ကြောင်း အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**






# US Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ဂျိုကိုဗစ်က တီယန်ကိုအနိုင်ရရှိ

**နယူးယောက် ဩဂုတ် ၂၅**

အမေရိကန်နိုင်ငံနယူးယောက်မြို့တွင်ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်သည် အမေရိကန်တင်းနစ်ကစားသမား တီယန်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဂျိုကိုဗစ်က (၆-၁၊ ၇-၆၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

US Open တင်းနစ်ပြိုင်ပွဲသည် တင်းနစ်ရာသီတစ်ခု၏ နောက်ဆုံးသော ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲအမျိုးအစား ဖြစ်သည့်အတွက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲသည် Best of Five ကစားရခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်ပြီး တတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ထပ်မံအနိုင်ရခဲ့ပြီးနောက် ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ကစားသမားဘဝ သက်တမ်းတစ်လျှောက် အဓိကဆုဖလားဖြစ်သည့် ဂရန်းစလန်းဆုဖလား ၂၄ လုံးအထိ ဆွတ်ခူးထားသည့် ဂျိုကိုဗစ်သည် ၂၅ လုံးမြောက် ဂရန်းစလန်းဆုဖလားအား ဆွတ်ခူးနိုင်ရေးကို အဓိက ပစ်မှတ်ထားနေသူလည်းဖြစ်သည်။

ဂျိုကိုဗစ်သည် ဂရန်းစလန်းဆုဖလား ၂၅ လုံးဆွတ်ခူးနိုင်ပါက တင်းနစ်လောကတွင် ဂရန်းစလန်းဆုဖလားအများဆုံး ဆွတ်ခူးထားသည့် ကစားသမားအဖြစ်မှတ်တမ်းဝင်မည်ဖြစ်ပြီး ယခုနှစ် တင်းနစ်ရာသီ၏ နောက်ဆုံးသော ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ပစ်မှတ်ထားလာခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**




# ဆာကာနှင့် အိုဒီဂတ်တို့၏ ဒဏ်ရာအခြေအနေ ပြင်းထန်မှုမရှိကြောင်း နည်းပြအာတီတာပြောကြား




**လန်ဒန် ဩဂုတ် ၂၅**

ပြီးခဲ့သည့် စနေနေ့က ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် လိဒ်ယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် အာဆင်နယ်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း အဓိက ကစားသမားများဖြစ်သည့် အိုဒီဂတ်နှင့် ဆာကာတို့ ဒဏ်ရာကြောင့် လူစားလဲခဲ့ရပြီး ကနဦး စကန်ဖတ်စစ်ဆေးမှုတွင် ဒဏ်ရာပြင်းထန်မှုမရှိကြောင်း နည်းပြအာတီတာကပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် ကွင်းလယ်တိုက်စစ်ကစားသမား အိုဒီဂတ်သည် ပွဲကစားချိန် ၁၄ မိနစ်အရောက်တွင် လိဒ်ယူနိုက်အသင်းကစားသမားနှင့် ထိခိုက်မိခဲ့သဖြင့် ပခုံးဒဏ်ရာ ရရှိခဲ့ပြီးနောက် အသင်းဖော်ကစားသမား နဝမ်နာရီနှင့် လူစားလဲခဲ့ရကာ တောင်ပံကစားသမား ဆာကာသည်လည်း ပွဲကစားချိန် ၅၃ မိနစ်အရောက်တွင် တံကောက်ကြော ဒဏ်ရာရရှိခဲ့သောကြောင့် အသင်းဖော် တိုက်စစ်မှူး ထရိုဆာ့ဒ်နှင့်လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင် ကစားသမား နှစ်ဦးစလုံး၏ဒဏ်ရာကို ကနဦး စကန်ဖတ်စစ်ဆေးမှု ပြုလုပ်ခဲ့ရာတွင် ဒဏ်ရာပြင်းထန်မှုမရှိသော်လည်း တောင်ပံကစားသမား ဆာကာအနေဖြင့်ရက်သတ္တသုံးပတ်သို့မဟုတ် လေးပတ်ခန့် အနားယူရမည်ဖြစ်ပြီး အိုဒီဂတ်အနေဖြင့် ရက်သတ္တပတ်ခန့်သာ အနားယူရမည်ဖြစ်သော်လည်း လာမည့် ရက်ပိုင်းအတွင်း ထပ်မံစစ်ဆေးမှုများပြုလုပ်ရမည်ဖြစ်သောကြောင့် ကစားသမားနှစ်ဦးစလုံးအနေဖြင့် လာမည့်ရက်သတ္တပတ်တွင် ကစားရမည့် လီဗာပူးအသင်းနှင့် ပွဲစဉ်ကို လွဲချော်ရန် သေချာလျက်ရှိသည်။

အာဆင်နယ် အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံဆုကို စိန်ခေါ်နိုင်စွမ်းရှိခဲ့သော်လည်း ဆာကာအနေဖြင့် ၂၀၂၄ ဒီဇင်ဘာလတွင် တံကောက်ကြော ဒဏ်ရာကြောင့် သုံးလကျော် အနားယူခဲ့ရသည့်အပြင် အိုဒီဂတ်သည်လည်း ၂၀၂၄ စက်တင်ဘာလမှစတင်ကာ ပြိုင်ပွဲစုံ ၁၂ ပွဲထိ လွဲချော်ခဲ့သောကြောင့် အသင်းအနေဖြင့် ရှုံးကန်ခဲ့ရကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : ML**

# ကွင်းလယ်တိုက်စစ်ကစားသမား နီကိုပက်ဇ်ကိုခေါ်ယူရန် စပါးအသင်းကမ်းလှမ်းမှု ကိုမိုအသင်း ထပ်မံငြင်းပယ်

**လန်ဒန် ဩဂုတ် ၂၅**

စပါးအသင်းနည်းပြ ဖရန့်သည် အသင်းကွင်းလယ် တိုက်စစ်မှူ ကူလူဆက်စကီးနှင့် မက်ဒီဆင်တို့ကို ဒဏ်ရာကြောင့် ကာလရှည် လက်လွှတ်ရမည်ဖြစ်သောကြောင့် ကွင်းလယ်ပိုင်းအတွက် ကိုမိုအသင်းမှ ခြေစွမ်းပြကစားသမား နီကိုပက်ဇ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ငြင်းပယ်ခံရကြောင်း သိရသည်။

စပါးအသင်းသည် နီကိုပက်ဇ်အတွက် ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ဖြင့် ကမ်းလှမ်းခဲ့ရာ ကိုမိုအသင်းက ငြင်းပယ်ခဲ့သည့်အတွက် ပြောင်းရွှေ့ကြေးတိုးမြှင့်၍ စတာလင်ပေါင် သန်း ၆၀ ဖြင့် ထပ်မံကမ်းလှမ်းခဲ့ချိန်တွင်လည်း ငြင်းပယ်ခြင်းခံရသည်။

နည်းပြဖရန့်အနေဖြင့် နွေရာသီအပြောင်းအရွှေ့ စတင်ချိန်ကတည်းက ကွင်းလယ်တိုက်စစ်ပိုင်းအတွက် နော့်တင်ဟမ်အသင်းကစားသမား ဂစ်ဗ်ဂိုက်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ အောင်မြင်မှုမရခဲ့သဖြင့် ပဲလေ့စ်အသင်းမှ အက်ဇီကို ထပ်မံခေါ်ယူခဲ့ချိန်တွင် ကစားသမားနှင့် သဘောတူညီမှုရယူနိုင်ခဲ့သော်လည်း မြို့ခံပြိုင်ဘက် အာဆင်နယ်အသင်းကကြားဖြတ်ခေါ်ယူခဲ့သောကြောင့် ကိုမိုအသင်းကစားသမား နီကိုပက်ဇ်ကိုသာ နောက်ဆုံးပစ်မှတ်ထားခဲ့ကြောင်း သိရသည်။

ကိုမိုအသင်းအနေဖြင့် အသက် ၂၀ ရှိ လူငယ်ကစားသမားကို ရောင်းချရန် ဝန်လေးနေပြီး ကစားသမား ကိုယ်တိုင်ကလည်း အသင်းတွင် ဆက်လက်ကစား၍ လာမည့်နွေရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း သိရသည်။

**Ref : Football Italia**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ❑ ဘာစီလိုနာအသင်းက ဂိုးသမားပီနာ၊ ခံစစ်ကစားသမား ဟက်တာဖို့ဒ်၊ ရိုမီယူတို့ကိုရောင်းချရန် စီစဉ်ထားသော်လည်း အပြောင်းအရွှေ့ကြန့်ကြာနေသဖြင့် အသင်းမှ ဂိုးသမား ဆက်ဇနီ၊ ဂျာရတ်မာတင်နှင့် ရွန်နီဘာချီတို့ကို ကစားသမား မှတ်ပုံတင်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။
- ❑ ချန်ပီယံလိဂ် မဲခွဲပွဲစဉ်ကို လာမည့် ဩဂုတ် ၂၈ ရက်တွင် ကျင်းပမည်ဖြစ်သော်လည်း မဲအိုးနံပါတ်သတ်မှတ်ချက်တွင် ဥရောပထိပ်သီးကလပ်များဖြစ်သည့် ရီးရဲလ်မက်ဒရစ်၊ မန်စီးတီး၊ ဘိုင်ယန်မြူးနစ်၊ လီဗာပူး၊ ပီအက်စ်ဂျီ၊ အင်တာမီလန်၊ ချဲလ်ဆီး၊ ဒေါ့မွန် နှင့် ဘာစီလိုနာအသင်းတို့ ပါဝင်ခဲ့သော်လည်း ပရီးမီးယားလိဂ်ထိပ်သီးကလပ် အာဆင်နယ်အသင်းအနေဖြင့် မဲအိုးနံပါတ်(၂)တွင်သာ ကျရောက်ခဲ့ကြောင်း သိရသည်။
- ❑ မန်ယူအသင်းက ဖူလ်ဟမ်အသင်းကို သရေရလဒ်သာ ကစားနိုင်ခဲ့ပြီးနောက် နည်းပြအာမိုရင်သည် အသင်းကိုတာဝန်ယူခဲ့သည့် ပြိုင်ပွဲစုံ ၄၄ ပွဲတွင် ၁၆ ပွဲသာ နိုင်ပွဲရခဲ့သဖြင့် နိုင်ပွဲ ၃၆ ရာခိုင်နှုန်းသာရှိခဲ့ပြီးနောက် ၁၉၃၁ ခုနှစ်က နည်းပြ ဘမ်းလက်စ်၏ နိုင်ပွဲရရှိမှု ၃၁ ရာခိုင်နှုန်းပြီးပါက ရလဒ်အဆိုးရွားဆုံး နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**ML**

# ဂိုးသမား ဒွန်နာရမ်မာကို ခေါ်ယူရန် မန်စီးတီးအသင်း သဘောတူညီမှုရရှိခဲ့ဟုဆို

**မန်ချက်စတာ ဩဂုတ် ၂၅**

မန်စီးတီး အသင်းသည် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသည့် ဂိုးသမား ဒွန်နာရမ်မာကို ခေါ်ယူရန် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဆွေးနွေးမှု စတင်ပြုလုပ်ခဲ့ရာ လက်ရှိတွင် ကလပ်အသင်း နှစ်ခုကြား ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့သည်။

မန်စီးတီးအသင်းနှင့်ပီအက်စ်ဂျီအသင်းတို့ကြား သဘောတူညီချက်တွင် ဒွန်နာရမ်မာအတွက် ကနဦးပြောင်းရွှေ့ကြေးကို ယူရို သန်း ၅၀ ဖြင့် ရောင်းချမည်ဖြစ်ပြီး ကစားသမား၏ လုပ်ခလစာနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အသင်းအနေဖြင့် နွေရာသီအပြောင်းအရွှေ့ နောက်ဆုံးရက်သတ္တပတ်တွင် အသင်းမှဦးစားပေး ဂိုးသမား အီဒါဆန်ကို ရောင်းချသွားမည်ဖြစ်သောကြောင့် ပြီးခဲ့သည့် ပရီးမီးယားလိဂ် ပွဲစဉ်နှစ်ပွဲတွင်လည်း အီဒါဆန်ကို အသုံးမပြုတော့ဘဲ အသစ်ခေါ်ယူထားသည့် ဂိုးသမား ထရက်ဖို့ဒ်နှင့် ပွဲထွက်ခဲ့ကြောင်းသိရသည်။

အသက် ၂၆ နှစ်ရှိ ဂိုးသမား ဒွန်နာရမ်မာသည် ၂၀၂၁ ခုနှစ်က စီးရီးအေကလပ် အေစီမီလန်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပထမဆုံး ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၄ ပွဲသာ ပါဝင်ခွင့်ရခဲ့သော်လည်း ဒုတိယဘောလုံးရာသီမှ စတင်ကာ အဓိက ဂိုးသမားဖြစ်လာခဲ့ပြီး ပီအက်စ်ဂျီအသင်းကို အဓိက ဆုဖလားများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။




သို့သော် ပီအက်စ်ဂျီအသင်းသည် ကစားသမားကို စာချုပ်သက်တမ်းတိုးရာတွင် လုပ်ခလစာ တိုးမြှင့်ပေးခြင်းမရှိသဖြင့် ဒွန်နာရမ်မာက အသင်းမှထွက်ခွာရန်ပြောကြားခဲ့ပြီး ပီအက်စ်ဂျီအသင်းကလည်း ဒွန်နာရမ်မာကို ပထမအသင်းလူစာရင်းမှ ထုတ်ပယ်၍ရောင်းချရန် ဆုံးဖြတ်ခဲ့ရာ မန်စီးတီးအသင်းက လက်ဦးမှုရယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# မလေးရှားကလပ်ကီလန်တန်အသင်းသို့ ပြောင်းရွှေ့ကစားမည့် ဟိန်းထက်အောင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် စာချုပ်ဖျက်သိမ်း




ရန်ကုန် ဩဂုတ် ၂၅

မလေးရှားကလပ်ကီလန်တန်အသင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် ရန်ကုန်ယူနိုက်တက်အသင်းနှင့်ကွင်းလယ်ကစားသမား ဟိန်းထက်အောင်တို့ နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ကြောင်း သိရသည်။

ဟိန်းထက်အောင်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းတစ်သင်းဖြစ်သည့် ဟံသာဝတီယူနိုက်တက်အသင်းနှင့် စတင်ခဲ့သူဖြစ်သည်။

ဟိန်းထက်အောင်သည် ဟံသာဝတီယူနိုက်တက် အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီးနောက် မလေးရှားထိပ်တန်းကလပ် ဆီလန်ဂေါအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ပြည်ပသို့စတင်ထွက်ခွာကစားခဲ့ကာ မလေးရှားစူပါလိဂ်တွင် ပထမဆုံးကစားခဲ့သည့် မြန်မာကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

ဟိန်းထက်အောင်သည် မလေးရှားစူပါလိဂ်တွင် နှစ်အတန်ကြာ ကစားခဲ့ပြီးနောက် ရန်ကုန်ယူနိုက်တက်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်ပြီး အသင်းနှင့် စာချုပ် ချုပ်ဆိုထားသည်မှာ လပိုင်းသာ ရှိသေးသော်လည်း ရန်ကုန်ယူနိုက်တက် အသင်းက ကစားသမား၏အနာဂတ်အတွက် အခွင့်အလမ်းကောင်းများ ပိုမိုရရှိနိုင်ရန် စာချုပ်ဖျက်သိမ်းပြီး အသင်းပြောင်းရွှေ့ခွင့် ပေးခဲ့ခြင်းဖြစ်သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ကီလန်တန် အသင်းကလည်း ဟိန်းထက်အောင်အနေဖြင့် မလေးရှားစူပါလိဂ်ပြိုင်ပွဲတွင် နှစ်အတန်ကြာကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်သည့်အတွက် ခေါ်ယူရန်ကမ်းလှမ်းခဲ့ပြီး မကြာမီစာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# သံသယဖြစ်ဖွယ်နဖူးစည်းကြောင့် အက်ဖ်အေက ပဲလေ့စ်အသင်းကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည်

လန်ဒန် ဩဂုတ် ၂၅

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ကစားခဲ့သည့် ပဲလေ့စ်အသင်းနှင့် နော်တင်ဟမ်အသင်းတို့ပွဲစဉ်တွင် ပဲလေ့စ်အသင်းပရိသတ်များက ပွဲကြည့်စင်အတွင်း တပ်ဆင်ခဲ့သည့် သံသယဖြစ်ဖွယ် နဖူးစည်းကြောင့် အက်ဖ်အေက စွဲချက်တင်ကာ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲလေ့စ်အသင်းနှင့် နော်တင်ဟမ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပဲလေ့စ်အသင်းပရိသတ်များက ပွဲကြည့်စင်ထက်တွင် နော်တင်ဟမ်အသင်းပိုင်ရှင် မာရီနာကစ်က နော်တင်ဟမ်အသင်း ကွင်းလယ်ကစားသမား ဂစ်ဗိုက်၏ နဖူးကိုသေနတ်ဖြင့် ချိန်ရွယ်ထားသည့်ပုံနှင့်အတူ သံသယဖြစ်ဖွယ်စာသားများပါ နဖူးစည်းကို ချိတ်ဆွဲပြသခဲ့ကြခြင်းဖြစ်သည်။

ပဲလေ့စ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အက်ဖ်အေဖလားချန်ပီယံဆုရရှိခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိခဲ့သော်လည်း ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရပြီး ကွန်ဖရန့်လိဂ်ဆင်းကစားစေရန် ပြစ်ဒဏ်သတ်မှတ်ခံခဲ့ရကာ ပဲလေ့စ်အသင်းအစား နော်တင်ဟမ်အသင်းက ယူရိုပါလိဂ် ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ပဲလေ့စ်အသင်း ပရိသတ်များက မကျေနပ်ခဲ့သည့်အတွက် နော်တင်ဟမ်အသင်းနှင့်ပွဲစဉ်တွင် သံသယဖြစ်ဖွယ် နဖူးစည်းဖြင့် ထပ်မံဆန္ဒပြမှု လုပ်ဆောင်ခဲ့သော်လည်း အက်ဖ်အေက စည်းမျဉ်းနှင့် မကိုက်ညီသည့်အတွက် အဆိုပါဖြစ်ရပ်ကို စွဲချက်တင်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

နော်တင်ဟမ်အသင်းက အဆိုပါဖြစ်ရပ်အတွက် သံသယဖြစ်ဖွယ် နဖူးစည်းကို ကွင်းအတွင်း သယ်ဆောင်ခွင့်ပြုခဲ့သည့်အတွက် စိတ်ပျက်မိသည်ဟု ထုတ်ပြန်ကြေညာခဲ့ပြီး ပဲလေ့စ်အသင်းအနေဖြင့် ပရိသတ်များအား ထိန်းသိမ်းပုံအားနည်းခြင်းကြောင့် အရေးယူခံရဖွယ် ရှိနေကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဖလက်ဝုဒ်ဆွတ်ခူး

အတ္တလန်တာ ဩဂုတ် ၂၅

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့တွင် ကျင်းပခဲ့သည့် Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမားဖလက်ဝုဒ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ကန်တလေနှင့် ဟန်လေတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားများပင်ဖြစ်ကြသည့် ကင်မရှန်းယန်း၊ စကော့တီရှက်ဖလာနှင့် ကနေဒါဂေါက်သီးရိုက်ကစားသမား ကွန်နာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ဖလက်ဝုဒ်အတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ် PGA Tour ဆုဖလားနှင့် FedEx Cup ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာသည် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သလို ပြိုင်ပွဲလေးရက်တာ ကာလအတွင်း စွမ်းဆောင်ရည်ပိုင်း တည်ငြိမ်ခဲ့သော်လည်း သိသိသာသာကောင်းမွန်ခဲ့ခြင်း မဟုတ်သည့်အတွက် နောက်ဆုံးနေ့တွင် အကောင်းဆုံးစွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့သည့် ဖလက်ဝုဒ်က ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည်။

FedEx Cup ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်း ကြောင့်လည်း ဖလက်ဝုဒ်သည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၀ သန်းထိ ခံစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ချန်ပီယံလိဂ်ခြေစစ်ပွဲ နောက်ဆုံးအဆင့် (ဒု-ကျော့)ပွဲကြိုသုံးသပ်ချက်

ML

## ဘင်ဖီကာ Vs ဖီနာဘာချီ

ကစားမည့်ရက်/အချိန် ၂၈-၈-၂၀၂၅ (နံနက် ၀၁း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဖီနာဘာချီ ၀ - ၀ ဘင်ဖီကာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘင်ဖီကာ | - | ဝေး(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |
| ဖီနာဘာချီ | - | ဝေး(သရေ) | အိမ်(သရေ) | အိမ်(နိုင်) |

ဖီနာဘာချီအသင်းဟာ ပထမအကျော့တွေ့ဆုံမှုမှာ ဘင်ဖီကာအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ကစားနိုင်ပေမဲ့ ဂိုးမရခဲ့သလို လက်ရှိအခြေအနေကွင်း ခံစစ်ပိုင်းလဲ ကျဆင်းနေပါတယ်။ ဘင်ဖီကာအသင်းကတော့ အိမ်ကွင်းတိုက်စစ်အားကောင်းပြီး ခံစစ်ကစားပုံတည်ငြိမ်နေတာကြောင့် ဖီနာဘာချီကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာပါ။ ဒါကြောင့် အိမ်ရှင်ဘင်ဖီကာအသင်းပဲ နောက်တစ်ဆင့်တက်ရောက်နိုင်မှာပါ။

ခန့်မှန်းရလဒ် - ဘင်ဖီကာ ၂ - ၁ ဖီနာဘာချီ

## ကိုပင်ဟေဂင် Vs ဘေဆယ်

ကစားမည့်ရက်/အချိန် ၂၈-၈-၂၀၂၅ (နံနက် ၀၁း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘေဆယ် ၁ - ၁ ကိုပင်ဟေဂင်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ကိုပင်ဟေဂင် | - | ဝေး(နိုင်) | ဝေး(သရေ) | အိမ်(သရေ) |
| ဘေဆယ် | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(သရေ) |

ကိုပင်ဟေဂင်ဟာ ပထမအကျော့အဝေးကွင်းမှာ ဘေဆယ်ကို အပြန်အလှန်ဖိအားပေးနိုင်ခဲ့သလို အပိုင်အခွင့်အရေးတစ်ကြိမ်မှာ တစ်ဂိုးရခဲ့တာကိုကြည့်ရင် အဆုံးသတ်အားကောင်းတာကို တွေ့ရမှာပါ။ ဘေဆယ်ကတော့ အိမ်ရှင်အားသာချက်နဲ့ ပွဲချိန်ပြည့်ဖိအားပေးခဲ့ပေမဲ့ ကစားပုံကြမ်းခဲ့တာကြောင့် ပြစ်ဒဏ်ကျူးလွန်မှုတွေများခဲ့ပြီး တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ နှစ်သင်းစလုံးစုဖွဲ့မှုနဲ့ကြည့်ရင်လဲ အိမ်ရှင်ကိုပင်ဟေဂင်က သာလွန်နေသလို အခုခြေစစ်ပွဲ အိမ်ကွင်းတွေမှာလဲ ပြိုင်ဘက်တွေကို ဂိုးပြတ်နိုင်ပွဲရခဲ့တာကြောင့် အိမ်ရှင်ပဲရလဒ်ကောင်းမှာပါ။

ခန့်မှန်းရလဒ် - ကိုပင်ဟေဂင် ၁ - ၀ ဘေဆယ်

# WBC မီနီဖလိုင်းဝိတ်တန်းချန်ပီယံ ဂျေရုစလင် စီယာကိုလ်ဝါနှင့် ထိုးသတ်မည်

မနီလာ ဩဂုတ် ၂၅

WBC မီနီဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဖိလစ်ပိုင်လက်ဝှေ့သမားဂျေရုစလင်သည် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ တောင်အာဖရိကလက်ဝှေ့သမား စီယာကိုလ်ဝါနှင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ လာမည့် အောက်တိုဘာလတွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း WBC အဖွဲ့ချုပ်က ယနေ့တွင် အတည်ပြုခဲ့သည်။

ဂျေရုစလင်အနေဖြင့် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ကို တတိယမြောက်အကြိမ်အဖြစ် ကာကွယ်ထိုးသတ်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် တစ်ကြိမ်၊ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်တွင် တစ်ကြိမ် အောင်မြင်စွာကာကွယ်ထိုးသတ်ထားနိုင်သူဖြစ်သည်။

ဂျေရုစလင်သည် အတွေ့အကြုံများသည့် လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး စိန်ခေါ်သူ စီယာကိုလ်ဝါသည် စိန်ခေါ်ပွဲ ၁၂ ပွဲသာ ထိုးသတ်ထားဖူးသူဖြစ်သည်။

စီယာကိုလ်ဝါအတွက် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့ပြီး နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ထိုးသတ်ခွင့်ရလာခဲ့ခြင်းဖြစ်သည်။

စီယာကိုလ်ဝါသည် နောက်ဆုံးထိုးသတ်ခဲ့သော စိန်ခေါ်ပွဲ ခြောက်ပွဲတွင် ခြောက်ပွဲလုံး၌ အနိုင်ရခဲ့သည့်အတွက် ချန်ပီယံအား စိန်ခေါ်ထိုးသတ်ခွင့်ရခဲ့ခြင်းလည်းဖြစ်သည်။

ဂျေရုစလင်က "ဖိလစ်ပိုင်နိုင်ငံ ဖိလစ်ပိုင် ပရိသတ်တွေရှေ့မှာ လက်ရှိချန်ပီယံကို ကာကွယ်ထိုးသတ်ခွင့်ရတော့မှာဖြစ်ပါတယ်။ ကျွန်တော့်အတွက် တတိယမြောက် ကမ္ဘာ့ချန်ပီယံကိုကာကွယ်ထိုးသတ်သွားရမဲ့ပွဲစဉ်ဖြစ်ပါတယ်။အကောင်းဆုံးပြင်ဆင်လေ့ကျင့်မှုတွေပြုလုပ်နေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ Ref : DAZN

Trs : AZL

# အိုင်အိုဒင်းဓာတ်ပြည့်ဝခြင်းနှင့် ကျန်းမာသက်ရှည်ခြင်း

ကျန်းမာရေးဝန်ကြီးဌာနသည် မိခင်နှင့်ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးအတွက် အမျိုးသားရေးအသွင်ဖြင့် ဖော်ဆောင်လျက်ရှိရာ နှစ်စဉ်ဩဂုတ်လစတုတ္ထပတ်ကာလကို အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ထားရှိသည်။ အိုင်အိုဒင်းဓာတ်သည် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအတွက်အရေးပါသည့် ဓာတ်တစ်မျိုးဖြစ်သည်။ စင်စစ်အားဖြင့် အာဟာရဖွံ့ဖြိုးရေးသည် မိခင်နှင့် ကလေးများကျန်းမာရေးအတွက် လွန်စွာအရေး ပါလျက်ရှိသည်။ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာစေရေးနှင့်စပ်လျဉ်း၍ မိခင်နှင့်ကလေးသူငယ်များ၏ ကျန်းမာရေးကို ဦးစားပေးဆောင်ရွက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော လူသားအရင်း အမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာမည်ဖြစ်သည်။

**အားလုံးအတွက် အိုင်အိုဒင်း**

အိုင်အိုဒင်းဆားသည် နေအိမ်များတွင် စားနေကျအိမ်သုံးဆားနှင့်မတူဘဲ အိုင်အိုဒင်းဓာတ်ဖြည့်စွက်ထားသော ဆားတစ်မျိုးဖြစ်သည်။ သက်စောင့်ဓာတ်၊ သို့မဟုတ် သတ္တုဓာတ်တစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်အတွက်လိုအပ်သော အိုင်အိုဒင်း ၇၅ ရာခိုင်နှုန်းကို သိုင်းရွိုက်ဂလင်းတွင် သိုလှောင်ထားလေ့ရှိသဖြင့် သိုင်းရွိုက်ဂလင်းနှင့် သိုင်းရွိုက်ဆဲလ်များဖြစ်တည်မှုအတွက် လွန်စွာအသုံးဝင်သည်။ မိခင်လောင်းများသည် ကလေးပဋိသန္ဓေရှိချိန်မှစ၍ အိုင်အိုဒင်းဆားကို သင့်တင့်မျှတစွာ စားသုံးရန်လိုအပ်သည်။ အိုင်အိုဒင်းဆားမှီဝဲခြင်းသည် မိခင်သာမက ရင်သွေးငယ်အတွက်ပါ အာဟာရဖွံ့ဖြိုးစေမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အိုင်အိုဒင်းချို့တဲ့သူပေါင်း သန်း ၂၀၀၀ ခန့်ရှိပြီး အရွယ်ရောက်ပြီးသူအတွက် နေ့စဉ် အိုင်အိုဒင်းဓာတ် ၁၅၀ မိုက်ကရိုဂရမ်လိုအပ်ပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် နေ့စဉ် ၂၂၀ မှ ၂၉၀ မိုက်ကရိုဂရမ်လိုအပ်သည်။ ကလေးငယ်များပုံမှန်ကြီးထွားရေး၊ ဉာဏ်ရည်ထက်မြက်ရေးနှင့် အရွယ်ရောက်သူအားလုံး ကျန်းမာရေးအတွက် အိုင်အိုဒင်းဆားကို မျှတစွာစားသုံးသင့်သည်။

**အိုင်အိုဒင်းချို့တဲ့လျှင်**

အိုင်အိုဒင်းချို့တဲ့မှုကြောင့် ကမ္ဘာပေါ်ရှိ ငါးနှစ်အောက်ကလေးငယ်များတွင် ဦးနှောက်ချို့တဲ့မှုရောဂါလက္ခဏာများနှင့်ကြုံတွေ့နေရသည်။ ဉာဏ်ရည်နိမ့်ကျသော ဦးနှောက်ကျပ်မပြည့်သည့် ကလေးသူငယ်များကို တွေ့ဖူးကြမည်ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက သားပျက်၊ သားလျှော အခြေအနေများနှင့် ကြုံတွေ့နိုင်သည်။

ထို့ပြင် အိုင်အိုဒင်းချို့တဲ့မှုရောဂါသည် နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နေသည့် အာဟာရပြဿနာတစ်ရပ်ဖြစ်သည်။ အိုင်အိုဒင်းချို့တဲ့ပါက သားပျက်၊ သားလျှောခြင်း၊ ပေါင်မပြည့်၊ လမစေ့ကလေးမွေးခြင်း၊ ကလေးအသေမွေးခြင်းတို့ဖြစ်တတ်ပြီး ကလေးငယ်များစံချိန်မီမကြီးထွားနိုင်ဘဲ သေးကွေးပုညက်ခြင်း၊ မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့ခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှေးကွေးခြင်းစသော နောက်ဆက်တွဲဆိုးကျိုးများကို ခံစားရနိုင်သည်။

လူ့ခန္ဓာကိုယ်၌ Thyroid-Stimulating Hormone (TSH)၏ စေ့ဆော်မှုကို ရရှိသည့်အချိန်တွင် သိုင်းရွိုက်ဂလင်းက သိုင်းရွိုက်ဟော်မုန်းလေးများကို စတင်ထုတ်လုပ်ပေးသည်။ ထိုလုပ်ဆောင်ချက်များ ဟန်ချက်ညီနေစေရန် အိုင်အိုဒင်းဓာတ်လိုအပ်ပေသည်။ ခန္ဓာကိုယ်၌ အိုင်အိုဒင်းဓာတ်နည်းသည့်အချိန်တွင် ထိုလုပ်ဆောင်မှုများကို ကောင်းကောင်းမလုပ်ဆောင်နိုင်တော့ဘဲ ဆဲလ်များကို ပုံမှန်မဟုတ်သည့် ကြီးထွားမှုဖြစ်ပေါ်စေပြီး လည်ပင်းကြီးမှုများဖြစ်လာစေနိုင်သည်။

ကိုယ်အလေးချိန် တက်လာခြင်းသည်လည်း အိုင်အိုဒင်းဓာတ်ချို့တဲ့မှု လက္ခဏာတစ်ရပ်ပင်ဖြစ်သည်။ သိုင်းရွိုက်ဟော်မုန်းများ ထုတ်လုပ်ရန် အိုင်အိုဒင်းဓာတ်အလုံအလောက်မရရှိသည့် အချိန်တွင် ကိုယ်အလေးချိန် အဆမတန်တိုးလာနိုင်သည်။ သိုင်းရွိုက်ဟော်မုန်းများသည် ကိုယ်တွင်းဇီဝကမ္မဖြစ်စဉ်များ အကောင်းဆုံးလည်ပတ်နိုင်အောင် ထောက်ပံ့ပေးသောကြောင့် ခန္ဓာကိုယ်အလေးချိန်ကို




ထိန်းထားနိုင်သည်။ ထို့ပြင် ခန္ဓာကိုယ်တွင်း အိုင်အိုဒင်းဓာတ်ပမာဏ မလုံလောက်သည့် အချိန်တွင် ခြေကုန်လက်ပန်းကျခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊အားမရှိသလိုခံစားရခြင်းများဖြစ်ပေါ်လာနိုင်ပေသည်။ ထို့ပြင် အိုင်အိုဒင်းချို့တဲ့လျှင် သင်ယူနိုင်စွမ်းနှင့်မှတ်ဉာဏ်စွမ်းအား ကျဆင်းလာခြင်း၊ ဆံပင်များအဆမတန်ကျွတ်ခြင်း၊ အအေးဒဏ်မခံနိုင်ခြင်း၊ ဓမ္မတာမမှန်ခြင်း၊ အသားရေများခြောက်သွေ့လာခြင်းတို့ဖြစ်တတ်သည်။

**အိုင်အိုဒင်းကြွယ်ဝသော အစားအစာများ**

ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်နေရန်အတွက် ဗီတာမင်နှင့် သတ္တုဓာတ်များ ပြည့်ဝရန်လိုအပ်သည်။ အိုင်အိုဒင်းဓာတ်သည်လည်း ခန္ဓာကိုယ်အတွက် အရေးပါသော သတ္တုဓာတ်တစ်မျိုးပင်ဖြစ်သည်။ အိုင်အိုဒင်းဓာတ်ကြွယ်ဝစေသည့် အစားအစာများမှာ ရေညှိ၊ အိုင်အိုဒင်းဆား၊ နို့ထွက်ပစ္စည်း၊ ပုစွန်၊ ဥအမျိုးမျိုး၊ တူနာငါးတို့ဖြစ်သည်။

**ရေညှိ**

ရေညှိတွင် ဓာတ်တိုးဆန့်ကျင် အာနိသင်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်နေပြီး ကယ်လိုရီပါဝင်မှုနည်းသောကြောင့် ကျန်းမာရေးနှင့်ညီညွတ်သကဲ့သို့ အိုင်အိုဒင်းဓာတ်လည်းကြွယ်ဝစွာပါဝင်နေသည်။ ထို့ကြောင့် ရေညှိတွင် အိုင်အိုဒင်းဓာတ်ကြွယ်ဝစွာပါဝင်နေသဖြင့် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်များကို အကောင်းဆုံးလုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

**နို့ထွက်ပစ္စည်း**

နို့ထွက်ပစ္စည်းများသည် အိုင်အိုဒင်းဓာတ်ကြွယ်ဝစွာပါဝင်နေသည့် အစားအသောက်အရင်းအမြစ်များပင်ဖြစ်သည်။ ထို့ကြောင့် ခန္ဓာကိုယ်၌ အိုင်အိုဒင်းဓာတ်ကြွယ်ဝနေစေရန်အတွက် တစ်နေ့ကို နို့တစ်ခွက်သောက်ပေးသင့်သည်။ ဒိန်ချဉ်၊ ချိစ်နှင့်အခြားသော နို့ထွက်ပစ္စည်းများတွင်လည်း အိုင်အိုဒင်းဓာတ်ကြွယ်ဝစွာ ပါဝင်သည်။

**အိုင်အိုဒင်းဆား**

အိုင်အိုဒင်းဓာတ်ဖြည့်စွက်ထားသည့် အိုင်အိုဒင်းဆားသည် သိုင်းရွိုက်ဂလင်းကို အကောင်းဆုံးလုပ်ဆောင်နိုင်စေရန် အားဖြည့်ပေးသည့် အိုင်အိုဒင်းဓာတ်ကို အပြည့်အဝရရှိစေသည်။ ထို့ကြောင့် တစ်နေ့တာစားသုံးသည့် အစားအစာများထဲတွင် အိုင်အိုဒင်းဆားကို စားပွဲတင်ဇွန်းလေးပုံတစ်ပုံလောက် ပါဝင်အောင်စားသုံးပေးသင့်သည်။

**ပုစွန်**

ပုစွန်သည် ကယ်လိုရီပါဝင်မှုနည်းပြီး ပရိုတင်းဓာတ်ကြွယ်ဝသည့် ပင်လယ်စာတစ်မျိုးဖြစ်သည်။ ပုစွန်သည် အိုင်အိုဒင်းဓာတ်ကြွယ်ဝသည့် အစားအစာတစ်မျိုးဖြစ်သည်။ ပုစွန်က ဗီတာမင် B12၊ ဆီလီနီယမ်၊ ဖော့စဖရိတ်တို့ကို အကောင်းဆုံးဖြည့်တင်းပေးနိုင်သည်။

**တူနာငါး**

တူနာငါးသည် ကယ်လိုရီနည်းပြီး အိုင်အိုဒင်းဓာတ်နှင့် ပရိုတင်းဓာတ်ကြွယ်ဝသည့် ပင်လယ်ငါးတစ်မျိုးဖြစ်သည်။ ထိုအာဟာရဓာတ်များအပြင် ပိုတက်ဆီယမ်၊ သံဓာတ်၊ ဗီတာမင် B အုပ်စုများလည်းပါဝင်သည်။ ထို့ပြင် အဆီပါဝင်မှုနည်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာတစ်ခုပင်ဖြစ်သည်။

**ဥအမျိုးမျိုး**

ဥအမျိုးမျိုးသည် အိုင်အိုဒင်းဓာတ်ကြွယ်ဝသည့် အစားအစာများပင်ဖြစ်သည်။ ကယ်လိုရီပါဝင်မှုနည်းသလိုပရိုတင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အဆီများလည်း ကြွယ်ဝစွာ ပါဝင်နေသည်။ ကြက်ဥအနှစ်တွင် အိုင်အိုဒင်းဓာတ်နှင့်အခြားအရေးပါသော အာဟာရဓာတ်များစွာ ပါဝင်နေသည်။

**တစ်မျိုးသားလုံးသက်ရှည်ကျန်းမာရေး**

နိုင်ငံတော်အစိုးရသည် နိုင်ငံသားအားလုံး သက်ရှည်ကျန်းမာနေစေရန်၊ တိုင်းပြည်နှင့်လူမျိုးအကျိုးကို အားသွန်ခွန်စိုက်ထမ်းဆောင်နိုင်စေရန်၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရေးအတွက် ပြည်သူအားလုံးအတွက် အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်နိုင်ရန် အလေးထား လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့အပြင် ဆားလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ နိုင်ငံတွင်းအိုင်အိုဒင်းဓာတ်ချို့တဲ့ရောဂါများပပျောက်ရန်နှင့် တစ်နိုင်ငံလုံး အိုင်အိုဒင်းဆားစားသုံးရေးအစီအစဉ် (Universal Salt Iodization) ကို ရေရှည်နည်းဗျူဟာအဖြစ်ချမှတ် ကျင့်သုံးအကောင်အထည်ဖော်လျက်ရှိသည်။

**အိုင်အိုဒင်းဓာတ်ပြည့်ဝခြင်းနှင့် သက်ရှည်ကျန်းမာခြင်း**

အိုင်အိုဒင်းဓာတ်သည် သံဓာတ်၊ ထုံးဓာတ်တို့ကဲ့သို့ပင် သတ္တုအာဟာရဓာတ်တစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်ပုံမှန်ကြီးထွားရေး၊ ဦးနှောက်ဖွံ့ဖြိုး၍ဉာဏ်ရည်ထက်မြက်ရေး၊ ခန္ဓာကိုယ်၏ ဇီဝကမ္မလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးတို့အတွက် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာ စားသုံးရန်လိုအပ်သည်။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည် အိုင်အိုဒင်းအာဟာရချို့တဲ့လျှင် ကိုယ်ဝန်ပျက်ကျတတ်သည်။ ကလေးအသေမွေးတတ်သည်။ လမစေ့၊ ပေါင်မပြည့်သော ကလေး၊ ဆွံ့အနားမကြားသော ကလေး၊ ဉာဏ်ရည်နိမ့်သော ကလေး၊ ခြေလက်မသန်စွမ်းသော ကလေးမွေးတတ်သည်။ ကလေးငယ်များ အိုင်အိုဒင်းအာဟာရချို့တဲ့လျှင် ခန္ဓာကိုယ်စံချိန်မီမကြီးထွားနိုင်ဘဲ သေးကွေးပုညက်နေတတ်သည်။ ဉာဏ်ထိုင်းပြီး လည်ပင်းကြီးရောဂါဖြစ်တတ်သည်။ သွက်လက်ဖျတ်လတ်မှုမရှိ၊ ထုံထိုင်းနှေးကွေးနေမည်ဖြစ်သည်။ ထို့ကြောင့် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာ ရရှိရန် အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးရန်လိုအပ်သည်။ သန္ဓေသားဘဝမှစ၍ သက်ကြီးရွယ်အိုဘဝထိ အိုင်အိုဒင်းအာဟာရကို လုံလောက်စွာမှီဝဲသွားရန် လိုအပ်သည်။

စင်စစ်အားဖြင့် ကူးစက်တတ်သောရောဂါများ၊ မကူးစက်တတ်သောရောဂါများကို မဖြစ်ပွားမီကကြိုတင်ကာကွယ်တားဆီးပေးခြင်းဖြင့် ကျန်းမာသော ဘဝများကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ မိခင်နှင့်ကလေးငယ်များ ကိုယ်ခံအားကောင်းမွန်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခြင်းဖြင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာမှုကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

ဆိုရလျှင် ကျန်းမာရေးဝန်ကြီးဌာနသည် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာရေးအတွက် ဩဂုတ်လတွင် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ သတ်မှတ်ကာ အမျိုးသားရေးအသွင်ဖြင့်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ ငါးနှစ်အောက်ကလေးငယ်များနှင့် ကျောင်းသားလူငယ်များသာမက ပြည်သူအားလုံး ကျန်းမာရေးအတွက် မှီဝဲသုံးစွဲရမည့်အာဟာရများကို အပြည့်အဝတိုက်ကျွေးစားသုံးသွားရန် လိုအပ်ပေသည်။ အထူးသဖြင့် ခန္ဓာကိုယ်ပုံမှန်ကြီးထွားရေး၊ ဦးနှောက်ဖွံ့ဖြိုးဉာဏ်ရည်ထက်မြက်ရေး၊ ခန္ဓာကိုယ်ဇီဝကမ္မလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးတို့အတွက် လုံလောက်စွာ စားသုံးရန်လိုအပ်သော အိုင်အိုဒင်းအာဟာရချို့တဲ့မှု မဖြစ်ပေါ်ရေးဆောင်ရွက်ရန် လူထုလှုပ်ရှားမှုအသွင်ဖြင့် မြှင့်တင်ဆောင်ရွက်သွားမည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**(၁) ၃-၈-၂၀၂၄ရက်ထုတ်ကြေးမုံသတင်းစာ။**

**(၂) အိုင်အိုဒင်း ချို့တဲ့နေပြီလား - Hello Sayarwon**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ သဘင်သက်ကြီးပူဇော်ပွဲအတွက် သဘင်ပညာရှင်များက ဖျော်ဖြေရေးယာဉ်များဖြင့် ဖျော်ဖြေသီဆို အလှူခံလျက်ရှိ




ရန်ကုန် ဩဂုတ် ၂၅

လာမည့် စက်တင်ဘာလတွင် ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သဘင်သက်ကြီးပူဇော်ပွဲအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သဘင်ပညာရှင်များက ဖျော်ဖြေရေးယာဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ်အသီးသီးတွင် ဖျော်ဖြေသီဆို အလှူခံလျက်ရှိကြောင်း မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးနေဝင်းက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)က စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သဘင်သက်ကြီးပူဇော်ပွဲကို လာမည့် စက်တင်ဘာလ တတိယပတ်ခန့်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး စာရင်းကောက်ယူမှုအရ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးကန်တော့ခံသဘင်ပညာရှင် ဦးရေ ၁၀၀၀ ကျော်ကို ပူဇော်ကန်တော့ကြမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ သဘင်အစည်းအရုံးဆိုတာကတော့ ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ ဆိုင်း၊ ရာမယဏ၊ ဆပ်ကပ်၊ မျက်လှည့်၊ အိုးစည်၊ လူရွှင်တော် စတဲ့အဖွဲ့တွေပါတာပေါ့ဗျာ။ ဒီနှစ်ကတော့ သဘင်အစည်းအရုံး ရုံးသစ်မှာကျင်းပမှာပါ။ လူအယောက် ၁၀၀၀ ကျော်လောက်ကို ကန်တော့ရမှာဖြစ်လို့ အလှူငွေတွေ လိုအပ်တဲ့အတွက် ဖျော်ဖြေရေးယာဉ်တွေနဲ့ ဖျော်ဖြေပြီးတော့ အလှူငွေတွေ ကောက်ခံနေပါတယ်"ဟု အတွင်းရေးမှူးဦးနေဝင်းက ပြောပြသည်။

မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ သဘင်သက်ကြီးပူဇော်ပွဲကို ၂၀၂၄ ခုနှစ်က ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ်တွင် စတုတ္ထအကြိမ်မြောက်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိမြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) ရုံးသစ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Highlander ရုပ်ရှင်ဇာတ်ကား၌ မင်းသမီးကာရင်ဂျီလန် ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဩဂုတ် ၂၅

Amazon MGM ရုပ်ရှင်ကုမ္ပဏီ၏ Highlander ရုပ်ရှင်ဇာတ်ကား၌ မင်းသမီးကာရင်ဂျီလန် ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဩဂုတ် ၂၄ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Highlander ဇာတ်ကားသစ်တွင် မင်းသမီး ကာရင်ဂျီလန်သည် မင်းသား ဟင်နရီကာဗေး၊ ရပ်ဆဲခရိုး၊ ဒွေဘာတစ္စတာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် Highlander(1986) ရုပ်ရှင်ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Highlander ဇာတ်ကားသစ်ကို ဒါရိုက်တာ ချက်စတာဟဲစကီးက ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို မိုက်ကယ်ဖင့်ချ်က ရေးသားပေးထားသည်။

Highlander ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို လာမည့် စက်တင်ဘာလကုန်ပိုင်းတွင် စတင်ရန် Amazon MGM က စီစဉ်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသစ်ရုံတင်ပြသမည့်အချိန်ကို Amazon MGM က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်း၊ ကော်နီတို့၏ Rock Night Show တေးဂီတဖျော်ဖြေပွဲကို ဇမ္ဗူသီရိမြို့နယ်ရှိ Excellent Bar & Restaurant တွင် ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၂၅

တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်း၊ ကော်နီတို့၏ Rock Night Show တေးဂီတဖျော်ဖြေပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ Excellent Bar & Restaurant ၌ စက်တင်ဘာ ၆ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ကော်နီက ပြောပြ၍ သိရသည်။




အဆိုပါ တေးသံရှင်မျိုးကြီး၊ ဝိုင်ဝိုင်း၊ ကော်နီတို့၏ Rock Night Show တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Iron Cross Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်သွားမည်ဖြစ်ပြီး ဂီတမှူး ချစ်စမ်းမောင်၏ လက်စွမ်းပြဂီတလက်သံများကို နားဆင်ရမည်ဖြစ်ကြောင်း သိရသည်။

"မကော်နဲ့ မောင်လေးမျိုးကြီး၊ ဝိုင်ဝိုင်းတို့နဲ့အတူ နေပြည်တော်က Excellent မှာ စက်တင်ဘာ ၆ ရက်မှာ ရှိမှာပါ။ Iron Cross Band နဲ့အတူ Rock Music အရသာစစ်စစ်တွေကို ချပြဖျော်ဖြေပေးသွားဖို့ ရှိပါတယ်။ ကိုချစ်စမ်းမောင်ရဲ့ ဂီတာလက်စွမ်းကိုလဲ နားဆင်ရမှာပါ။ Rock ဂီတကို အပြည့်အဝခံစားရမဲ့ ညတစ်ညကို အတူတူဖြတ်သန်းကြရအောင် လှမ်းခဲ့ပါ" ဟု တေးသံရှင် ကော်နီက ပြောပြသည်။

တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်း၊ ကော်နီတို့၏ Rock Night Show တေးဂီတဖျော်ဖြေပွဲကို Excellent Bar & Restaurant တွင် စက်တင်ဘာ ၆ ရက် ညနေ ၆ နာရီတွင် စတင် ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# အော်စကာဆုပေးပွဲ နိုင်ငံတကာအကောင်းဆုံး ရုပ်ရှင်ဆုအတွက် Sound of Falling ဇာတ်ကားကို ဂျာမနီတင်သွင်း

ဘာလင် ဩဂုတ် ၂၅

၉၈ ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံးနိုင်ငံတကာရုပ်ရှင်ဇာတ်ကားဆုအတွက် Sound of Falling အမည်ရှိ ဇာတ်ကားကို ဂျာမနီနိုင်ငံက ရွေးချယ် တင်သွင်းထားကြောင်း ဩဂုတ် ၂၄ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Sound of Falling ဇာတ်ကားသည် ဂျာမန်အမျိုးသမီးဒါရိုက်တာ မက်ချာရှီလင်စကီး ရိုက်ကူးထားသည့် ဒရာမာဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဂျာမနီနိုင်ငံ အောလ်မာ့ခ်ဒေသ၌ နှစ် ၁၀၀ အတွင်းနေထိုင်ခဲ့ကြသော အမျိုးသမီးလေးဦးတို့၏ဘဝကို ပုံဖော်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ယခုနှစ်အတွင်း ဘန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်အပါအဝင် နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၌ ပြသခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။

အော်စကာဆုပေးပွဲ နိုင်ငံတကာအကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုအတွက် နောက်ဆုံးဆန်ခါတင်ဇာတ်ကားများစာရင်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# မြန်အောင်မြို့နယ် ဆန်နီချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မြန်အောင် ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆန်နီချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆန်နီချောင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသူ၊ အသင်းသား ၈၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံသာ

# Organizations condemn TNLA terrorists for destroying 125-year-old Gokteik Viaduct

**Nay Pyi Taw August 25**

The world-famous Gokteik Viaduct, a 125-year-old rail-cum-bridge, is Myanmar's highest and the second highest in the world. It is also the largest railway trestle bridge globally. The viaduct, located on the Mandalay-Lashio railway line, connects Nawnghkio and Kyaukme in Shan State (North). On the morning of 24 August, TNLA terrorists exploded the Gokteik Viaduct by planting mines, damaging a 60-foot section of the bridge between Pier P-16 and the approach structure AB-2 on the Kyaukme side. Both the bridge deck in that section and the approach structure AB-2 were destroyed.

The Gokteik Viaduct, a 125-year-old world-famous railway bridge that is one of Myanmar's iconic landmarks and has been listed among the world's wonders, was deliberately blown up with mines by TNLA terrorists. Instead of being preserved and protected, the bridge was destroyed in a reckless act unrelated to military measures. The entire people have strongly condemned and rejected this action as completely unacceptable.

Moreover, Young Men's Buddhist Association (Central), Myanmar Interfaith Dialogue Group (Central), Myanmar Evangelical Christian Alliance, Union of Myanmar Methodist Church (Lower Myanmar), Faith Evangelical Church (Bago), Deliverance Church (Yangon), All Myanmar Hindu Central Council, All Myanmar Tamil Hindu Foundation (HQ), Thananta Dhamma Palaka (Hindu) Association, Islamic Religious Affairs Council Myanmar, Pinnaygon Yakhine Jaame Mosque, Buthidaung-Maungtaw Regional Development Association, Myanmar Artists Organization (Central), Myanmar Theatrical Association (Central), Myanmar Comedians' Association, Myanmar-Shia Muslim Religious Organization (Central), Myanmar Press Council, Myanmar Sports Media Federation, Myanmar Motion Pictures Organization, Myanmar Writers' Association, and Myanmar Music Association (Central), issued their statements of strong condemnations over such action of TNLA terrorists.

**100**

## YMBA (Central) condemns TNLA and PDF attacks on historic Gokteik Viaduct

**25 August 2025**

The Gokteik Viaduct in Nawnghkio, Shan State (North), which connects Shan State (North) with central Myanmar and has stood for 125 years as a source of national pride and a site listed among the world's wonders, was systematically sabotaged and destroyed with mines by TNLA and PDF terrorist groups. The act resulted in the loss of this historic heritage, which the people of Myanmar have long used. So, the Young Men's Buddhist Association (YMBA) has strongly condemned and denounced this act.

**Central Executive Committee**
**Young Men's Buddhist Association (YMBA) (Central)**

## Statement of Myanmar Interfaith Dialogue Group (Central)

**25 August 2025**

TNLA terrorists, unable to withstand Tatmadaw's offensive and fleeing in disarray, senselessly planted mines and destroyed the Gokteik Viaduct, which is a prominent national landmark unrelated to the military target, on 24 August.

The Gokteik Viaduct, which has stood for 125 years, is Myanmar's highest and the world's second-highest railway bridge, as well as the largest railway trestle globally, and is recognized as a prominent landmark. So, the Myanmar Interfaith Dialogue Group (Central) strongly condemns and completely rejects TNLA terrorists' senseless act of mining and destroying this historic Gokteik Viaduct.

**Central Executive Committee**
**Myanmar Interfaith Dialogue Group (Central)**

## Statement of Union of Myanmar Methodist Church (Lower Myanmar)

**25 August 2025**

It is with deep regret that we have learned that on 24 August, the Gokteik Viaduct, located on the Mandalay-Lashio railway connecting Nawnghkio and Kyaukme townships in Shan State (North), was exploded by the TNLA armed terrorist group.

The TNLA armed terrorist group's malicious and reckless act of mining and destroying a prominent and historic site in Myanmar, unrelated to military activities, is completely unacceptable to the entire nation and strongly condemned by the public. So, the Union of Myanmar Methodist Church (Lower Myanmar) also absolutely rejects and vehemently condemns this action.

**Union of Myanmar Methodist Church (Lower Myanmar)**

မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်
Myanmar Evangelical Christian Alliance
MEMBER BODY OF: Asia Evangelical Alliance, WEA World Evangelical Alliance

## Statement of Myanmar Evangelical Christian Alliance

**25 August 2025**

TNLA armed terrorists, without regard for the interests of the local population, set fire to and destroyed houses in villages while fleeing during clashes with Tatmadaw in Naungpain Village, Shan State (North). While retreating, on the morning of 24 August 2025, they maliciously and violently mined and destroyed Myanmar's prominent landmark and world-renowned Gokteik Viaduct. In the incident, a 60-foot section of the bridge frame and the bridge's abutment (AB-2) between the Kyaukme side P-16 pier and the abutment were destroyed.

The Myanmar Evangelical Christian Alliance has issued a statement, strongly condemning and completely rejecting the TNLA armed terrorist group's malicious and reckless act of mining and destroying a prominent and historic site in Myanmar that is unrelated to military measures.

**Myanmar Evangelical Christian Alliance**

## Statement of Faith Evangelical Church (Bago)

**25 August 2025**

The TNLA armed terrorist group on 24 August 2025 maliciously and recklessly mined and destroyed the famous Gokteik Viaduct on Myanmar's railway line, which connects Nawnghkio and Kyaukme. The viaduct is recognized as a prominent national landmark and a world-renowned heritage site. The 2,260-foot-long Gokteik Viaduct, situated at an altitude of 1,100 feet, has a history spanning 125 years. It is Myanmar's highest viaduct and the second-highest in the world, also recognized as the largest railway steel viaduct globally. Renowned for the advanced technology used in its construction and the beauty of its natural surroundings, the viaduct has long been celebrated and visited by numerous domestic and international tourists.

Hence, the Faith Evangelical Church (Bago) strongly condemns and completely rejects the actions of the TNLA armed terrorist group for maliciously and recklessly mining and destroying the historic Gokteik Viaduct.

**Faith Evangelical Church (Bago)**

*See Page 13*

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

## Statement of Deliverance Church (Yangon)

**25 August 2025**

The TNLA armed terrorist group maliciously and recklessly blew up the Gokteik Viaduct, a prominent landmark of Myanmar, resulting in the collapse of a 60-foot-long section of the bridge deck between pier (P-16) and abutment (AB-2) on the Kyaukme side. Therefore, our Deliverance Church (Yangon) strongly condemns and completely rejects these terrorist acts.

**Deliverance Church (Yangon)**

ALL MYANMAR HINDU CENTRAL COUNCIL
No. 387-395(1st Floor), Room No. A2, Bo Aung Kyaw Street, Kyauktada Township, Yangon.
Tel : 01-8245648 E-mail : amhcc201902@gmail.com

## Statement of All Myanmar Hindu Central Council

**25 August 2025**

TNLA armed terrorists maliciously and recklessly mined and destroyed the 2,260-foot-long Gokteik Viaduct, connecting Nawnghkio and Kyaukme. The facility is the highest viaduct in Myanmar, the second-highest in the world, and the largest railway truss viaduct globally. As a result of the attack, a 60-foot-long section of the bridge deck between Pier (P-16) on the Kyaukme side and abutment (AB-2) was destroyed. So, the All-Myanmar Hindu Central Council categorically rejects these acts of terrorism and strongly condemns them.

**All Myanmar Hindu Central Council**

ALL MYANMAR TAMIL HINDU FOUNDATION (H.Q.)
No. 111/113, 54th Street, 4th Quarter, Botahtaung Township, Yangon.
Tel. 01 296323, 01 298962, 01 299241

## Statement of All Myanmar Tamil Hindu Foundation (HQ)

**25 August 2025**

1. TNLA armed terrorists, having retreated from Naungpin Village in Nawnghkio Township, Shan State (North), recklessly blew up the historic Gokteik Viaduct, which is one of Myanmar's prominent landmarks unrelated to any military activity, causing its destruction on 24 August 2025. We shared sorrow and grief among the residents as TNLA terrorists destroyed the 60-foot-long viaduct span and the viaduct's abutment (AB-2) between the P-16 viaduct pier on the Kyaukme side and the abutment (AB-2).
2. The All Myanmar Tamil Hindu Foundation (HQ) absolutely rejects TNLA armed terrorists committing such terror acts and strongly condemns them.

**All Myanmar Tamil Hindu Foundation (HQ)**

## Statement of Islamic Religious Affairs Council Myanmar

**25 August 2025**

When Tatmadaw totally reoccupied Naungpin Village on 23 August 2025, the TNLA armed terrorists retreated from the scene; however, they blew up and destroyed the 125-year-old Gokteik Viaduct, which is the highest in Myanmar, the second highest and the largest rail viaduct in the world, on 24 August. Regrettably, a 60-foot-long section of the bridge deck between Bridge Pier (P-16) on the Kyaukme side and the abutment (AB-2), along with the abutment (AB-2) itself, has been destroyed.

That is why we, the Islamic Religious Affairs Council of Myanmar, strongly condemn and denounce the acts of TNLA armed terrorists over the malicious and brutal mine explosion and destruction of the prominent and historic venue of the nation.

**Islamic Religious Affairs Council Myanmar**

## Statement of Thananta Dhamma Palaka (Hindu) Association

**25 August 2025**

When Tatmadaw reoccupied Naungpin Village in Nawnghkio Township, Shan State (North), TNLA armed terrorists who had fled blew up the world-famous Gokteik Viaduct, which is a 125-year-old rail-cum-viaduct connecting Nawnghkio and Kyaukme, recklessly with explosives on 24 August. We are sorrowful to hear that the 60-foot-long section of the viaduct deck between viaduct pier (P-16) on the Kyaukme side and the abutment (AB-2), along with the abutment (AB-2) itself, has been destroyed.

We, the Thananta Dhamma Palaka (Hindu) Association, strongly condemn the act of TNLA armed terrorists who mined and destroyed a prominent and historical site of the nation that is unrelated to military operations.

**Thananta Dhamma Palaka (Hindu) Association**

PINNAYGONE YAKHINE JAAME MOSQUE
No 1 , 130th Street ,Mingala Taungnyunt Township ,Yangon,Myanmar,Tel: 01 – 291122

## Statement of Pinnaygone Yakhine Jamme Mosque

**25 August 2025**

1. We have learnt with deep regret that on 24 August, armed TNLA terrorist insurgents planted explosives and destroyed the 125-year-old Gokteik Viaduct in Nawnghkio Township, Shan State (North). As a result, a 60-foot section of the bridge's steel structure between pier (P-16) and abutment (AB-2) on the Kyaukme side, together with the abutment itself, was damaged.
2. We, the Pinnaygone Yakhine Jamme Mosque, strongly denounce and categorically reject such brutal and destructive acts of terrorism being committed by TNLA armed insurgents.

**Pinnaygone Yakhine Jamme Mosque**

E-mail: bmrdamm@gmai.com Web Site : www.bmrdamm.org

## Statement of Buthidaung-Maungtaw Regional Development Association

**25 August 2025**

1. It has been learnt that on 24 August, TNLA terrorist insurgents planted explosives and destroyed the Gokteik Viaduct, located on the Mandalay–Lashio railway line in Nawnghkio Township, Shan State (North), which links Nawnghkio and Kyaukme. The bridge, measuring 2,260 feet in length and standing 1,100 feet above sea level, is 125 years old. It is recognised as the tallest bridge in Myanmar, the world's second tallest in Southeast Asia, and one of the largest railway viaducts in the world.
2. We, the Buthidaung-Maungdaw Regional Development Association, strongly denounce and categorically reject the terrorist act committed by TNLA terrorist insurgents in destroying the Gokteik Viaduct, which is regarded as a historic landmark of Myanmar. We firmly condemn their acts of violence.

**Buthidaung-Maungtaw Regional Development Association**

## Statement of Myanmar Artists Organization (Central)

**25 August 2025**

We have learnt that on the morning of 24 August, TNLA terrorist insurgents planted explosives and destroyed the Gokteik Viaduct, situated on the Mandalay–Lashio railway line in Shan State (North). The bridge is a well-known landmark frequently visited by large numbers of domestic and international tourists. The Myanmar Artists Organization (Central) has declared that it totally rejects and strongly condemns such senseless acts of violence carried out by TNLA terrorist insurgents.

**Myanmar Artists Organization (Central)**

*See Page 14*

*From Page 13*

## Statement of Myanmar Theatrical Association (Central)

**25 August 2025**

It is deeply regrettable to learn that on the morning of 24 August, the world-famous Gokteik Viaduct — one of Myanmar's most significant landmarks, the highest bridge in the country and the second highest of its kind in the world — was destroyed by explosives planted by the TNLA terrorist group.

The Myanmar Theatrical Association (Central) has issued a statement declaring that it absolutely does not accept such acts by the TNLA terrorist group and strongly condemns them.

**Myanmar Theatrical Association (Central)**

## Statement of Myanmar Comedians' Association

**25 August 2025**

It has been learnt with regret that on the morning of 23 August, the world-famous Gokteik Viaduct, a 125-year-old historic structure on the Mandalay–Lashio railway line connecting Nawnghkio and Kyaukme, was destroyed with explosives by the TNLA terrorist group.

The Myanmar Comedians' Association has issued a statement declaring that it completely rejects and strongly condemns the actions of the TNLA terrorist group in destroying the Gokteik Viaduct, a historic landmark and part of Myanmar's heritage.

**Myanmar Comedians' Association**

MYANMAR SHIAH MUSLIM RELIGIOUS ORGANIZATION (CENTRE)

Office Ph: 09-445516160

## Statement of Myanmar Shiah Muslim Religious Organization (Central)

**25 August 2025**

It has been learnt that on 24 August, the world-famous Gokteik Viaduct, a 125-year-old historic structure located on the Mandalay–Lashio railway line connecting Nawnghkio and Kyaukme in Shan State (North), was destroyed with explosives by a terrorist group.

The Myanmar Shiah Muslim Religious Organization (Central) has issued a statement declaring that it completely rejects and strongly condemns the acts of the terrorist group that blew up and destroyed the historic Gokteik Viaduct.

**Myanmar Shiah Muslim Religious Organization (Central)**

## Statement of Myanmar Music Association (Central)

**25 August 2025**

The Myanmar Music Association (Central) has released this statement, strongly condemning the destructive action of the TNLA terrorist group that exploded the 125-year-old world-famous Gokteik Viaduct that connects Shan State (North) and the middle part of Myanmar on the morning of 24 August.

**Myanmar Music Association (Central)**

## Statement of Myanmar Sports Media

**25 August 2025**

It is sorrowful to hear that the 125-year-old Gokteik Viaduct, Myanmar's landmark and one of the world's wonders, was exploded by TNLA insurgents on the morning of 24 August.

The Myanmar Sports Media has released this statement, strongly condemning the destructive action of TNLA terrorists who bombed and destroyed the historic Gokteik Viaduct.

**Myanmar Sports Media**

## Myanmar Motion Pictures Organization

**25 August 2025**

It is sorrowful to hear that the 125-year-old Gokteik Viaduct, Myanmar's landmark and one of the world's wonders, was exploded by TNLA insurgents on the morning of 24 August.

The Myanmar Motion Pictures Organization has released this statement, strongly condemning the destructive action of TNLA terrorists who bombed and destroyed the historic Gokteik Viaduct.

**Myanmar Motion Pictures Organization**

## Statement of Myanmar Writers' Association

**25 August 2025**

The 125-year-old world-famous Gokteik Viaduct that connects Nawnghkio and Kyaukme in Shan State (North) was destroyed due to the mine explosion of terrorists on 24 August.

Such an explosion of a non-military target bridge that facilitates the transport of ethnic people in the country is supposed to be committed intentionally, aiming at deteriorating the State's stability and ethnic unity. The Myanmar Writers' Association strongly condemned such a destructive action by terrorists.

**Myanmar Writers' Association**

## Statement of Myanmar Press Council

**25 August 2025**

1. It has been reported that on the morning of 24 August 2025, the world-famous Gokteik Viaduct, Myanmar's highest and the second-highest railway bridge in the world, with a 125-year history and connecting Nawnghkio and Kyaukme in Shan State (North), was blown up and destroyed by TNLA terrorist insurgents in a reckless and unlawful manner.
2. The Myanmar Press Council has issued a statement strongly condemning the TNLA terrorist insurgents for the deliberate destruction of the historic Gokteik Viaduct, which is listed among the world's remarkable landmarks and has no connection to any military activity.

**Myanmar Press Council**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားရေတပ်၏ ဖရီးဂိတ်စစ်ရေယာဉ်က ဂျပန်ပင်လယ်ပြင်တွင် ပဲ့ထိန်းဒုံးကျည်များကို အောင်မြင်စွာပစ်လွှတ်စမ်းသပ်နိုင်ခဲ့



ရုရှားရေတပ်၏ Marshal Shaposhnikov ဖရီးဂိတ်စစ်ရေယာဉ်သည် ဂျပန်ပင်လယ်ပြင်တွင် Kalibr-NK နှင့် Uran ပဲ့ထိန်းဒုံးကျည်များကို အောင်မြင်စွာ ပစ်လွှတ်စမ်းသပ်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Marshal Shaposhnikov စစ်ရေယာဉ်သည် မူလကရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်သင်္ဘောအဖြစ် အသုံးပြုရန် ရည်ရွယ်၍ ၁၉၈၅ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် စတင်ပြီး အကြီးစားခေတ်မီ အဆင့်မြှင့်တင်မှုများ ပြုလုပ်ခဲ့ရာမှ နောက်ဆုံးပေါ်တိုက်ခိုက်ရေးစနစ်များ တပ်ဆင်ထားသော ဖရီးဂိတ်စစ်ရေယာဉ်အဖြစ် ပြောင်းလဲလာခဲ့ခြင်းလည်းဖြစ်သည်။ မြေပြင်နှင့်ရေပြင်ပစ်မှတ်များကို အဝေးမှနေ၍ တိုက်ခိုက်နိုင်သော Kalibr-NK ခရုဇ်ဒုံးကျည်များနှင့်အတူ Uran ပဲ့ထိန်းဒုံးကျည်များ တပ်ဆင် အသုံးပြုနိုင်ခဲ့သည့်အတွက် ဘက်စုံသုံး ဖရီးဂိတ်စစ်ရေယာဉ်အဆင့်ထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် ပြန်လည်တပ်တော်ဝင်အသုံးပြုနိုင်ခဲ့ပြီး ရုရှားရေတပ် ပစိဖိတ်စစ်ရေယာဉ်စုအတွက်အရေးပါသော အင်အားဖြည့်တင်းမှုတစ်ခုဖြစ်လာခဲ့ပြီး တာဝေးပစ် တိကျတိုက်ခိုက်နိုင်စွမ်းနှင့် ကမ်းရိုးတန်းကာကွယ်ရေးရည်မှန်းချက် တာဝန်ထမ်းဆောင်မှုတို့တွင် တပ်ဖြန့်အသုံးပြုလာနိုင်ခဲ့သည်။

ရုရှား၏ ပဲ့ထိန်းဒုံးကျည်များတို့ ပေါင်းစပ်အသုံးပြုထားမှုက Kalibr အတွက် ကီလိုမီတာ ၁၅၀၀ ထိရှိသည့် တာဝေးပစ်ပစ်ခတ်မှုများ၊ Uran အတွက် တာနီးနှင့်တာလတ်ရေကြောင်းပစ်မှတ်များအတွက် တိုက်ခိုက်နိုင်မှုများကြောင့် ပစ်မှတ်အမျိုးအစားနှင့်အခြေအနေပေါ်မူတည်၍ လက်နက်ရွေးချယ်တိုက်ခိုက်နိုင်စွမ်းကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ ဒုံးကျည်စနစ်နှစ်ခုလုံးကို စစ်ရေယာဉ်တစ်စင်းတည်းမှာ ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် ရုရှားသည် အငြင်းပွားရေပိုင်နက်များရှိ အမျိုးမျိုးသော ခြိမ်းခြောက်မှုများကို ပြောင်းလွယ်ပြင်လွယ်တုံ့ပြန်နိုင်သည့်စွမ်းရည်ကို ပိုမိုခိုင်မာစွာ ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။

ရုရှားရေတပ်၏ တိုက်ရိုက်ပစ်ခတ်စဉ်ပါစစ်ရေးလေ့ကျင့်မှု လုပ်ဆောင်ခြင်းသည် မဟာဗျူဟာမြောက် အချိန်ကိုက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ပြီးခဲ့သည့်သတင်းပတ်အတွင်းကလည်း ရုရှားနိုင်ငံ၏ Tu-95M မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်များသည် တိုက်လေယာဉ်အစောင့်အရှောက်များနှင့်အတူ ဂျပန်ပင်လယ်ပြင်ကို ဖြတ်ကျော်ပျံသန်းခဲ့သည်။ ယခုလို လေကြောင်းစစ်ရေးလှုပ်ရှားမှုများနှင့် လက်ရှိရေတပ်စစ်ရေးလေ့ကျင့်မှုများသည် ပုံမှန်ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်နေကြသည့် အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့ကို စစ်လက်ရုံးဆန့်တန်း ပြသလိုက်သည့် သတင်းစကားများ ပေးပို့နေခြင်းလည်းဖြစ်သည်။ ရုရှားနိုင်ငံသည် ယူကရိန်းအထူးစစ်ဆင်ရေးကို ဆင်နွှဲနေရဆဲဖြစ်သော်လည်း အရှေ့အာရှဒေသတွင်းမှာ ဟန့်တားရေးစွမ်းရည်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေး ဆုံးဖြတ်ထားသည်ဆိုသောအချက်ကို ရှင်းလင်းစွာ သက်သေပြနေခြင်းပင်ဖြစ်သည်။

Marshal Shaposhnikov ဖရီးဂိတ်စစ်ရေယာဉ်မှ Kalibr-NK နှင့် Uran ဒုံးကျည်များကို အောင်မြင်စွာ ပစ်ခတ်နိုင်ခဲ့ခြင်းသည် ရုရှားနိုင်ငံ၏ လက်ရှိစစ်အင်အားကို အမြင့်မားဆုံး အသုံးချရန် ခေတ်မီအဆင့်မြှင့်တင်ပြီး အင်အားပြသသော မဟာဗျူဟာကို ဖော်ညွှန်းပြသလျက်ရှိကြောင်း သိရသည်။

**Russian Pacific Fleet frigate conducts Kalibr and Uran missile lauches in Sea of Japan ကို ဘာသာပြန်ဆိုထားပါသည်။**

## Sky Sabre လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို ပထမဆုံးအကြိမ် လက်တွေ့ပစ်ခတ်စမ်းသပ်မှုအောင်မြင်ခဲ့ကြောင်း ဗြိတိန်ကြည်းတပ် ကြေညာခဲ့

ဗြိတိန်ကြည်းတပ်က ဗြိတိန်စစ်သည်များသည် ဗြိတိန်မြေပေါ်တွင် Sky Sabre လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်ကို ပထမဆုံးအကြိမ် လက်တွေ့ပစ်ခတ်စမ်းသပ်မှု အောင်မြင်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက ဩဂုတ် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသည်မှာ NATOမဟာမိတ်အဖွဲ့ ကွပ်ကဲမှုဌာနချုပ် လက်အောက်ရှိ ဗြိတိန်ကြည်းတပ်၏ မြေပြင်အခြေစိုက်လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်တိုးတက်ဖွံ့ဖြိုး မှုတစ်ရပ်လည်းဖြစ်သည်။ Exercise Formidable Shield 25 စစ်ရေးလေ့ကျင့်မှုအတွင်း ဗြိတိန်ကြည်းတပ်အမှတ် (၁၆) တော်ဝင်အမြောက်တပ်ရင်းသည် Sky Sabre လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်ကို Outer Hebrides ဒေသတွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ပြီး အန္တရာယ်ကြီးမားသော စစ်မြေပြင်ပတ်ဝန်းကျင် အခြေအနေအောက်တွင် လက်နက်စနစ်၏ တိုက်ပွဲဝင်စွမ်းဆောင်ရည်ကို အတည်ပြုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ထူးခြားစွာ တိုက်ဆိုင်နေသည်မှာ ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန၏ Sky Sabre ဒုံးပစ်လောင်ချာအရေအတွက်နှစ်ဆတိုးမြှင့် ဝယ်ယူဖြည့်တင်းသွားရန် ဆုံးဖြတ်ချက်နှင့်အတူ စမ်းသပ်မှုသတင်းထွက်ပေါ်လာခဲ့သည်။ ဗြိတိန်နိုင်ငံ၏ လေကြောင်းရန် ကာကွယ်ရေးစွမ်းအားများ ခိုင်မာအားကောင်းစေရန်အတွက် ပေါင် ၁၁၈ သန်း ရင်းနှီးမြှုပ်နှံမှု တစ်စိတ်တစ်ပိုင်းလည်းဖြစ်ကြောင်း သိရှိရသည်။

ဗြိတိန်ကြည်းတပ်၏ Sky Sabre လက်နက်စနစ်သည် စစ်အေးခေတ်က အသုံးပြုခဲ့သည့် စနစ်ဟောင်းများထက် နည်းပညာနှင့် တိုက်ပွဲလုပ်ငန်းစနစ်များတွင် များစွာသာလွန်သည်။ ဤစနစ်သည် အဓိကအစိတ်အပိုင်းသုံးခုပေါ်တွင် အခြေခံထားပြီး ၎င်းတို့မှာ -Common Anti-Air Modular Missile (CAMM) ဒုံးကျည်တပ်ဆင်ပစ်လွှတ်နိုင်သည့် Land Ceptor ဒုံးပစ်လောင်ချာယာဉ်၊ Saabမှ တီထွင်ထားသည့် Agile Multi-Beam Radar အမျိုးအစားဖြစ်သော Giraffe ရေဒါ၊ အစိတ်အပိုင်းအားလုံးကို ချိတ်ဆက်ကာ တစ်သားတည်း၊ လျှင်မြန်စွာတုံ့ပြန်နိုင်သော ပစ်ခတ်ထိန်းချုပ်ရေးကွန်ရက်တစ်ခုအဖြစ် ပေါင်းစပ်ပေးသည့် အမိန့်ပေးထိန်းချုပ်ရေးယာဉ်တို့ဖြစ်သည်။

ဤ အစိတ်အပိုင်းများ အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ခေတ်မီ၊ ရွှေ့ပြောင်းရလွယ်ကူပြီး အလွှာလိုက်ကာကွယ်နိုင်သော လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ပိုင်ဆိုင်ထားနိုင်စေကာ ခေတ်သစ်လေကြောင်း ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန် အထူးသင့်လျော်သည်။



CAMM ဒုံးကျည်များသည် တိကျမှုလှုပ်ရှားနိုင်စွမ်းနှင့် ပစ်မှတ်များစွာကို တစ်ပြိုင်နက် တိုက်ခိုက်နိုင်စွမ်းတို့အတွက် အထူးထုတ်လုပ်ထားခြင်းဖြစ်သည်။ ပြင်ပမှ လမ်းညွှန်းထိန်းကျောင်းမှု သို့မဟုတ် အမြင်အာရုံဖြင့် ခြေရာခံထိန်းကျောင်းမှုများအပေါ် မှီခိုရလေ့ရှိသည့် ယခင်ဒုံးကျည်အမျိုးအစားများနှင့် မတူညီဘဲ CAMM ဒုံးကျည်များသည် active radar အာရုံခံစနစ်ကို အသုံးပြုထားသည်။ ပျံသန်းရာ လမ်းကြောင်းတစ်ဝက်တွင် အချက်အလက်များကို Updates ပြုလုပ်ရန်နှင့် အချိန်မှန်ပြန်လည်ပစ်မှတ်ထားတိုက်ခိုက်နိုင်မည့် two-way datalink ချိတ်ဆက်မှုစနစ်ပါရှိသည်။ CAMM ဒုံးကျည်သည် အသံထက်နှစ်ဆမြန်သော အရာဝတ္ထုများကိုပင် ပစ်ခတ်နိုင်သည်။ အကွာအဝေး ၁၂၀ ကျော်အတွင်း ပစ်မှတ်များကို တိုက်ခိုက်နိုင်သည်။ တင်းနစ်ဘောလုံးအရွယ်အစားရှိ ပစ်မှတ်များကိုပင် တိုက်ခိုက်နိုင်စွမ်းရှိပြီး တောင်ပံပုံသေတပ်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် မမြင်နိုင်လောက်အောင် အရွယ်အစားသေးငယ်သော ဒရုန်းများကိုပါ ကြားဖြတ်ပစ်ချ တိုက်ခိုက်ဖျက်ဆီးနိုင်သောကြောင့် သမာရိုးကျနှင့် ဘက်မညီခြိမ်းခြောက်မှုနှစ်မျိုးစလုံးကို တိုက်ခိုက်နိုင်စွမ်းရှိသည့် အစွမ်းထက်ဒုံးကျည်အမျိုးအစားလည်းဖြစ်ကြောင်း သိရသည်။

**New Sky Sabre missile fires in UK for first time as British Army boosts air defense shield ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လှိုင်ကော်မြို့၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ပြီး ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကို ကြည့်ရှုအားပေး

လှိုင်ကော် ဩဂုတ် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်အတူ ယနေ့တွင် ကယားပြည်နယ် လှိုင်ကော်မြို့၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲနှင့် ပြည်သူများအပန်းပြေစေရန်၊ စိတ်ခွန်အားရရှိနိုင်ရန် အနုပညာရှင်များ၏ ဖျော်ဖြေပွဲများသို့ တက်ရောက်အားပေးပြီး လှိုင်ကော်မြို့ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ လာရောက်ဖျော်ဖြေကြသည့် အနုပညာရှင်များက လှိုင်ကော်မြို့ရှိကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ပြုလုပ်သော လှိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအတွက် ဆွမ်း၊ ဆီနှင့် လှူဖွယ်ဝတ္ထုများလှူဒါန်းပွဲသို့ တက်ရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)၌ ကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲသို့ တက်ရောက်ကြရာ အဆိုပါဆွေးနွေးပွဲသို့ လှိုင်ကော်မြို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများလည်း တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသားတစ်ဦးက "လူချွန်လူကောင်း" တေးသီချင်းဖြင့်လည်းကောင်း၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက ကယားတို့၏သဘာဝအလှနှင့် စုပေါင်းအက တေးသရုပ်ဖော်ဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး "မြေငလျင်ဒဏ်ကျော်ဖြတ်ကာ ပိုမိုကောင်းမွန်တဲ့ အနာဂတ်"နှင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" မှတ်တမ်းရုပ်သံ Video Clip တို့ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကယားပြည်နယ်သည် မန္တလေးငလျင်ဘေးဒဏ်ကို ခံစားရမှုမရှိသော်လည်း အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များကြောင့် တိုက်ပွဲဖြစ်စဉ်များကြုံတွေ့ခဲ့ရပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားသည့်ဒဏ်ကို ခံစားခဲ့ကြရပါကြောင်း၊ ယခုအခါ တပ်မတော်က နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပြန်လည်ဖော်ဆောင်ပေးနိုင်မှုနှင့်အတူ နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူချစ်သော အနုပညာရှင်များကလည်း ကယားပြည်နယ်ရှိ ပြည်သူများထံအရောက်လာပြီး အနုပညာစွမ်းအားဖြင့် စိတ်ခွန်အားရရှိနိုင်စေရန် ဖျော်ဖြေပေးခြင်းဖြစ်ပါကြောင်း၊ ပိုမိုတည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် လှပသော အနာဂတ်ကို အတူတကွ ဝိုင်းဝန်းအကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အဖွဲ့များကို ဆုငွေချီးမြှင့်ပြီး ကယားပြည်နယ်မှ အဆင့်မြင့်ကျောင်းများအတွက် သုတရသစာအုပ်စာစောင်များ၊ ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)အတွက် MRTV DTH စလောင်းစက်ပစ္စည်းအစုံနှင့် MRTV T – 2 Set of Box တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီများရှင် ရန်အောင်တို့က ဆွေးနွေးပွဲတက်ရောက်လာသူများအတွက် MRTV DTH စလောင်း စက်ပစ္စည်းအစုံနှင့် MRTV T–2 Set of Box တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ယင်းနောက် ကယားပြည်နယ်ရှိ အဆင့်မြင့်ပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ လေးဦးက အင်္ဂလိပ်စာစွမ်းရည်

---

ရှေ့ဖုံးမှအဆက်

ဦးစွာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီးနောက် ပထမဆုံးခေါ်ယူသည့် အစည်းအဝေးဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ ဦးစားပေးကဏ္ဍအဖြစ်သည့်အတွက် အရေးကြီးသည်ကို ပြောကြားလိုကြောင်း။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် လေးရပ်တွင် ပါရှိသည့် **"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industry) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"**ဟု ပါရှိကြောင်း နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အဓိကဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ခြင်းသည် နိုင်ငံတော်၏စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကော်မရှင်အနေဖြင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"ဆိုသည့်အတိုင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးကို အလေးထား ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

လူတို့၏ အဓိကလိုအပ်ချက်မှာ စားဝတ်နေရေးဖြစ်သည့်အတွက် စားဝတ်နေရေးကို ဖြည့်ဆည်းပေးနေသည့် စိုက်ပျိုးမွေးမြူရေးနှင့် Agro Based Industry ကုန်ထုတ်လုပ်ငန်းတို့သည် အဓိကဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံသည် ရေမြေသယံဇာတများစွာ ပေါများသောနိုင်ငံဖြစ်သည့်အတွက် စားရေး၊ ဝတ်ရေး၊ နေရေးတို့ကို စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် တောတောင်သယံဇာတတို့မှ ရရှိကြသည့်အတွက် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ပြည့်စုံသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အကြီးအကဲက ပန်းတိုင်အထွက်တိုးရေးနှင့် သီးထပ်များစိုက်ပျိုးနိုင်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ရှိမိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းရန်နှင့် နွေစပါးကို ရေရရှိနိုင်မှုအပေါ်မူတည်ပြီး တိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်ကြောင်း၊ လယ်မြေအဖြစ်ပြောင်းလဲစိုက်ပျိုးနိုင်ခြင်းမရှိသည့် တောင်ကုန်းနေရာများတွင် နှစ်ရှည်သစ်ပင်များစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း။

ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးဆောင်ရွက်ရေးသည် အရေးကြီးသည့်အတွက် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို အထူးဇုန်များသတ်မှတ်စိုက်ပျိုးလျက်ရှိသော်လည်း ရည်မှန်းချက်မပြည့်မီနိုင်သေးကြောင်း၊ နေကြာတိုးချဲ့စိုက်ပျိုးရေးကို ၂၀၂၂ ခုနှစ်မှစ၍ လမ်းညွှန်မှာကြားထားပြီးဖြစ်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် ရလဒ်ကောင်းရရှိရန် အလှမ်းကွာဝေးနေသေးသည့်အတွက် အကြိမ်ကြိမ် တွန်းအားပေးပြောဆိုနေရခြင်းပင်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပတင်ပို့နိုင်ရေးအတွက် နေကြာတိုးချဲ့စိုက်ပျိုးသင့်ကြောင်း၊ နေကြာတိုးချဲ့စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းမြင့်မားခြင်း၊ စိုက်ပျိုးချိန်ကာလတိုတောင်းခြင်း၊ စိုက်ပျိုးရလွယ်ကူခြင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်ကြောင်း၊ နေကြာဆီပိုလျှံထွက်ရှိခြင်းဖြင့် နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို လျော့နည်းစေပြီး ပြည်ပနိုင်ငံများမှ တင်သွင်းမှုလျှော့ချနိုင်ခြင်းကြောင့် နိုင်ငံခြားငွေသုံးစွဲမှု သက်သာစေမည်ဖြစ်သည့်အတွက် နေကြာတိုးချဲ့စိုက်ပျိုးရေးကိုအလေးထား၍ မူဝါဒချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၁ ဒသမ ၃ သန်းအတွက် လူတစ်ဦး တစ်နှစ်ခြောက်ပိဿာနှုန်းဖြင့် တွက်ချက်ပါက ဆီတန်ချိန် ငါးသိန်း လိုအပ်မည်ဖြစ်ကြောင်း၊ လက်ရှိစိုက်ပျိုးနေသော မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းသီးနှံများ၏ ထွက်ရှိမှုအရ စားသုံးဆီထုတ်လုပ်ခဲ့သော် နိုင်ငံတွင် ဖူလုံနိုင်သည်ဟု ခန့်မှန်းတွက်ချက်ရနိုင်သော်လည်း မြေပဲ၊ နှမ်းသီးနှံများမှာ လုံးဆန်အနေဖြင့်လည်း စားသုံးကြသည့်အပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချလျက်ရှိသောကြောင့် ပြည်တွင်းဆီဖူလုံရေးအတွက် လိုအပ်ချက်ရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စားသုံးဆီအဖြစ်သာ သုံးစွဲနိုင်မည့် နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် လိုအပ်လျက်ရှိပါကြောင်း၊ ယခုအခါ နှစ်စဉ်ပြည်ပမှ စားအုန်းဆီ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဖိုးခန့် တင်သွင်းနေရသည့်အတွက် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျော့ကျစေရေး ပြည်တွင်း၌ ဆီထွက်သီးနှံဖြစ်သည့် နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် လိုအပ်ပါကြောင်း။

အလားတူ နေကြာဆီသည် အရည်အသွေးကောင်းပြီး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော စားသုံးဆီဖြစ်ပြီး ဈေးကွက်ဝင်သီးနှံဖြစ်သောကြောင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်ပါက တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ကြောင်း၊ ထို့ပြင် စပါးနှင့် ပဲကိုသာ အထူးပြုစိုက်ပျိုးသော သီးနှံပုံစံမှ နေကြာကို သီးနှံတစ်မျိုးအနေဖြင့် ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ခြင်းဖြင့် တောင်သူလယ်သမားများ၏ စိုက်ခင်းတွင် သီးနှံမျိုး စုံလင်အောင် စိုက်ပျိုးနိုင်ကာ (Crop Diversification) ကို ရရှိနိုင်စေခြင်း၊ တစ်ဖန် နေကြာကို သီးလှည့်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာအာဟာရကိုလည်း ထိန်းသိမ်းပေးထားနိုင်သည်ဟု လေ့လာတွေ့ရှိရကြောင်း၊ လက်ရှိတွင် ပြည်တွင်းဆီဖူလုံရေးဆောင်ရွက်ရာတွင် မြေပဲဆီဈေးနှုန်းသည် ထုတ်လုပ်မှုစရိတ်များသည့်အတွက် စားသုံးသူများအနေဖြင့် လက်လှမ်းမီသည့်ဈေးနှုန်းဖြစ်စေရန် ပြည်တွင်းဆီစက်များ ဆက်လက်ရှင်သန်နိုင်ရေး၊ ဆီထွက်သီးနှံကုန်ကြမ်းဈေးနှုန်းများ ကျဆင်းလာစေရေးအတွက် ဆီထွက်သီးနှံစုံ တိုးချဲ့စိုက်ပျိုးရေးကို မူဝါဒတစ်ခုအဖြစ် ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် စိုက်ဧရိယာ ပိုမို

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် အဓိကကျသည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူတစ်ရပ်လုံး စားရေရိက္ခာဖူလုံရေး၊ ဆန်စပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေး၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး၊ အသား၊ ငါး၊ ရေထွက်ကုန် တိုးတက်ထုတ်လုပ်၍ ပြည်ပဈေးကွက်ကောင်းရရှိပြီး ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လို . . .**

သရုပ်ပြတင်ဆက်ပြီး ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ကာ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက ပြည်ထောင်စု၏ ထာဝရအလှများ တေးသီချင်းဖြင့် တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လွိုင်ကော်မြို့ရှိ အဆင့်မြင့် သီရိမင်္ဂလာဈေးသစ်ကိုရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မူလသီရိမင်္ဂလာဈေးကို ၁၉၉၁ ခုနှစ်က အုပ်ညှပ်၊ သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်းဖြင့် ဆောက်လုပ်ထားရှိရာမှ ၂၀၂၃ ခုနှစ်တွင် အကြမ်းဖက်သောင်းကျန်းသူများကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ်ဇူလိုင်လတွင် အဆင့်မြင့် သီရိမင်္ဂလာဈေးသစ်နှစ်ထပ်အဆောက်အအုံကို ပန္နက်တင်၍ စတင်ဆောက်လုပ်ခဲ့ရာမှ ယခုနှစ်ဧပြီလအတွင်း ပထမအဆင့်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ ဒုတိယအဆင့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဈေးအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အနုပညာရှင်များကလည်း ပရိသတ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခြင်း၊ ပရိသတ်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်းခုနစ်ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်း အခြေခံပညာကျောင်း ၉၄ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၄၁၆ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၀၆၄၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၃၁ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၅၄ ဦးကို သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ လေးဦးကို ငှက်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၂၈ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်လက်ခံစဉ်။



နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

တိုးတက်ရေးနှင့် သီးထပ်စွမ်းအားတိုးတက်ရန် ဆောင်ရွက်ရေးတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း။

"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဆိုသည့်အတိုင်း စိုက်ပျိုးရေးကဏ္ဍတွင်လည်း စိုက်ပျိုးရေးပညာရပ်ကို မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ပြီး လက်ရှိတွင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးတက္ကသိုလ်များအပြင် မိမိတို့အစိုးရလက်ထက်၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကျောင်းသား၊ ကျောင်းသူ ၅၀၉၁ ဦး လာရောက်အပ်နှံ တက်ရောက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများတွင် လူသားအရင်းအမြစ် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူး ပြန်လည်ရရှိမှုနှုန်း အလွန်မြင့်မားပြီး ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးတွင် အဓိက အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း။

စိုက်ပျိုးရေရရှိရေးအတွက် လက်ရှိနိုင်ငံတစ်ဝန်းတွင် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ဆည်ရေသောက်စနစ်၊ ရေတင်လုပ်ငန်း၊ မြေအောက်ရေ၊ စက်ရေတွင်းများမှ စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရေချိုသွင်းမြောင်းတူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်၍ ဆိုလာစနစ်သုံး ရေသွင်းရေတင်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အရေးကြီးသီးနှံ ၁၀မျိုးအပြင် အာလူး၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူတို့ကိုလည်း အရေးကြီးသီးနှံ သုံးမျိုးအဖြစ် ထည့်သွင်းသတ်မှတ်ပြီး ပန်းတိုင်အထွက်နှုန်းရည်မှန်းချက် ပြည့်မီရေးကို တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် အလေးထားဆောင်ရွက်ရန် အထူးတိုက်တွန်းလိုကြောင်း။

စပါးစိုက်ပျိုးသည့် တောင်သူများအား Drum Seeder များ အပြည့်အဝအသုံးပြုပြီး အစေ့ချဆောင်ရွက်ခြင်းဖြင့် စပါးအထွက်နှုန်းတိုးတက်ကောင်းမွန်ရေး နိုင်ငံတော်က မတည်ငွေများ အတိုးမဲ့စိုက်ထုတ်ဆောင်ရွက်ပေးထားကြောင်း၊ Drum Seeder များကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး ခြောက်ခုတို့အတွက် ရှေ့ပြေးဦးစားပေး ဆောင်ရွက်ပေးထားပြီးနောက်ပိုင်းတွင် ကျန်ရှိသည့်ဒေသများတွင်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုနှစ် ဩဂုတ်လမှစ၍ နိုင်ငံတော်၏ စီးပွားရေးအထောက်အကူပြု သီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် တောင်သူများအဓိကလိုအပ်သော ယူရီးယားဓာတ်မြေဩဇာနှင့် ၁၅ ပတ်လည် ကွန်ပေါင်းဓာတ်မြေဩဇာတို့ကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကောင်မရှင်နှင့် ယူရီးယားဓာတ်မြေဩဇာတင်သွင်းဖြန့်ဖြူးရေး ဦးဆောင်ကော်မတီတို့မှ ဈေးကွက်ပေါက်ဈေးထက် ၂၅ ရာခိုင်နှုန်းအောက်လျော့နည်းသော ဈေးနှုန်းဖြင့် တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးသီးနှံအထွက်နှုန်းတိုးရန် လိုအပ်သည့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးတို့၌ အဓိကဖြန့်ဖြူးပေးထားသည့်အပြင် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များအတွက်ပါ လျာထားဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်တွင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက်လည်း "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့်အတိုင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံအလယ်ပိုင်း ရာသီဥတုပူပြင်းသည့်ဒေသများတွင် အပူဒဏ်များ လွန်ကဲစွာ မခံစားရစေရန် သစ်ပင်များစိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း။ သစ်ပင်များမရှိပါက မြေဆီလွှာများ ပျက်သုဉ်းလာပြီး သစ်ပင်များရှင်သန်မှုများ နည်းပါးလာပါက ကန္တာရဆူးပင်များဖြင့် ပြည့်လာမည်ဖြစ်သည့်အတွက် ထိုသို့မဖြစ်ပေါ်စေရန် သစ်ပင်များစိုက်ပျိုး၍ ကြိုတင်ကာကွယ်ခြင်းများကို လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

အလားတူ မွေးမြူရေးကဏ္ဍသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးတောင်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်ပြီး တိုးတက်လာသည့် ပြည်သူလူထုအတွက် စားရေရိက္ခာဖူလုံကြွယ်ဝစေရေးနှင့် အာဟာရဓာတ်ပြည့်ဝစေရေး အထူးအရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အထူးသဖြင့် နို့စားနွားတိုးချဲ့မွေးမြူနိုင်အောင် စီမံဆောင်ရွက်ပြီး နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ တိုးတက်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပမှ နို့နှင့် နို့ထွက်ပစ္စည်း တင်သွင်းမှုကို လျှော့ချနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နို့စားနွားသာမက အသားစားနွားမွေးမြူရေးကိုတိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သို့နှင့်ဆိတ် မွေးမြူရေးသည်လည်း နိုင်ငံအတွင်း ဖြစ်ထွန်းအောင်မြင်နေသည့် မွေးမြူရေးလုပ်ငန်းဖြစ်သည့်အပြင် ဝက်မွေးမြူရေးနှင့် ကြက်မွေးမြူရေးတွင် လက်ရှိမွေးမြူရေးကဏ္ဍသည်လည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ကြောင်း၊ လှောင်အိမ်စနစ်၊ အအေးခန်းအလုံပိတ်စနစ်များနှင့် ခေတ်မီမွေးမြူနေသည့် လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများအတွက် လူတစ်ဦးချင်း တစ်နှစ်စားသုံးရမည့် အသားနှင့် ကြက်ဥနှုန်းထား (Per Capital Consumption) တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပြီး နိုင်ငံသားများ၏ ကျန်းမာရေး အဆင့်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ရေချို၊ ရေငန် ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍသည်လည်း စားရေရိက္ခာဖူလုံရေးအတွက်သာမက ပြည်ပဝင်ငွေရရှိရေးတွင် အရေးကြီးသည့်အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည့်အတွက် မွေးမြူရေးကဏ္ဍကို တိုးချဲ့ဆောင်ရွက်ကြရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ကာ နိုင်ငံခြားငွေပိုမိုရရှိမည်ဖြစ်ကြောင်း။ မွေးမြူရေးမှထွက်ရှိသည့် အသား၊ ငါးများကို တန်ဖိုးမြင့်ထုတ်ကုန် (Value Added) အနေဖြင့် ပြောင်းလဲထုတ်လုပ်တင်ပို့ရောင်းချခြင်းဖြင့် ပြည်တွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ပြီး မွေးမြူသူများအတွက်လည်း ဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်ကြောင်း။ စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် အဓိကကျသည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူတစ်ရပ်လုံး စားရေရိက္ခာဖူလုံရေး၊ ဆန်စပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေး၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး၊ အသား၊ ငါး၊ ရေထွက်ကုန်တိုးတက်ထုတ်လုပ်၍ ပြည်ပဈေးကွက်ကောင်းရရှိပြီး ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဝန်ကြီးဌာနများအပါအဝင်၊ UMFCCI အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားကြီးများ အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များကို ကော်မရှင်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMF-CCI) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကဏ္ဍများ ဘက်ပေါင်းစုံမှ တိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီး၏ တံခွန်တိုင်အသစ်ပြန်လည်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ရှိ သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီး၏ တံခွန်တိုင်အသစ် ပြန်လည်တည်ဆောက်ရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီးရှိ ဓမ္မာရုံ၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီစုစုပေါင်း ၆၅၀၃ ဆူရှိပြီး ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းစုစုပေါင်း ၄၉၃၀ ရှိပါကြောင်း၊ အချိန်ယူ၍ ဝန်ကြီးဌာနအနေဖြင့် စာရင်းများပြုစုခဲ့ပြီး စေတနာရှင်ကုသိုလ်ရှင်များ လှူဒါန်းနိုင်ရေးကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့်လည်း ခုနစ်ရက်သားသမီးများ၏ လှူဒါန်းငွေဖြင့် နေပြည်တော်၊ စစ်ကိုင်း၊ ကျောက်ဆည်၊ မတ္တရာဒေသတို့ရှိ ဘုရားစေတီပုထိုးများ ပြုပြင်နိုင်ရေးအတွက် လှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများ လှူဒါန်းငွေဖြင့် ငလျင်ဒဏ်ကြောင့် နေပြည်တော် ပျဉ်းမနားမြို့ သမိုင်းဝင် ဘုရားကိုးဆူစေတီတော်မြတ်ကြီး၏ တံခွန်တိုင်အက်ကွဲယိုယွင်းပျက်စီးခဲ့သဖြင့် တံခွန်တိုင်အသစ်ကို လှူဒါန်းခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တံခွန်တိုင်အလှူငွေကျပ် ၁၈၆၆၀၀၀၀ ကို စေတီတော်ဂေါပကဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်အား ပေးအပ်လှူဒါန်းပြီး စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ရုံးခန်း၌ ငလျင်ဒဏ်ကြောင့် အက်ကွဲယိုယွင်းပျက်စီးခဲ့သည့် သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီးနှင့် တံခွန်တိုင်အသစ်တည်ဆောက်မှုနှင့်ပတ်သက်၍ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ခံနိုင်ရေး ဘုရားစေတီတည်ဆောက်ပြုပြင်ရေးဆိုင်ရာ SOP စံနှုန်းများနှင့်အညီ ပြန်လည်ပြုပြင်တည်ဆောက်သွားရန် မှာကြားပြီး ငလျင်ဒဏ်ကြောင့် အက်ကွဲယိုယွင်းပျက်စီးခဲ့သော သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီး၏ တံခွန်တိုင်အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်း ဘေးကင်းလုံခြုံရေးဖိုရမ်ဖွင့်ပွဲနှင့် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာစာရင်းအင်းများ တစ်ပြေးညီဖြစ်စေရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပြည်သူချင်း ထိတွေ့ဆက်ဆံမှုများကို မြှင့်တင်ပေးရေးနှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးများကို အထောက်အကူပြုသည့် လုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ရန်ရည်ရွယ်၍ အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဘေးကင်းလုံခြုံရေးဖိုရမ်နှင့် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းများတစ်ပြေးညီဖြစ်စေရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အာဆီယံ-တရုတ်ဗဟိုဌာနနှင့် လန်ချန်း-မဲခေါင် ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနတို့ ပူးပေါင်း၍ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့်အတူ ဖိုရမ်နှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ရောက်ရှိနေသည့် အာဆီယံ-တရုတ်ဗဟိုဌာနမှ အတွင်းရေးမှူးချုပ် Mr. Shi Zhongjun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် ဒဂုံခန်းမ၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုးမြှင့်လုပ်ဆောင်နေမှုအခြေအနေများ၊ နှစ်နိုင်ငံရှိ ခရီးစဉ်ဒေသများသို့ ခရီးသွားများ အပြန်အလှန် သွားလာလည်ပတ်နေမှုအခြေအနေများ၊ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာပါ လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။




ယင်းနောက် အာဆီယံ-တရုတ်ခရီးသွားလုပ်ငန်း ဘေးကင်းလုံခြုံရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ယခုဖိုရမ်မှတစ်ဆင့် အတွေးအမြင်များ၊ ဗဟုသုတများနှင့် ဆန်းသစ်သော ဖြေရှင်းနည်းများကိုဖလှယ်ခြင်းဖြင့် လက်တွေ့ကျသော မဟာဗျူဟာများကို ချမှတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ခရီးသွားများနှင့် ခရီးသွားလုပ်ငန်းကို အကာအကွယ်ပေးမည့် ထိရောက်သော ဖြေရှင်းနည်းများကို ဖော်ဆောင်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုမှာ အရေးကြီးပါကြောင်း၊ အာဆီယံ - တရုတ်နိုင်ငံများအကြား အပြန်အလှန်ပံ့ပိုးကူညီခြင်းဖြင့် ကမ္ဘာအနှံ့မှ ခရီးသွားများအတွက် ကောင်းမွန်သော အသိုက်အဝန်းတစ်ခုကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံ-တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ် Mr. Shi Zhongjun၊ လန်ချန်း-မဲခေါင် ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာနမှ ဒုတိယအတွင်းရေးမှူးချုပ် Mr. Davuth LY တို့က အမှာစကားများ ပြောကြားကြပြီး အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာကာအိုကင်ဟွန်၏ ဗီဒီယိုမက်ဆေ့ချ်ကို ပြသသည်။

ယင်းနောက်ဖိုရမ်ကိုဆက်လက်ကျင်းပရာ ဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခရီးသွားလုံခြုံရေးနှင့် ဘေးကင်းရေး၊ ခရီးသွားလုပ်ငန်းအတွက် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားများ လုံခြုံစိတ်ချစွာ လည်ပတ်နိုင်စေရေး၊ ဒစ်ဂျစ်တယ်ခေတ်တွင် ခရီးသွားလုပ်ငန်းလုံခြုံရေး၊ လုံခြုံပြီး ခံနိုင်ရည်ရှိသော ခရီးသွားပတ်ဝန်းကျင်မှတစ်ဆင့် ဒေသဆိုင်ရာ တိုးတက်မှု၊ လုံခြုံရေးနှင့် ဘေးကင်းသောခရီးသွားလုပ်ငန်း ခေါင်းစဉ်တို့ဖြင့် သက်ဆိုင်ရာနိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းများ တစ်ပြေးညီဖြစ်စေရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အာဆီယံ-တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ် Mr. Shi Zhongjun က အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ခရီးသွားလာမှုလွယ်ကူချောမွေ့ရေးကဏ္ဍ၏အရေးပါမှု၊ သတင်းအချက်အလက်ဖလှယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းစာရင်းအင်းများအသုံးချခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းအချက်အလက်များ ဖွံ့ဖြိုးတိုးတက်ရေး၏ အလေ့အထကောင်းများနှင့်အတွေ့အကြုံများဖလှယ်ခြင်း ခေါင်းစဉ်တို့ဖြင့် ကျင်းပရာ သက်ဆိုင်ရာနိုင်ငံများမှ ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်(၁၀ / ၂၀၂၅) ထုတ်ပြန်

၁။ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့ ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်ရှိ ဂုတ်ထိပ်တံတားကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ဖျက်ဆီးခံခဲ့ရကြောင်း သိရှိရပါသည်။ ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသည့် မီးရထားလမ်းတံတား တစ်ခုဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများက လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခဲ့သော နိုင်ငံ၏ အထင်ကရနှင့် သမိုင်းဝင်တံတားဖြစ်ပါသည်။ ဤအဖျက်လုပ်ရပ်သည် အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ ဒေသခံပြည်သူများ၏ နေ့စဉ်ဘဝနှင့် စီးပွားရေးဆောင်ရွက်မှုများအပေါ် ပြင်းထန်စွာ ထိခိုက်စေသည်သာမက မြန်မာနိုင်ငံ၏ သမိုင်းဝင်အမွေအနှစ်တစ်ခုကို ထိခိုက်ပျက်စီးစေခြင်းဖြစ်ပါသည်။

၂။ တံတားကြီးများဥပဒေအရ တံတားကြီးအင်္ဂါရပ်များကို ရည်ရွယ်ချက်ဖြင့် တမင်ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ တံတားရေရှည်တည်တံ့ခိုင်မြဲမှုကိုထိခိုက်စေမည့် အပြုအမူများ မပြုလုပ်ရန် တားမြစ်ထားပါသည်။ ဂုတ်ထိပ်တံတားဖျက်ဆီးခံရခြင်းသည် အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက် အရေးကြီးသော အခြေခံအဆောက်အအုံကို ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုဖြစ်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂(ဂ)အရ အကြမ်းဖက်မှုဖြစ်ပါသည်။

၃။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိုခြိမ်းခြောက်သည့် ရာဇဝတ်မှုမြောက်၍ တရားမျှတမှုမရှိသော အကြမ်းဖက်ကျူးလွန်မှုအားလုံးကို ပြတ်ပြတ်သားသားရှုတ်ချကြောင်း အသိအမှတ်ပြုထားပါသည်။ ဂုတ်ထိပ်တံတားကို ဖျက်ဆီးသည့်အကြမ်းဖက်မှုလုပ်ရပ်သည် နိုင်ငံနှင့်ပြည်သူအတွက် ကြီးမားသောဆုံးရှုံးမှုဖြစ်ပေါ်စေပြီး ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့ကိုခြိမ်းခြောက်သည့်လုပ်ရပ်ဖြစ်သည်ဟု မှတ်ယူပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

# နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများ ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၅**

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားသည် မြန်မာနိုင်ငံ၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင်တည်ရှိသည်။ အဆိုပါဂုတ်ထိပ်တံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ကျောက်မဲမြို့ဘက်ခြမ်း တံတားတိုင်အမှတ် (P-16)နှင့် ကမ်းကပ်ခုံ(AB-2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB-2)တို့ ပျက်စီးသွားခဲ့ရသည်။

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး ကမ္ဘာ့အံ့ဖွယ်စာရင်းတွင်လည်း ပါဝင်ခဲ့သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ် မီးရထားလမ်းတံတားအား ထိန်းသိမ်းစောင့်ရှောက်ရမည့်အစား TNLA အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထို့ပြင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ် အသင်းတော်(အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်း အသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူ ဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ် ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာ-ရှိအာဟ် မွတ်စ်လင်စ်ဘာသာရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစား မီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာ နိုင်ငံ ဂီတအစည်းအရုံး(ဗဟို)တို့က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

(၅၀၁)

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား အကြမ်းဖက် TNLA နှင့် PDF ( Terrorist Group) များက မိုင်းခွဲဖျက်ဆီးခြင်းအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်

မြန်မာတစ်နိုင်ငံလုံးက ဂုဏ်ယူရပြီး နှစ်ပေါင်း ၁၂၅ နှစ်ရှိ ကမ္ဘာ့ အံ့ဖွယ်စာရင်းများဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မြန်မာပြည် အလယ်ပိုင်းကို ဆက်သွယ်ပေးထားသည့် ရှမ်းပြည်နယ် နောင်ချိုမြို့ ဂုတ်ထိပ်တံတားကြီးအား အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်း များဖြစ်သည့် TNLA နှင့် PDF (Terrorist Group)များက စနစ်တကျ ကြိုတင်ပြင်ဆင်မိုင်းခွဲဖျက်ဆီးခဲ့ရာ မြန်မာပြည်သူလူထု အသုံးပြုနေ သော သမိုင်းဝင်အမွေအနှစ် ဆုံးရှုံးပျက်စီးခဲ့ရသည့်ဖြစ်ရပ်ကို ဗုဒ္ဓ ဘာသာကလျာဏယုဝအသင်း YMBA က ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချကြောင်း ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်

TNLA အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်၏ ထိုးစစ်ဆင်မှုကို ဆက်လက်ခုခံနိုင်ခြင်းမရှိဘဲ ကစဉ့်ကလျားဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် စစ်ရေးနှင့် မသက်ဆိုင်သော မြန်မာ နိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတား အား ဩဂုတ်လ ၂၄ ရက်နေ့တွင် အသိတရားကင်းမဲ့စွာဖြင့် မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည်။

အဆိုပါ ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်း ရှိပြီး မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး တံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက် တင်ခံရပြီး ထင်ရှားကျော်ကြားသော တံတားတစ်စင်းဖြစ်သည်။ ထိုကဲ့သို့ သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား TNLA အကြမ်းဖက် သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့စွာ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည့် လုပ်ရပ်အား ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ် ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်

TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်(မြောက်ပိုင်း)အတွင်း တပ်မတော်နှင့်ဖြစ်ပွားနေသော နောင်ပိန်ရွာတိုက်ပွဲဖြစ်စဉ်၌ ပြည်သူလူထု၏ အကျိုးစီးပွားကို ငဲ့ညှာ ထောက်ထားခြင်းမရှိဘဲ ကျေးရွာအတွင်းရှိ လူနေအိမ်များကို မီးရှို့ ဖျက်ဆီးကာ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ထိုသို့ ဆုတ်ခွာ ထွက်ပြေးစဉ် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့နံနက်ပိုင်း၌ မြန်မာ နိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင် အမှတ်(P-16)နှင့် ကမ်းကပ်ခုံ(AB-2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB-2) တို့ ပျက်စီးခဲ့သည်။

ထိုကဲ့သို့ TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သော နိုင်ငံ၏အထင်ကရနှင့်သမိုင်း ဝင်နေရာအား အသိဉာဏ်နည်းပါးယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည့်လုပ်ရပ်အား မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါ သည်။

**မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့နယ် တို့အား ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသော ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူ TNLA လက်နက်ကိုင်အဖွဲ့က မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည်ကို စိတ်မကောင်းစွာ ကြားသိခဲ့ရပါသည်။

ယင်းကဲ့သို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူ များအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါး ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် လုပ်ရပ်အား နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက် ရှုတ်ချလျက်ရှိသလို မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ် အသင်းတော်(အောက်မြန်မာပြည်)ကလည်း လုံးဝလက်မခံပါ ကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကိုဆက်သွယ် ထားသော မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အံ့ဖွယ် စာရင်းဝင် မီးရထားလမ်း ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ဂုတ်ထိပ်တံတားသည် တံတား အရှည်(၂၂၆၀)ပေ၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင် ရှိပြီး သက်တမ်းအနေဖြင့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသည့် မီးရထားလမ်းတံတားတစ်ခုဖြစ်သည်။ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံးမီးရထား သံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ယင်းတံတားကို တည်ဆောက်သည့် နည်းပညာအဆင့်မြင့်မှုနှင့် သဘာဝပတ်ဝန်းကျင် လှပမှုတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သော တံတားတစ်စင်းဖြစ်သဖြင့် ပြည်တွင်း/ ပြည်ပ ခရီးသွားများ အများ အပြား လာရောက်ကြည့်ရှုလေ့လာသည့် တံတားတစ်စင်းလည်း ဖြစ်သည်။

ထိုကဲ့သို့သမိုင်းဝင် ဂုတ်ထိပ်တံတားကြီးအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်း သူအဖွဲ့၏လုပ်ရပ်ကို ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)သဘောထားထုတ်ပြန်ချက်

TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ် တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သော ကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင် နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ရပါသည်။ ထို့ကြောင့် မိမိတို့ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က ၎င်း အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါ သည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**
**၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၏သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် အရှည်(၂၂၆၀)ပေရှိ မြန်မာပြည်၏အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်သည့် ဂုတ်ထိပ်တံတားကို TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P–16)နှင့် ကမ်းကပ်ခုံ(AB–2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိတံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB–2)တို့ ပျက်စီးခဲ့ရသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် ၎င်းအကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေး အဖွဲ့ကြီး၏သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် တပ်မတော်မှ နောင်ပိန်ကျေးရွာကို အပြီးတိုင်ပြန်လည်ထိန်းချုပ်ရရှိချိန်၌ ဆုတ်ခွာထွက်ပြေးသွားသော TNLA လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူများက နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံးမီးရထားသံလမ်းတံတားဖြစ်သည့် ဂုတ်ထိပ်တံတားကို ၂၄-၈-၂၀၂၅ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ(AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ကြောင်း ဝမ်းနည်းဖွယ်သိရှိရပါသည်။

TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါးယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်လုပ်ရပ်အား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ နောင်ပိန်ကျေးရွာမှ ဆုတ်ခွာထွက်ပြေးသွားသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့်မသက်ဆိုင်သည့် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက်တွင် အသိတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်အတွက် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ကြောင်း သိရှိရသည့်အတွက် ဒေသခံပြည်သူများနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။

၂။ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကျူးလွန်နေသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**
၂၅-၈-၂၀၂၅

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသည့် ဂုတ်ထိပ်တံတားကို TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ်လ ၂၄ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16)နှင့် ကမ်းကပ်ခုံ(AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ရကြောင်း စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

၂။ ထိုကဲ့သို့ TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ နောင်ပိန်ကျေးရွာကို တပ်မတော်က ပြန်လည်ရရှိချိန် ဆုတ်ခွာထွက်ပြေးသွားသော TNLA အကြမ်းဖက်သောင်းကျန်းသူများက နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ မီးရထားလမ်းတံတားတစ်ခုဖြစ်သည့် ကမ္ဘာကျော်ဂုတ်ထိပ်တံတားကို အသိတရားကင်းမဲ့စွာဖြင့် ဩဂုတ်လ ၂၄ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်အတွက် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိတံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရသည်။

ထိုကဲ့သို့ TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့်မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် လုပ်ရပ်အား သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**
၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

## ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း၏သဘောထားထုတ်ပြန်ချက်

(၂၅-၈-၂၀၂၅)

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကိုဆက်သွယ်ထားသည့် မန္တလေး–လားရှိုး ရထားလမ်းမပေါ်တွင် တည်ရှိသည့် တံတားအရှည် ၂၂၆၀ ပေ၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင်ရှိပြီး သက်တမ်းအနေဖြင့် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသော မီးရထားလမ်းတံတားတစ်ခုဖြစ်ကာ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး တံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရသည့် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ် ၂၄ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများအား မိမိတို့ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ လုံးဝလက်မခံကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

TNLA အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ထင်ရှားကျော်ကြားပြီး ပြည်တွင်း/ပြည်ပ ခရီးသွားပြည်သူများ အများအပြား လာရောက်ကြည့်ရှုလေ့လာကြပြီး မန္တလေး–လားရှိုး ရထားလမ်းပေါ်တွင်တည်ရှိသည့် ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အသိတရားကင်းမဲ့စွာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**
(၂၅-၈-၂၀၂၅)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတားဖြစ်သည့် ကမ္ဘာကျော်ဂုတ်ထိပ်တံတားအား TNLA အကြမ်းဖက်အဖွဲ့က ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ်သိရှိရပါသည်။

ထိုကဲ့သို့ TNLA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်အား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိပြီး နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး–လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား ယမန်နေ့နံနက်ပိုင်းက TNLA အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့မြန်မာ့အမွေအနှစ်ဖြစ်သည့်သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်အား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိပြီး နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်း တံတားကြီးအား အကြမ်းဖက်အဖွဲ့က ဩဂုတ် ၂၄ ရက်နေ့တွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ သမိုင်းဝင် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်အား **မြန်မာရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)**က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်

(၁) မြန်မာနိုင်ငံ၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး တံတားဖြစ်ပြီး နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိကာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသော ကမ္ဘာကျော်ဂုတ်ထိပ်တံတားအား ၂၄-၈-၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် TNLA အကြမ်းဖက်သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

(၂) ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ကမ္ဘာ့အမွေအနှစ်စာရင်းများဝင် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းတွင်လည်း ပါဝင်ခဲ့သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ် မီးရထားလမ်းတံတားကြီးအား ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းက TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ခံလိုက်ရကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ယခုကဲ့သို့ သမိုင်းဝင် ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏လုပ်ရပ်အား မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကန့်ကွက်ရှုတ်ချခြင်း

ကြေညာချက်အမှတ် - ၂၇ / ၂၀၂၅

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၂၅)ရက်

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် နှစ်ပေါင်း(၁၂၅)နှစ် သက်တမ်းရှိ ကမ္ဘာကျော် "ဂုတ်ထိပ်တံတား"ကို TNLA အကြမ်းဖက်သမားများက ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့တွင် ဖုံးခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသဖြင့် များစွာနှမြောတသ ဖြစ်ရပါသည်။

တန်ဖိုးထားရမည့် ရှေးဟောင်းအဆောက်အဦ "ဂုတ်ထိပ်တံတား"ကြီးကို ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ယခုလ ၂၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မြန်မာပြည်အလယ်ပိုင်းကို ဆက်သွယ်ထားသည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်တံတားအား မိုင်းခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်အား မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့အကြားရှိ နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသော ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးအား ဩဂုတ်လ ၂၄ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးလိုက်သဖြင့် အဆိုပါတံတားကြီးမှာ ပျက်စီးသွားခဲ့ရပါသည်။

၂။ အဆိုပါ ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲသည့် လုပ်ရပ်နှင့်ပတ်သက်၍ စစ်ရေးနှင့်မသက်ဆိုင်ဘဲ နိုင်ငံအတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကူးလူးဆက်ဆံသွားလာနိုင်ရန် တည်ဆောက်ခဲ့သည့် တံတားကြီးအား ဖျက်ဆီးခြင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုပျက်ပြားစေမည့် ကိစ္စရပ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် ပြုမူဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါအကြမ်းဖက်သမားများ၏လုပ်ရပ်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။


မြန်မာနိုင်ငံစာရေးဆရာအသင်း

❑ **နေရာကွက်၍ မိုးကြီးနိုင်မှ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ"၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၅-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၆-၈-၂၀၂၅ ရက်နေ့မှ ၂၇-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"ဘူးသီးတောင်မြို့နယ်အတွင်း ငှက်သေကျေးရွာအုပ်စု ထန်းရောက်ခံကျေးရွာမှ ဒေသခံဘင်္ဂါလီရွာသား ၆၀၀ ကျော်ကို AA အကြမ်းဖက်သောင်းကျန်းသူများက လူမျိုးသုဉ်းသတ်ဖြတ်ခဲ့မှု"** ခေါင်းစဉ်ဖြင့် ၂၇-၈-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံရဲ့ အထင်ကရနဲ့ သမိုင်းဝင်နေရာ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ TNLA အကြမ်းဖက်သောင်းကျန်းသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များ နှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ၂၀၂၅ ခုနှစ် ဩဂုတ် ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

☆ **ကျောဖုံးမှအဆက်**

မြန်မာနိုင်ငံမှ ISPE FC အမျိုးသမီး ဘောလုံးအသင်းနှင့် ဂူအန်နိုင်ငံမှ Strykers FC အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပထမပိုင်း ၄၅ မိနစ်တွင် ISPE FC အမျိုးသမီးဘောလုံးအသင်းက ခုနစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်း ဆက်လက်ယှဉ်ပြိုင်ကစားရာတွင် ISPE FC အမျိုးသမီးဘောလုံးအသင်းက ထပ်မံ၍ နှစ်ဂိုး သွင်းယူနိုင်ခဲ့ကာ ပြိုင်ပွဲပြီးဆုံးချိန်တွင် ISPE FC အသင်းက Strykers FC အသင်းကို ကိုးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပန်းတောင်း၊ ချမ်းမြသာစည်နှင့် လားရှိုးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် သြဂုတ် ၂၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် သတင်းအရ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရတနာပုံရပ်ကွက် ပုသိမ်- မုံရွာကားလမ်းမဘေးရှိ အိမ်၄အား နေထိုင်သူ သိန်းထွန်း ၆၃ နှစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀(တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၆၀၀)ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ သြဂုတ် ၂၂ ရက် ည ၆ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂) ရပ်ကွက် ၆၉ လမ်း၊ ၁၀၇-၁၀၈ လမ်းကြား တွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁) ရပ်ကွက်နေ သူရအေး(ခ)ဟူစိန် ၃၃ နှစ် မောင်းနှင်လာသော ဆိုင်ကယ်နှင့် မုံရွာမြို့နယ် ဆူးလေကုန်းကျေးရွာနေ ကျော်သက်ခိုင်(ခ)တဲလုံး ၃၀ နှစ် မောင်းနှင်ပြီး ချမ်းမြသာစည်မြို့ အောင်ပင်လယ်ရပ်ကွက်နေ လှိုင်မိုး(ခ)ထွန်းလှိုင်မိုး ၃၀ နှစ် လိုက်ပါလာသည့် MITSUBISHI PAJERO မော်တော်ယာဉ်တို့ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀၀(တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၇၂၀၀)ကို ဖမ်းဆီးရမိ ခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် နံနက် ၁၁ နာရီတွင် သတင်းအရ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စု မယ်ဟန်ကျေးရွာအနီးတွင် မူဆယ်မြို့နယ်ဘက်မှ မိုးညှင်းမြို့နယ်ဘက်သို့ မြစ်ကြီးနားမြို့ နန်းကွေ့ရပ်ကွက်နေ ကျော်ဇင်ထွေး ၂၂ နှစ် မောင်းနှင်ပြီး မြစ်ကြီးနားမြို့ နန်းကွေ့ရပ်ကွက်နေ ကျော်ဇင်အေး ၂၉ နှစ် လိုက်ပါလာသော TOYOTA HILUX VIGO အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းတို့နှစ်ဦး သယ်ဆောင်လာသည့် ဘိန်းဖြူအလေးချိန် ၂ ဒသမ ၈၆ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၂၉ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၅၀) ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သြဂုတ် ၁၇ ရက်မှ ၂၄ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် သြဂုတ် ၂၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၁၇ ရက် ည ၈ နာရီမှ သြဂုတ် ၂၄ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၉၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်- ၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၃၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံသီးနှံ ၁၈၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



စစ်ကိုင်း ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၈၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုး ရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ပဲစင်းငုံ ၁၈၇၈၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၃၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲစင်းငုံဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၈၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲစိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေးတို့ အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်း အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုး တက်ကောင်းမွန်အောင် စိုက်ပျိုး နိုင်မည်ဆိုပါက ဒေသတွင်းစားသုံး မှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကင်းမွန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဖျာပုံ ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ကင်းမွန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လ အတွင်းက ကင်းမွန်ပိဿာချိန် ၄၆၀၀၀ ထိသာ တင်ပို့ရောင်းချ နိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကင်းမွန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀၀ မှ ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒေသကနေ ရန်ကုန်ဘက်ကို ရေထွက်ကုန်ပစ္စည်းတွေ ပုံမှန် တင်ပို့ရောင်းချနေပါတယ်။ အဲ့ဒီထဲမှာ ကင်းမွန်တွေ အရင်ကထက် အရောင်းအဝယ် သွက်လာပါတယ်။ ပြီးခဲ့တဲ့လက ကင်းမွန် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ကုန်များများ တင်ပို့ ရောင်းချအားရှိခဲ့တော့ ရေလုပ်ငန်းနဲ့ ဆက်စပ်တဲ့ လုပ်ငန်းရှင်တွေ အဆင်ပြေတာ တွေ့ရပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

အဆိုပါ ပင်လယ်မှဖမ်းဆီး ရရှိသည့်ကင်းမွန်များကို ပွဲရုံပိုင်ရှင်များက စနစ်တကျစစ်ဆေးသန့်စင်ပြီးရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချနေကြောင်း၊ ကင်းမွန်များ ကို ရန်ကုန်မှတစ်ဆင့် တရုတ်နိုင်ငံ နှင့် ထိုင်းနိုင်ငံတို့ကိုအများဆုံး တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကင်းမွန်များတင်ပို့အား တက်လာသည့်အတွက် ကုန်သည် များ၊ ရေလုပ်သားများ၊ ပွဲရုံလုပ်ငန်း ရှင်များ၊ ကုန်တင်ယာဉ်အငှား လိုက်သည့် လုပ်ငန်းလုပ်ကိုင်သူ များ အဆင်ပြေပြေလည်လည်ပတ် လုပ်ကိုင်နေရကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် နှမ်းကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းVRFP ရန်ပုံငွေထုတ်ချေး

မင်းလှ ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီးသာယာဝတီ ခရိုင် မင်းလှမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက နှမ်းကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက် နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစု ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှု နှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် နှမ်းကုန်းကျေးရွာ ၌ ကျေးရွာမတည်ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၈၀ ကို ငွေကျပ် ၂၄ ဒသမ ၈၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃ ဦးကို ငွေကျပ် ၀ ဒသမ ၃ သိန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၀ ဒသမ ၂ သိန်း၊ စုစုပေါင်းအသင်းသူ၊ အသင်းသား ၈၅ ဦးကိုငွေကျပ် ၂၅ ဒသမ ၃၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မကွေးမြို့နယ် ရှားဖောင်းကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီ၊ ကျောက်စရစ်ခင်းခြင်းလုပ်ငန်း စစ်ဆေး



မကွေး ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရှားဖောင်းကန်ကျေးရွာ၌ ပြည် ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း မြေနီ၊ ကျောက်စရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ ကို ဩဂုတ် ၂၄ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မကွေး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန မြို့နယ်ဦးစီး မှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်း များက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များ နှင့်အတူ ရှားဖောင်းကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီ၊ ကျောက်စရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးပြီးခရိုင်ဦးစီး မှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါ ရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သတ်မှတ်စံချိန်စံညွှန်း များနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။


မကွေးမြို့နယ် ရှားဖောင်းကန် ကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေ ၉ လက်မရှိ ကျေးလက်ကုန်ထုတ် လမ်း မြေနီ၊ကျောက်စရစ်ခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၁၇၅ ဒသမ ၆၀ သန်း အသုံးပြုပြီး Myint Zu Aung ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန်လ ၂၅ ရက်မှစတင် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး ပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း များအားလုံး ရာနှုန်းပြည့်ဆောင် ရွက်ပြီးစီးပါက ရှားဖောင်းကန် ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများက ထွက်ရှိမည့်ထွက် ကုန်သီးနှံများကို ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်ပြီး လူမှု စီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။

**ကိုညီ**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။






(၁)

"ဟဲ့ ပူစူးမ နင်တို့အိမ်မှာ နင့်အစ်ကိုနဲ့ နင့်အဖေ ရန်ဖြစ်နေတယ်။ နင့်အစ်ကိုရိုက်လိုက်တာ နင့်အဖေ မျက်ခုံးကွဲသွားတယ်ဆိုလားပဲ။ မြန်မြန် သွားလိုက်အုံး"

ဒေါ်မြင့်စကားကြောင့် စက်ချုပ်ခုံကနေ ပူစူးမ ထရပ်မိသားဖြစ်သွားသည်။ ဒေါ်မြင့်က ပူစူးမ၏ အလုပ်ရှင်။ မော်တာစက် ၁၀ လုံးခန့်ဖြင့် အော်ဒါချုပ် ဘောင်းဘီ၊ အင်္ကျီများချုပ်သော အိမ်တွင်းအသေးစား အထည်ချုပ်လုပ်ငန်းလုပ်ကိုင်သော ဒေါ်မြင့်ဆီမှာ ပူစူးမက စက်ချုပ်အလုပ်သမားဖြစ်သည်။ ဒေါ်မြင့်တို့ အိမ်နှင့် ပူစူးမတို့အိမ်က အရှေ့လမ်း၊ အနောက်လမ်း ဖြစ်သည်။ ဒေါ်မြင့်ကိုယ်တိုင် ခွင့်ပြုပေးလိုက်သဖြင့် ပူစူးမ အိမ်သို့ အပြေးပြန်လာခဲ့လိုက်သည်။ အိမ်သို့ရောက်သောအခါ အဖေမျက်ခုံးကွဲနေပြီး သွေးစက်လက်ဖြင့် အိမ်ရှေ့ခန်းတွင် ထိုင်နေသည်။ ပူစူးမ၏အစ်ကိုဖြစ်သူ ကိုသန်းထွန်းမှာ ပူစူးမကို မြင်သည်နှင့် ဘာမျှမပြောဘဲ လမ်းထိပ်ဘက်ဆီသို့ ခပ်သုတ်သုတ်ထွက်သွားလေတော့သည်။

"ဘယ်လိုဖြစ်ရတာလဲ လူကြားလို့မှ မကောင်းဘူး။ အငယ်မမိကြူ အမေကော"

ညီမဖြစ်သူ ကြူကြူလှိုင်ကို မေးလိုက်ရာ ကြူကြူလှိုင်က အိမ်နောက်ဘက်သို့ မေးငေါ့ပြသည်။ ပုဆိုးတစ်ထည်ကိုဆုပ်ကိုင်၍ ဖရိုဖရဲခေါင်းစုတ်ဖွားဖြင့် အမေထွက်လာတော့သည်။

"ဘာလို့ပြန်လာတာလဲ ပူစူးမရယ်။ ဒေါ်မြင့် ပြန်ခိုင်းတာလား"

"ဟုတ်တယ်လေ။ ကျော်မကောင်းကြားမကောင်း ရပ်ကွက်ပျက်နေတော့ ပြန်လွှတ်လိုက်တာပေ့ါ။ ဘယ်လိုတွေဖြစ်ကြတာလဲ အမေရယ်"

"ဘယ်လိုဖြစ်ရမလဲ ညည်းအဖေပေ့ါ။ အလုပ်ကို နေ့တစ်ဝက်နဲ့ပြန်လာပြီး မူးရူးအောင်သောက်နေတာ။ ကြိုက်လို့သောက်ရင် ကိုယ့်ဘာသာအေးဆေးသောက်ပေ့ါ။ ဟိုလူ့ရန်ရှာ၊ ဒီလူ့ရန်ရှာနဲ့ သန်းထွန်းကို ပြဿနာသွားလုပ်တော့ ဟိုက တီးထည့်လိုက်ရော။ ဟဲ့မိကြူ ဒီပုဆိုးစုတ်ကို ရေဆွတ်ပေးစမ်း။ ညည်းတို့အဖေမျက်ခုံးကို ဆေးရအောင်။ ပြီးရင် ပလတ်စတာ ပြေးဝယ်ပေးအုံး။ ဟိုကောင်ကလေး ဖိုးသားကော ဘယ်ကို သွားဆော့နေလဲ။ အမယ်လေး စားချိန်ဆိုရင် တော့လာစားပါလိမ့်မယ်။ ငါအေ ဝဋ်ကြွေးကြီးလွန်းပါတယ်။ ဖိုးသား ဖိုးသား"

အမေ့အသံသည် စာနေသည့်အဆင့်မဟုတ်ဘဲ ပြာနေသည့်အဆင့်သို့ ရောက်နေတော့သည်။ အဖေဖြစ်သူက အပြစ်ရှိနေသည့်အတွက် မျက်နှာငယ်ဖြင့် ပူစူးမကို ကြည့်နေလေသည်။ ပူစူးမလည်း အမေ့လက်ထဲက ပုဆိုးစုတ်ကိုလှမ်းယူ၍ ရေအနည်းငယ်ဆွတ်ကာ အဖေ့အနားတွင် ထိုင်လိုက်သည်။ အဖေ့မျက်ခုံးမှ သွေးစ၊ သွေးနများကို ရေစိုပုဆိုးစဖြင့် အသာအယာသုတ်ပေးလိုက်သည်။ မျက်ခုံးက ကြီးကြီးမားမား ကွဲသွားတာမဟုတ်သော်လည်း လက်သည်းခွံစာလောက် ပွဲနေသည်။

"အဖေက ဘာလို့သူ့ကိုသွားရစ်တာလဲ"

"အား ကျွတ် ကျွတ် ဖြည်းဖြည်းလုပ်ပါ ပူစူးမရယ် နာလိုက်တာ။ သူ့ကို အဖေမရစ်ပါဘူး။ အဖေ့ဘာသာ ညည်းတို့အမေကို စနေတာပါ။ အဲဒါကို အိပ်နေရင်းက နားညည်းတယ်ဆိုပြီး ထရိုက်သွားတာ။ အား ကျွတ် ကျွတ် အဲဒီလောက်လုပ်လိုက်မယ်လဲ မထင်ဘူးလေ"

"အဖေရယ် သူ့အကြောင်းသိလျက်နဲ့။ သူက ဘယ်တုန်းကများ အဖေ့ကိုညှာဖူးလို့လဲ။ သူ့အဖေ အရင်းမှ မဟုတ်တာ"

"ဟဲ့ ပူစူးမ"

အမေက လှမ်းဟန့်လိုက်သောကြောင့် ပူစူးမ ပြောလက်စစကားကို ရပ်ပစ်လိုက်သည်။ အဖေက လူပျိုလူလွတ်ဖြစ်ပြီး ကလေးတစ်ယောက်အမေတစ်ခုလပ်ကို မေတ္တာရှိ၍ ယူခဲ့ကြခြင်းဖြစ်သည်။ အဖေ့ရုပ်ရည်က ခပ်သန့်သန့်ရုပ်ဖြောင့်ဖြောင့်ဖြစ်ပြီး အမေ့ရုပ်ရည်က သာမန်ရွက်ကြမ်းရေကျိုအဆင့်မျှသာ။ အဖေနှင့်အမေ ရသည့်အချိန်က ကိုသန်းထွန်းမှာ နှစ်နှစ်သားအရွယ်ဖြစ်သည်။ ကိုသန်းထွန်း၏ဖခင်အရင်းဖြစ်သူက ကိုသန်းထွန်းကို အမေကိုယ်ဝန်လွယ်ထားချိန်ကပင် ပစ်ပြေးသွားခဲ့၍ လင်သားမရှိဘဲ ကိုသန်းထွန်းကို မွေးခဲ့ရခြင်းဖြစ်သည်။

ကိုသန်းထွန်း အဖေဖြစ်သူမှာ ကိုယ်ဝန်လွယ်ထားရသည့် ဇနီးမယားတစ်ယောက်ကို ပစ်ပြေးသည်ထိတာဝန်မဲ့သူ၊ စာနာမှုကင်းသူဟု ထင်ခဲ့မိသော်လည်း အမှန်မှာ စရိုက်ကြမ်းသော အမေဖြစ်သူ၏အမှားများလည်းပါကြောင်း၊ လင်ယောကျ်ားကို နှုတ်ဝစီကြမ်းကြမ်းဖြင့်ဆက်ဆံခဲ့ပြီး လင်မယားအဆင်မပြေတိုင်း အိမ်မှနှင်ချခြင်း၊ မောင်းထုတ်ခြင်းများပြုလုပ်ခဲ့၍ ကိုသန်းထွန်း၏အဖေဖြစ်သူက စိတ်နာကာထွက်သွားခြင်းဖြစ်ကြောင်း အဘွားပြောပြဖူးသည်။ ထိုသို့သော စရိုက်ကြမ်းကြမ်းမိန်းမကိုမှ မေတ္တာသက်ဝင်မိသော ပူစူးမတို့၏အဖေသည်လည်း ယခုအခါ အရက်သမားကြီးဖြစ်နေလေပြီ။

ဘုရင့်နောင်ပွဲရုံတွင် ကုန်ထမ်းသည့်အလုပ်ကို လုပ်ပြီး အလုပ်ကပြန်လာသည်နှင့် အရက်သောက်တတ်သည်။ ရလာသမျှပိုက်ဆံကို အမေ့ကိုပေးပြီး အရက်ဖိုးငွေကို ပြန်တောင်းတတ်သည်။ အရက်ဖိုးပြန်တောင်းချိန်တွင် ဆူဆူဆဲဆဲဖြင့် ကျိန်ဆိုခံရပြီးမှ အမေ့ဆီက အရက်ဖိုးရသည်။

ရပ်ကွက်ထဲမှ အပေါင်းအသင်းများက အရက်ဖိုးချန်ပြီး ပိုငွေကိုသာ အမေ့ကိုပေးရန် အကြံပေးဖူးသော်လည်း အဖေကပြောမရခဲ့။ ပြန်လာတိုင်း ပါသမျှငွေ အမေ့လက်ထဲထည့်သည်။ ပေးချိန်တွင် ကြည်သာသော်လည်း အရက်ဖိုးပြန်တောင်းလျှင် အမေက မကြည်သာ။ ထိုပြဿနာသည် တစ်နေ့တည်းကိစ္စမဟုတ်။ နေ့စဉ်နေ့တိုင်း အစဉ်အလာကဲ့သို့ဖြစ်နေသည်။ ကိုသန်းထွန်းကို အဖေက ချစ်သည်။ မယားပါသားဟုပင် အပြောမခံခဲ့။ လင်စုံမယားစုံမွေးထားသောပူစူးမတို့ သုံးယောက်ထက်ပင် ပိုချစ်ခဲ့လေသလားမသိ။ ယခုတော့ ကိုသန်းထွန်းမှာ အသက် ၂၀။ ပူစူးမက ၁၇ နှစ်အရွယ်ပင် ရောက်ခဲ့လေပြီ။ ကိုသန်းထွန်းက ခြောက်တန်းထိ ပညာသင်ကြားခဲ့သည်။ ပူစူးမမှာ ကိုးတန်းထိ ကျောင်းတက်ခဲ့ပြီး အဖေ့လုပ်စာတစ်ခုတည်းဖြင့် မလောက်မငကျပ်တည်းသော မိသားစုအခြေအနေကြောင့် ပညာရေးလည်း ဆုံးခန်းမတိုင်ခဲ့ပေ။ ၁၅ နှစ်သမီးအရွယ်ကတည်းက ကျောင်းနားပြီး ကြာဆံစက်ရုံ၊ မုန့်စက်ရုံများတွင် အလုပ်လုပ်ခဲ့သည်။ ထိုမှ ပြီးခဲ့သည့်နှစ်က ဒေါ်မြင့်၏အိမ်တွင် မော်တာစက်ချုပ်သင်ပြီး အထည်စားဖြင့် ချုပ်နေခဲ့သူဖြစ်သည်။

ကိုသန်းထွန်းမှာ အတည်တကျအလုပ်မရှိ။ ပန်းရန်အလုပ်ရှိလျှင်လုပ်သည်။ ကြက်ဒိုင်တွင်လည်း လုပ်ဖူးသည်။ မလုပ်ချင်လျှင်မလုပ်ဘဲ နားနေပြန်သည်။ လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ လုပ်အားခကိုအိမ်ပြန်မပေး။ သူ့တစ်ကိုယ်ရေ အဝတ်အစားဝယ်သည်။ ဆေးလိပ်ဖိုး၊ အရက်ဖိုးဖြင့် ကုန်သည်။ အလုပ်မလုပ်သည့်ရက်များတွင် အမေ့ဆီက သူသုံးရန် ပိုက်ဆံပြန်တောင်းတတ်သေးသည်။ ထို့ကြောင့် ကိုသန်းထွန်းအလုပ်လုပ်နေလျှင် အမေ့မှာ ဖူးဖူးမှုတ်ထားမတက် သူ့သားကို မျက်နှာသာပေးတတ်သည်။ ကိုသန်းထွန်းက သူအရက်သောက်တတ်သွားခြင်းသည် အဖေ့ကြောင့် စိတ်ညစ်၍သောက်ခဲ့ခြင်းဖြစ်ကြောင်း မဆီမဆိုင်ပြောတတ်သေးသည်။ သားအကြီးဆိုသည့်အရှိန်အဝါဖြင့် အငယ်များကို နိုင်ထက်စီးနင်းဆက်ဆံတတ်သည်။ စိတ်မထင်လျှင် လက်ပါခြေပါတတ်သည်။ ပူစူးမငယ်ငယ်က ကိုသန်းထွန်းရိုက်ချက်ကြောင့် ကွဲပြဲဖူးရောင်ဖြစ်ခဲ့ဖူးသည်။ ပူစူးမ ကျောင်းထွက်ပြီး အလုပ်လုပ်သည့်အချိန်ရောက်မှသာ မရိုက်နှက်တော့ဘဲ အငယ်နှစ်ယောက်ကို နိုင်ထက်စီးနင်းလက်ပါခြေပါ ပြုမူနေတတ်သူဖြစ်သည်။

မောင်နှမများအပေါ် ကိုယ်ထိလက်ရောက်လုပ်သည်ကို သည်းခံနိုင်သော်လည်း ဖခင်အပေါ် ရိုင်းပျမှုအတွက် ပူစူးမ မကျေချမ်းသလိုဖြစ်မိပြန်သည်။ မိခင်ဖြစ်သူက သားဖြစ်သူဘက်မှ ကာဆီးပြီး အဖေ့အမှားအဖြစ်သာ ပြောဆိုနေသည့်အတွက် စိတ်ထဲမကျေမနပ်ဖြစ်မိတော့သည်။

"သန်းထွန်းက သိပ်နေမကောင်းလို့ အိပ်နေတာ။ အဲဒါကို နင့်အဖေက"

"တော်ပါတော့အမေရယ် ဆက်မပြောပါနဲ့တော့"

ပူစူးမစကားကြောင့် အမေ့စကားများ ရှေ့ဆက်မလာဘဲ ရပ်တန့်သွားတော့သည်။ အဖေ့ဒဏ်ရာကို ဆေးထည့်ပေးရင်း စိတ်မသက်သာလှစွာ ပူစူးမလည်း အလုပ်အိမ်ကို ပြန်မသွားတော့ဘဲ ကိုသန်းထွန်း ပြန်လာပြီး အဖေ့ကိုရန်ထပ်လုပ်မည်လည်း စိုးမိသောကြောင့် အိမ်တွင် နေလိုက်တော့သည်။

(၂)

အမေ့ထံသို့ ငွေလွှဲပေးပို့ပြီးသည်နှင့် အမေ့ဆီဖုန်းခေါ်ဆိုလိုက်သည်။ ဖုန်းက ဝင်သည်ဆိုရုံနှင့် အမေ့ထူးသံကြားရသည်။ ပူစူးမဖုန်းကို မည်မျှထိမျှော်နေခဲ့သည်မသိပေ။

"အမေ ငွေသုံးသိန်းပို့လိုက်တယ်။ ပတ်စဝပ်က တစ်ခြောက်လုံးနော်။ ထုတ်ပြီးရင်လဲ ဖုန်းပြန်ခေါ်ပြီး ပြောအုံး။ အဖေ့ကိုသုံးဖို့ တစ်သောင်းလောက်ဖြစ်ဖြစ်ပေးလိုက်ပါနော်။ နောက်ရက်ကျရင် ပူစူးမ ရရင်ရသလို ထပ်ပို့ပေးမှာပါ။ အဖေ့ ညာဘက်ခြေထောက်က ထုံလိုက်ကျဉ်လိုက်ဖြစ်နေတာဆို။ နေမကောင်းရင်လဲ ကုန်ထမ်းတဲ့အလုပ်ကို မလွှတ်ပါနဲ့အမေရယ်။ ကိုသန်းထွန်းကော ဒီရက်ပိုင်း အလုပ်လုပ်ရဲ့လား။ အဖေသောက်၊ ကိုသန်းထွန်းသောက်နဲ့ သားအဖတွေ ပြဿနာမတက်ပါစေနဲ့။ တော်ရုံလဲ အဖေ့ကို မနိုင်စားကြပါနဲ့နော်"

"အိုအေ မနိုင်စားပါဘူး။ သန်းထွန်းလဲ ညည်းမျက်နှာကြောင့် ညည်းအဖေကို ပြဿနာမလုပ်တော့ပါဘူး။ စိတ်မပူပါနဲ့။ ဪ…ဟိုလေသမီး နောက် ၁၀ ရက်လောက်ကျရင် အမေ့ကို ထပ်ပို့ပေးအုံးနော် ပူစူးမလေး"

"အင်းပါ၊ အဖေကိုကော မိကြူနဲ့ ဖိုးသားကိုကော ဂရုစိုက်ပါအမေ။ အမေလဲ နှစ်လုံးထီတွေ ထိုးတယ်လို့ သမီးသတင်းရတယ်။ ရှေ့က အကြွေးတွေကြောင့် စက်ချုပ်အလုပ်ကထွက်ပြီး KTV မှာ အလုပ်လာလုပ်နေရတဲ့သမီးကိုလဲ သနားစိတ်လေး ဝင်ပေးပါအမေ။ သမီးဘဝကိုအနစ်မွှန်းခံပြီး ဒီအလုပ်ကို လာလုပ်နေတာက ဆင်းရဲတွင်းက လွတ်ချင်တာရယ်၊ အဖေ့ကို သနားတာရယ်။ ပြီးတော့ မိကြူနဲ့ ဖိုးသားကို ပညာတတ်ဖြစ်စေချင်လို့ဆိုတာ အမေနားလည်ပေးပါ။ တစ်နှစ်တန်သည် နှစ်နှစ်တန်သည်လုပ်ပြီးရင် သမီး အပြီးပြန်လာတော့မှာအမေ။ အမေလဲ အကြွေးကင်းအောင်နေပေးပါ"

"အေးပါအေ အေးပါ"

(၃)

အိမ်ခဏပြန်နားလို့၍ ပူစူးမ အိမ်ကိုပြန်လာသည်။ ရောက်ရောက်ချင်း အဖေ့ကိုမတွေ့သော်လည်း အဖေအလုပ်သွားသည်ဟုသာ ထင်နေမိသည်။ ညရှစ်နာရီလောက်ထိ အဖေပြန်မလာသောအခါ စိုးရိမ်စိတ်ဖြင့် အဖေ့အကြောင်း အမေ့ကို မေးရတော့သည်။

စာမျက်နှာ ၂၅ သို့ ➤

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၈၁၅ ဧကစိုက်ပျိုးပြီးစီး



**ချောင်းဦး သြဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၈၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် မြေပဲဧက ၉၈၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၈၁၅ ဧက စိုက်ပျိုးပြီး စီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မြေပဲဧက ၉၈၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၉၈၁၅ ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျကြောင်း၊ မြေပဲတစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေရုံမျှမကပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း သြဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူဇာက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခေါင်းပွပိဿာချိန် ၇၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးခေါင်းပွများ အပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ဒီဘက်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ ရောင်းချနေတာ။ ဇူလိုင်လ ပထမပတ်လောက်ကနေ ငါးခေါင်းပွတွေ တင်ပို့အားကောင်းလာတာပါ။ ပြည်တွင်းမှာကို ငါးခေါင်းပွက ဝယ်ယူမှုများနေပါတယ်။ လက်ရှိ ငါးခေါင်းပွတွေ ဝယ်ယူမှု ကောင်းလာသလို ဈေးလဲကောင်းလာပါတယ်။ ဒါကြောင့် ငါးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူဇာက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးခေါင်းပွ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူဇာက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ပညာတံခွန် တလူလူလွှင့်လို့

- "ပညာဟူ မြတ်ရွှေအိုး"
  လူခိုးလို့ မရပါ၊
  "ပညာရဲရင့် ပွဲလယ်တင့်"
  ကြွားဝင့်နိုင်စွာ၊
  အချိန်ရှိခိုက် မြတ်ပညာ
  ကြိုးစားကာ ပြည့်ဝမှ၊
  ဘဝတာ
  အလှဖြာ ဂုဏ်ရောင်ဝင်း
  ပျံ့သင်းမည်ပါ။

- "ပညာလို အိုသည်မရှိ"
  သတိချပ် အသိမူ၊
  ငယ်ရွယ်ချိန် နိုးနိုးကြားကြားနဲ့
  ကြိုးစားသင်ယူ၊
  ပညာတင့် ဘဝဇမ္ဗူ
  အောင်လံထူ လူ့ဘောင်တစ်လွှား၊
  ဖြိုးလက်စွာ
  တိုးတက်ကာ လူဝင်ဆံ့
  ခံ့ထည်မြင့်မား။

- ပညာဂုဏ် လျှမ်းတောက်ကြွားဖို့
  ကြိုးစားကြ လူငယ်တွေ၊
  ဘက်စုံချွန် ပညာတတ်များ
  ထွန်းကားဖို့လေ၊
  အနာဂတ် မျိုးဆက်အမွေ
  မဖြစ်မနေ ဝန်တာများ၊
  ထမ်းရွက်ညီ
  လှမ်းတက်ချီ ဆက်ခံကြလေဖို့
  ဗလငါးတန် ဂုဏ်ရောင်တင့်စွာဖြင့်
  ပညာတံခွန် တလူလူလွှင့်လို့
  မြှင့်ကြစေသား။ ။

**ခိုင်ခိုင်နွယ်(ပညာရေး)**

➢ စာမျက်နှာ ၂၄ မှအဆက်

"ညည်းအဖေ သန်းထွန်းနဲ့ရန်ဖြစ်ကြသေးတယ်။ အဲဒီနေ့က အိမ်ရှေ့မှာ သန်းထွန်းက ဆောင့်တွန်းလိုက်လို့ ညည်းအဖေ ပစ်လဲကျသွားတယ်။ ခြေလွန်လက်လွန်မဖြစ်အောင် ငါထိန်းလိုက်လို့ အဲဒီလောက်နဲ့ပြီးသွားတယ်။ သန်းထွန်းကိုလဲ ငါကောင်းကောင်းဆူလိုက်တယ်။ ထစ်ခနဲရှိ လက်ပါတာငါမကြိုက်ဘူးလို့၊ ပုစုးမလဲ မကြိုက်ဘူးလို့"

"အဲဒီလိုဖြစ်ပြီး နောက်နေ့မနက်ကတည်းက အဖေထွက်သွားတာ အခုအချိန်ထိ ပြန်မလာဘဲပျောက်နေတယ်ပေါ့။ ဘာလို့ ကျွန်မကို ဒီအကြောင်းမပြောတာလဲအမေရယ်။ အဖေ ပျောက်နေတာ တစ်ပတ်ရှိပြီပေါ့ဟုတ်လား။ ဘာလို့ ကျွန်မကိုမပြောပြတာလဲ။ အခုတောင် ကျွန်မ အိမ်ပြန်လာလို့သိရတာ။ အဖေက အရက်သောက်တတ်ပေမဲ့ မိသားစုကို လုပ်ကိုင်ကျွေးတဲ့အဖေပါ။ ကျွန်မအခုဘဝရောက်နေတာကို မျက်ရည်စက်လက်ကျပြီး အိမ်ပြန်လာဖို့ အမြဲမှာတတ်တဲ့အဖေပါ။ အမေတို့ အဖေ့အပေါ်ရက်စက်ပေမဲ့ ကျွန်မကတော့မရက်စက်နိုင်ဘူး။ ကျွန်မအဖေကို ကျွန်မချစ်တယ်။ အဖေ့ကို ကျွန်မလိုက်ရှာမယ်"

အဖေ့ကိုရှာပုံတော်ဖွင့်ဖို့ အဖေအလုပ်လုပ်တဲ့ပွဲရုံကိုရောက်ခဲ့သည်။ အဖေပျောက်သွားသည့်နေ့ကတည်းက အလုပ်မလာတော့ကြောင်း သိရသည်။ အဖေ့အမျိုးများရှိရာ နယ်မြို့များထိ လိုက်စုံစမ်းသည်။ အဖေ့သတင်းအစအနပင်မရခဲ့။ ဗေဒင်မေးကြည့်သောအခါ ကွယ်လွန်ခဲ့ပြီလိုလိုဟောကိန်းထုတ်နေ၍ လူပျောက်တိုင်၊ ပိုင်ရှင်မဲ့သေဆုံးမှုအလောင်းများထိ လိုက်သတင်းမေးရသည်။

သေသောသူ ကြာလျှင်မေ့၊ ပျောက်သောသူ ရှာလျှင်တွေ့ဆိုသည့်အတိုင်း အဖေ့ကို ပုစုးမလိုက်ရှာမိတာ အရှုံးတစ်ပိုင်းပါပဲ။ အမေဖြစ်သူကတော့ ပုစုးမလောက် သောကဖြစ်နေပုံမရ။ ကိုသန်းထွန်းလည်းသူ့ကြောင့် အဖေထွက်သွားရသည်ကို အားနာရကောင်းမှန်းမသိ။ အဖေ့ကိစ္စထက် ပုစုးမအလုပ်ပြန်သွားလုပ်သည့်အခါ ငွေကိုပို့ပေးရန်နှင့် အိမ်ပြင်လိုကြောင်း၊ ကိုသန်းထွန်းကလည်း သူဘေးတွဲဆိုင်ကယ်မောင်းလို၍ ဝယ်ပေးစေလိုကြောင်းများသာ ပြောနေကြပြန်သည်။ ပုစုးမ အမေနှင့်အစ်ကိုကို ဘယ်လိုမှနားမလည်နိုင်ဖြစ်ခဲ့ရသည်။ တစ်လလောက် အဖေ့ကိုစုံစမ်းရင်း သတင်းအစအနလည်းမရသည့်အဆုံး လက်ထဲလည်း ငွေကနည်းပါးလာသည်ကြောင့် ပုစုးမ အလုပ်ပြန်လုပ်ရန် နယ်မြို့ကို ပြန်လာခဲ့ရပြန်သည်။

(၄)

အဖေပျောက်သွားသည်မှာ နှစ်နှစ်တင်းတင်းပြည့်ခဲ့ပြီ။ အိမ်ပြန်သည့်ရက်တိုင်း အဖေ့သတင်းကို စုံစမ်းခဲ့သည်။ အဖေသည် ပျောက်ချင်းမလှပျောက်ဆုံးနေပြီး လောကကြီးထဲ၌ ရှိနေသေးလားကိုပင် အတည်မပြုနိုင်တော့ပေ။ ပုစုးမ အဖေ့ကိုသတိရမိသည်။ အဖေပြန်လာသည်ဟု မကြာခဏအိပ်မက်မက်ခဲ့သည်။ သို့သော် အဖေသည် သတင်းသဲ့သဲ့မျှပင်မကြားရဘဲ ပျောက်ဆုံးနေဆဲဖြစ်သည်။ အဖေ သက်ရှိထင်ရှားရှိနေပေးရန်နှင့် ဘေးကင်းပါစေကြောင်း ဘုရားထံပါးမှာ ပုစုးမအကြိမ်ကြိမ်ဆုတောင်းနေခဲ့သည်။ ပုစုးမတို့မိသားစု၏ စီးပွားရေးအခြေအနေသည် မပြည့်သည့်အိုးကဲ့သို့ပင်။ ပုစုးမ မည်မျှပင်ရှာဖွေပေးပို့ပါသော်လည်း အမေ့မှာ အဆင်ပြေသည်မရှိ။ လိုအပ်ချက်များက တောင်ပုံရာပုံပင်။ စိတ်ပျက်ခြင်းများစွာဖြင့် ပုစုးမ၏ဘဝဖြစ်တည်မှုကို ဝဋ်ကြွေးဟုသာ ခံစားနေရသည်။ ကောင်းရာမွန်ရာဘဝရှင်သန်မှုဆီ ပုစုးမခြေဦးမလှည့်နိုင်ခဲ့သေး။

နောက်ဆုံးအကြိမ်မမည်သော ရုန်းထွက်မရနိုင်သည့် ဘဝအကျိုးပေးလုပ်ငန်းခွင်ဆီ အခါခါဦးလှည့်ရပြန်သည်။ ပုစုးမ အကောင်းမွန်ဆုံးရှင်သန်ချင်နေသည်။ အဖေ့ကိုလည်း လွမ်းဆွတ်သည်။ နောက်ဆုံးဟူသောဆုံးဖြတ်ချက်ဖြင့် ဆယ်လမွန်ငါးတစ်ကောင်လို အိမ်ပြန်မိပြန်သည်။ သည်တစ်ကြိမ်မှာဖြင့်–

"အမေ မိကြူ ဘယ်သွားနေတာလဲ။ ပြန်လာကတည်းက မိကြူကို မတွေ့ဘူး။ ကျောင်းမတက်ချင်တော့ဘူးဆိုလို့ စက်ချုပ်သင်တန်းတက်ခိုင်းထားတာ။ စက်ဝယ်ဖို့လဲ ပိုက်ဆံပို့ထားတယ်။ ဘယ်မှာလဲ စက်လဲမတွေ့ဘူး"

ပုစုးမအမေးကို အမေက ချက်ချင်းမဖြေဘဲ ဖုန်းတစ်လုံးနှင့် ငွေထည့်ဆော့ရသော ကျွဲဂိမ်းဆိုသည်ကို ဆော့နေသည်။

"အမေ မိကြူကော"

"မိကြူ မော်လမြိုင်ဘက်မှာ ညည်းလိုပဲ KTV မှာလုပ်နေတယ်။ မိကြူက ညည်းလိုမလိမ္မာပါဘူး။ ရသမျှအဝတ်အစားဝယ်၊ သုံးဖြုန်းနေတာ။ ဒီရက်ပိုင်း ငါဆူလို့ မနေ့က တစ်သိန်းလှမ်းပို့ပေးတယ်"

အမေက အေးအေးလူလူပေါ့ပေါ့ပါးပါး ပြောထွက်လာသည့်စကားပင်။ ပုစုးမနားထဲတွင် ကြားရသည့်စကားက မိုးကြိုးသံအလား။ "အမေရယ်"လို့သာ ပုစုးမနှုတ်က ရေရွတ်မိရင်း ရပ်နေသည့်ခြေထောက်များက ခွေညွတ်ကျသည်ထိ။ အစ်ကိုဖြစ်သူ ကိုသန်းထွန်းက အိမ်ရှေ့ကွပ်ပျစ်တွင် ဘေးအိမ်ကလူနှင့် ကျားထိုးနေသည်။ ပုစုးမ ညီမလေးမိကြူတစ်ယောက် ကျားရဲတွင်းနှုတ်ခမ်းဝကို ရောက်နေရှာပြီ။ စိတ်မသက်မသာဖြစ်ရသည်။

"ငါခိုင်းတာမဟုတ်ဘူး။ မိကြူကိုယ်တိုင်က သိပ်လှချင်တာ။ သူ့ဘာသာ သူသဘောနဲ့သူ သွားလုပ်တာ"

ပုစုးမ အဝတ်အစားအိတ်ကိုချထားသည့်နေရာမှ ပြန်ဆွဲယူလိုက်ပြီး အိမ်ပေါ်က ဆင်းလာလိုက်သည်။

"ဟဲ့ ပုစုးမ ဒါက ဘယ်လဲ"

ပုစုးမပြန်လှည့်ပြီးမဖြေဆိုတော့ဘဲ လမ်းမကြီးပေါ်ရောက်သည့်အခါ တက္ကစီတစ်စီးတား၍ အဝေးပြေးကားဝင်းဆီထွက်လာခဲ့လိုက်သည်။ အမေ့ဆီ နောင်ဘယ်သောအခါမျှ ပုစုးမပြန်မလာတော့ပါ။ နာကျင်ရလွန်း၍ ထုံကျဉ်နေသည့်ရင်ဘတ်တစ်စုံနှင့် အဝေးဆုံးခရီးကို ချီတက်ရင်း ပုစုးမမျက်ဝန်းထဲတွင် အဖေ့ကို အခါခါမြင်ယောင်လာပါတော့သည်။ အဖေ မသေဆုံးသေးပါဘူး။ အဖေလည်း ပုစုးမလို နာကျင်လွန်းလို့ လွင့်ထွက်သွားတာပါဟု နားလည်လာမိသည်။ အဖေကတော့ အစအနပင် သတင်းမကြားရအောင်ပျောက်သွားခဲ့ပြီ။ သည်တစ်ကြိမ်မှာဖြင့် ပုစုးမကိုယ်တိုင်လည်း လွင့်ရင်း လွင့်ရင်း…။

# ပျော်ရွှင်မှုဆုလာဘ်

## ဦးကြွယ်ဝချမ်းသာ

**"မိမိကိုယ်ကိုချစ်သလို သင်၏အိမ်နီးနားချင်းများကို ချစ်ခင်ပါ"**

**(ဆိုရိုးစကားအဆုံးအမ)**

ဘဝဆိုတာ ရှုထောင့်အမျိုးမျိုးအရ အကောင်းအဆိုး အနက်အဓိပ္ပာယ် ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်ပါတယ်။ ဘဝဆိုတာက မေတ္တာတရားနဲ့ ပျော်ရွှင်မှုရှိမှ အဓိပ္ပာယ်ပြည့်ဝတယ်လို့ အချို့က ဆိုကြပါတယ်။ ဘဝဆိုတာ မွေ့လျော်ပျော်ပိုက်စရာ၊ နေထိုက်တဲ့အရာ၊ သာတောင့်သာယာရှိရမှာပေါ့လို့ ပြောသူတွေလည်း ရှိတာပဲ။ ကျေနပ်နှစ်သက်ဖွယ်၊ လိုချင်တောင့်တစိတ်ဆန္ဒတွေလည်း ပြည့်စုံသင့်တယ် စသဖြင့် ဖော်ပြကြတာလည်း တွေ့ရပါတယ်။ ဘဝဇာတ်ခုံ၊ ဘဝတိုက်ပွဲ၊ ဘဝခရီးစသဖြင့် တင်စားကြတဲ့ ရူပကအလင်္ကာ၊ ဥပမာအလင်္ကာတွေလည်း ဖတ်ဖူးကြပေမယ်။

"SCIENCE OF HAPPINESS" **ပျော်ရွှင်မှုသိပ္ပံ့ အတတ်ပညာ**"ဆိုတဲ့ခေါင်းစဉ်နဲ့ ဟားဗတ်တက္ကသိုလ်က ပါမောက္ခတစ်ဦးဟောပြောနေတာကို စာရေးသူ ကြည့်လိုက်ရဖူးပါတယ်။ ယူကျုကမြင်ရတဲ့ လူထု ပရိသတ် ဟောပြောပွဲပါ။

သင့်ရဲ့ဘဝမှာ ပျော်ရွှင်မှုတွေတိုးပွားအောင် ဘာတွေကိုဘယ်လိုလုပ်ရမယ်ဆိုတဲ့ ဟောပြောသွားတဲ့အချက်တွေဟာ တက္ကသိုလ်ပါမောက္ခတစ်ဦးပီပီ စီကာစဉ်ကာ အချက်နဲ့ အလက်နဲ့ စနစ်တကျတင်ပြသွားလိုက်တာ ပရိသတ်များ သဘောကျလက်ခံကြရကြောင်း တွေ့မြင်လိုက်ရပါတယ်။ အကြောင်းအရာကို ကောင်းကောင်းလေ့လာပြုစုထားပြီး အချက်အလက်တွေလည်း ကောင်းတာပဲ။ သာဓကေယုတ္တိ၊ ပသာဒယုတ္တိ၊ အာဂမယုတ္တိ၊ သဘာဝယုတ္တိတွေနဲ့ တော်တော်လေးပြည့်စုံအောင် ပြောတတ်တယ်။ ကောင်းတာတွေပြောနေတာဖြစ်တဲ့အပြင် ဟောပြောတင်ပြပုံလည်း ကောင်းပါတယ်။

သူ့ရဲ့ဟောပြောချက်က ရှည်နေတာရယ်။ သူတို့အနောက်တိုင်း ပညာတတ်၊ ပညာရှင်အသိုင်းအဝိုင်း ပရိသတ်အတွက် သီးသန့်ရည်ရွယ်ချက်နဲ့ ပြောဆိုတာမို့ရယ်၊ သူ့စကားအတိုင်း ဘာသာပြန်မယ်ဆိုရင် ရှည်လျားပြီး မိမိတို့နားနဲ့ မဆီလျော်လောက်ဘူး ထင်မိတယ်။ ဒီနေရာမှာ အနောက်တိုင်းစာရေးဆရာများကော၊ အာရှစာရေးဆရာများကော သဘောတူညီကြတဲ့သဘောထားအချက်တစ်ခု ရှိခဲ့တယ်။ "အရှေ့သည်အရှေ့၊ အနောက်သည် အနောက်"ဆိုတဲ့အယူအဆ ပြောဆိုချက်ပါပဲ။ နိုင်ငံအချင်းချင်း ကိုယ်ကျိုးစီးပွား၊ ကိုယ့်အကျိုးစီးပွားနဲ့ပတ်သက်လာရင် ဝိရောဓိတွေ၊ အားပြိုင်မှုနဲ့ ပဋိပက္ခတွေက ရှိလာစမြဲပဲ။ ဒါ့ပြင် သမိုင်းနောက်ခံကားနဲ့ ယဉ်ကျေးမှုကွဲပြားခြားနားချက်ကလည်း စဉ်းစားတွေးခေါ်ပုံ မတူကြခြင်းရဲ့ အကြောင်းရင်းတစ်ချက်ပါတယ်။ ကိုလံဘီယာတက္ကသိုလ်က စီးပွားရေးဆိုင်ရာဌာန ပါမောက္ခ ဒေါက်တာဂျက်ဖရီဒေးဗစ်ဆပ်ချ် (Professor Dr. Jeffery David Sachs)က လူမျိုးစရိုက်နဲ့ သာဓက ဆောင်ပြတယ်။ တရုတ်က မဟာဗျူဟာ အမြင်ပါတဲ့ Go ဆိုတဲ့ အားပြိုင်ကစားပုံနဲ့ တွေးခေါ်တယ်။ ရုရှားက စစ်တုရင်ကစားပုံ ကစားနည်းနဲ့ တွက်ချက်တယ်တဲ့။

နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံဟာ အတွေးအခေါ် မတူနိုင်ဘူး။ ဖြတ်သန်းလာတဲ့ အတွေ့အကြုံက မတူခဲ့ကြတာရယ်၊ အတွေ့အကြုံကာလ အချိန်ရင့်ကျက်မှုရယ် ကွာခြားကွဲပြားတာလည်း ပါတာပဲတဲ့။ အမေရိကန်နိုင်ငံက သမိုင်းအသက် ၂၀၀ ကျော်၊ ၂၅၀ ပဲရှိတယ်။ ရုရှားကနှစ်ပေါင်း ၁၀၀၀ ကျော် ၁၂၀၀ လောက်ရှိခဲ့ပြီ။ တရုတ်က နိုင်ငံကြီးဖြစ်တည်ခဲ့တာ နှစ်ပေါင်း ၄၀၀၀ ခန့်ရှိခဲ့ပြီ။ သမိုင်းစာမျက်နှာတွေ သင်ယူခဲ့ရတာချင်း ကွာခြားနေတာကိုးလို့ သမိုင်းဆရာတစ်ယောက်က ထောက်ပြပါတယ်။ ဒါဟာလည်း ထည့်သွင်းစဉ်းစားစရာပဲ။

ပျော်ရွှင်မှုကို သိပ္ပံနည်းကျ ချဉ်းကပ်လေ့လာပြီး ကိန်းချသရုပ်ခွဲဟောပြောတဲ့ ပါမောက္ခရဲ့ ဆွေးနွေးဖော်ပြချက်ကိုလေ့လာပြီး ကိုယ့်ရေမြေ၊ ကိုယ့်အခြေအနေ၊ ကိုယ့်ယဉ်ကျေးမှုနဲ့ကိုက်ညီ အကျိုးရှိအောင်၊ အသုံးကျအောင်ပဲ အနည်းငယ်ချုံ့ပြီးဖော်ပြပါရစေ။

ဘာသာတရားရဲ့ နှစ်ပေါင်း ၂၅၀၀ ရှည်ကြာခိုင်မာတဲ့ အဆုံးအမတွေထဲမှာလည်း ချမ်းသာခြင်းနဲ့ပတ်သက်တဲ့ ဟောကြားချက်တွေအများကြီး ရှိထားပြီးသားပဲလေ။ တင်းတိမ်ရောင့်ရဲနိုင်ခြင်းဟာ ချမ်းသာပြည့်စုံခြင်းပဲ။ မရှိလို့လည်း စိတ်မညစ်ဘူး။ ပေါများနေလို့လည်း ဘဝင်မမြင့်ဘူး။ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ပစ္စည်းဥစ္စာရှိခြင်း၊ မရှိခြင်းအတွက် မိမိစိတ်ကို မထိပါးအောင် နေတတ်သူတွေလည်း ရှိနိုင်ပေတာပဲ။ ယောနိသော မနသိကာရ၊ သင့်တင့်စွာနှလုံးသွင်းတတ်ခြင်း။

များစွာရှိခဲ့တယ်။ စစ်ဟာလူသားတွေကို သားတကွဲ၊ မယားတကွဲ၊ သေကျေရှုံးသာမက၊ လက်ပြတ်၊ ခြေပြတ်၊ မျက်စိကန်း၊ ဒုက္ခိတဘဝတွေ ဖြစ်စေခဲ့။ အမုန်းတရားနဲ့ စစ်မက်ရဲ့ဆိုးကျိုးတွေ ဖော်ပြမကုန်နိုင်။

မိသားစုတစ်ခုအတွင်းမှာတောင် သဘောထားကွဲလွဲ ငြင်းခုံကြရင်း ရန်ဖြစ်ကြရင် ဘယ်လောက်စိတ်ညစ်စရာကောင်းသလဲ။ စဉ်းစားကြည့်လိုက်ပါ။ ဆဲဆိုအပြစ်တင်ရုံမက၊ ထိုးကြိတ်၊ သတ်ဖြတ်ကြတဲ့အထိ။ မိသားစုပြိုကွဲ နာကြည်းသွားခြင်းမျိုး။ အမုန်းနဲ့ဒေါသက ပူလောင်စေသလို မေတ္တာရဲ့ အေးမြပုံတွေ ပြောရင် မဆုံးနိုင်ပါ။

မေတ္တာရဲ့ကြီးမားတဲ့စွမ်းအားနဲ့ အကျိုးရှိပုံတွေကို သိမြင်နားလည်ပါ။ Faith of Love မေတ္တာအပေါ် တန်ဖိုးထားယုံကြည်ပါ။ အမုန်းများ၊ ဒေါသများ၊

**❖ အများအကျိုးဆောင်မှကိုယ့်အကျိုးလည်း အောင်မြင်မှုရနိုင်တာပဲ။ ပျော်ရွှင်ခြင်းနိယာမမှာ အသိုင်းအဝိုင်း လူ့ပတ်ဝန်းကျင်နဲ့ ရှင်သန်ကြရတဲ့ လောကမှာ မိမိတစ်ဦးတည်း တဲပုတ်တွေပတ်ချာလည်ထဲ ထီးတည်းတိုက်မြင့်ကြီးနဲ့ နေရရင်လည်း မပျော်ပိုက်နိုင်ပါဘူး။ သူတစ်ပါးကို တတ်နိုင်သမျှ လက်တွဲဖေးမကူညီရမယ်လေ။ လူအများကို စီးပွားတိုးအောင် မိမိတတ်နိုင်သလောက် လမ်းပြကူညီရပေမှာပဲ။ မမြင်မကန်း စမ်းတဝါးဝါးသွားနေသူတွေကို ချောက်ထဲကျင်းထဲမကျစေအောင် ပြောပြကူညီနိုင်တာပဲ။ ❖**

ဟောပြောသူ ပါမောက္ခကလည်း ပျော်ရွှင်ခြင်းဟာ ပြင်ပအခြေအနေ၊ တည်နေရာ၊ ရာသီဥတု၊ အပူအအေး၊ အလင်းအမှောင်ဆိုတာတွေထက် မိမိရဲ့အတွင်းက စိတ်သဘောထားနဲ့သာ ပိုပြီးသက်ဆိုင်ပါတယ်လို့ ဆိုပါတယ်။

ပျော်ရွှင်မှုရစေတာက မိမိရဲ့သဘောထားအခံနဲ့ အဓိကကျတာပဲ။ သဘောထားထဲမှာ အလေ့အထ၊ အလေ့အကျင့်ကို အလေးထားတတ်ခြင်းလည်း ပါတယ်။ တစ်နာရီ(မိနစ် ၆၀ ကျော်) ဟောပြောသွားတာကို အတိုဆုံး အကျဉ်းဆုံးစကား ခြောက်လုံးနဲ့ ဖော်ပြပါဆိုရင်တော့ အောက်ပါအဓိကစကားလုံး ခြောက်ချက်ပါပဲ။

1. Faith of Love — **မေတ္တာနဲ့နေတတ်ခြင်း၊**
2. Family — **မိသားစုစည်းလုံးခြင်း၊**
3. Friendships — **မိတ်ဆွေချစ်ခင်ခြင်းများ၊**
4. Work-earn your Success — **အလုပ်ခွင် အောင်မြင်မှုရှိခြင်း၊**
5. Help Others/ Service Others — **သူတစ်ပါးကိုကူညီခြင်း၊ အများအကျိုးဆောင်ခြင်း၊**
6. Gratitude — **ကျေးဇူးသိတတ်၊ တင်တတ်ခြင်း၊**

ပျော်ရွှင်မှုကိုတိုးပွားစေနိုင်တယ်။ ပျော်ရွှင်မှုကို မြင့်မားစေတယ်။ ကြည်နူးသာယာမှုကို ဖြစ်ထွန်းစေတဲ့အရာတွေဟာ ဝေးဝေးကိုသွားရှာမနေနဲ့။ မိမိကိုယ်တိုင် ပိုင်ဆိုင်တဲ့သဘောထားအမြင်(Attitude) သာ အညွှာပါပဲ။ အောက်ဖော်ပြပါခြောက်ချက်အပြင် အရှေ့တိုင်းအမြင်တစ်ရပ် သူ့ဟောပြောချက်ကို ဖြည့်စွက်ခွင့်ပြုမယ်ဆိုရင်တော့ (ပါမောက္ခကလည်း လက်ခံလောက်ပါတယ်)

7. Inner Peace — စိတ်ငြိမ်းချမ်းမှု (သမာဓိ၊ သိက္ခာ)

### ၁။ မေတ္တာနဲ့နေတတ်ခြင်း

ကမ္ဘာဂြိုဟ်ပေါ်မှာ စစ်ပွဲတွေလည်း အကြိမ်ပေါင်း ရန်လိုမှုများ၊ ရိုင်းစိုင်းခြင်းများ၊ တိုက်ခိုက်ဖျက်ဆီးခြင်းများဟာ ကောင်းမွန်တဲ့ရလဒ် မပေါ်ထွက်နိုင်ပါ။

### ၂။ မိသားစုစည်းလုံးမှု

မိသားစုတွေ အခြေအနေအမျိုးမျိုး မိမိတို့ပတ်ဝန်းကျင် ရပ်ထဲရွာထဲမှာပင် တွေ့မြင်နိုင်ပါတယ်။ ချစ်ခင်စည်းလုံးကြတဲ့ မိဘ၊ သားသမီး၊ ညီအစ်ကို၊ မောင်နှမ၊ သူတို့ဘဝ ပျော်ရွှင်ကြည်နူးကြတဲ့ မျက်နှာတွေနဲ့ပဲ။ ချမ်းသာတာ၊ ဆင်းရဲတာနဲ့ မဆိုင်လှဘူး။ အပြန်အလှန် လေးလေးစားစား၊ ကြင်ကြင်နာနာ၊ ချိုချိုသာသာနဲ့ ဘေးကကြည့်ရသူတွေပါ သူတို့မိသားစုရဲ့ပျော်ရွှင်မှုက ကူးစက်ပျံ့နှံ့တယ်။

ညီအစ်ကိုအချင်းချင်း ထိုးကြိတ်သတ်ပုတ်။
ညီအစ်မအချင်းချင်း အော်ဟစ်ဆဲဆို။
လင်မယားချင်းရန်ဖြစ်သံလည်း ဆူညံ။
ကျော်မကောင်း၊ ကြားမကောင်း။

ငွေကြေးဥစ္စာ ချမ်းသာပြည့်စုံကြပါရဲ့။ ပျော်ရွှင်အေးချမ်းမှုတော့ ကင်းမဲ့နေတာ၊ စိတ်ပျက်စရာပါ။

### ၃။ မိတ်ဆွေပေါင်းသင်း ဆက်ဆံခြင်း

ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်သာသာရှိကြတဲ့ ပုဂ္ဂိုလ်တွေကို လူတွေကချစ်ခင်ရင်းနှီးချင်ကြတယ်။ လူချစ်လူခင်များတယ်။

သူကလည်း သူတစ်ပါးကို ခင်မင်တတ်တယ်။ ကူညီချင်စိတ်ရှိတယ်။ အချိန်ဘယ်လောက်ကြာကြာ မိသားစုဝင်တွေရဲ့ နာမည်တွေကအစ တစ်ယောက်မကျန် မှတ်မိတယ်။ သူတစ်ပါးကို စိတ်ဝင်တစားအားပေးတယ်။ ကူညီတယ်။ သာရေးနာရေး ပါဝင်ဝိုင်းဝန်းပေးတယ်။ ဒီတော့ တစ်ရွာလုံး၊ တစ်မြို့လုံးကလည်း သူ့အိမ်မှာ အလှူပွဲ၊ မင်္ဂလာပွဲ တစ်စုံတစ်ခု ပြုတယ်ဆိုရင်ပဲ ထောင့်စေ့အောင် လာရောက်ဝိုင်းဝန်းကူညီကြတာ ပျော်စရာကြီး။ တက်ညီလက်ညီပါဝင်လုပ်အားပေးကြတဲ့အခါ အလုပ်တွေ သိပ်တွင်တာပဲ။

မိတ်ကောင်းဆွေကောင်းတွေ ဝန်းရံထားရင်မှုချ ဒီလူဟာ ကြီးပွားထွန်းပေါက်တော့တာပဲ။ လူချစ်လူခင်များတော့ သူ့ရဲ့ကောင်းသတင်းတွေက အရပ်ရှစ်မျက်နှာ မွှေးသင်းကြိုင်လှိုင်နေတာလေ။ လူကြီးတွေက အားကိုးရ၊ လူငယ်တွေက လေးစားကြ။ သူပါရင်အရာရာ အောင်မြင်။ လူ့အဖွဲ့အစည်းမှာ သံလိုက်ဓာတ် စေးကပ်စေတဲ့အစွမ်း မိတ်ဆွေစွမ်းအား (Friendships) ကလျာဏမိတ္တသမ္ပဒါ ဆိုတဲ့တရား မြတ်စွာဘုရား အလေးထားညွှန်ပြခဲ့ပေတာပဲ။ သပ္ပုရိသဥပနိဿယျစက်တဲ့။ ဆရာကောင်း မိတ်ဆွေကောင်းရှိသူတွေက အောင်မြင်ကြတယ်။ အောင်မြင်မှုတွေရတော့ ပျော်ရွှင်ကြတာပေါ့။

### ၄။ လုပ်ငန်းခွင်အောင်မြင်မှု

အလုပ်ခွင်မှာ ဘာလုပ်ရမှာလဲ ရွေးချယ်သိမြင်တတ်သူက ဦးဆောင်တဲ့နေရာရောက်မှာပဲ။ အမြော်အမြင်ပြည့်ဝသူ။ ဘယ်အလုပ်မျိုးဖြစ်ဖြစ် ထိထိရောက်ရောက် ကျွမ်းကျွမ်းကျင်ကျင် စီမံခန့်ခွဲတတ်တယ်။ သူက မန်နေဂျာနေရာရမှာပဲ။ အတတ်ပညာ၊ နည်းပညာ သူကလေ့လာလေ့ကျင့်ခဲ့တော့ တတ်မြောက်ထားတာကိုး။

ဘာလုပ်ရ ဘာကိုင်ရမှန်းမသိ။ ပညာအမြော်အမြင်လည်း မရှိ။ ဘယ်အလုပ် ဘယ်အခြင်းအရာဆိုရင် ဘယ်လိုနည်းလမ်းမျိုးတွေ သုံးတတ်ရမယ်ဆိုတာ မသိ။ ထိုလူစားကတော့ အညံ့စား၊ အလုပ်ကြမ်းသမား၊ အစေအပါးသာ ဖြစ်ပေမှာပဲ။ လက်နက်အားကိုးနဲ့ သူခိုး ဓားပြ လုယက်တောင်းရမ်းစားသူမျိုးသာ ဖြစ်လာပေလိမ့်မယ်။

အသိပညာရှိသူက အကြီးအမှူး၊ အမှုဆောင်အရာရှိချုပ်၊ အတတ်ပညာတတ်ကျွမ်းနားလည်သူက အထွေထွေမန်နေဂျာ။ ကျွမ်းကျင်လိမ္မာတော့ လုပ်ငန်းတွေက ကြီးကြီးမားမား၊ မြန်မြန်ဆန်ဆန် အောင်မြင်ဖွံ့ဖြိုးလာကြ။ ရေမြင့်ကြာတင့် အောင်ပွဲအဆင့်ဆင့်ကြောင့် ပျော်ရွှင်မှု၊ ဘဝအရည်အသွေး တိုးတက်ဖွံ့ဖြိုးလို့ ကုသိုလ်ကောင်းမှုတွေ ပို၍ပို၍ ပြုနိုင်လာကြ။

### ၅။ အများအကျိုးဆောင်က ကိုယ့်အကျိုးရ

အများအကျိုးဆောင်မှ ကိုယ့်အကျိုးလည်း အောင်မြင်မှုရနိုင်တာပဲ။ ပျော်ရွှင်ခြင်းနိယာမမှာ အသိုင်းအဝိုင်း လူ့ပတ်ဝန်းကျင်နဲ့ ရှင်သန်ကြရတဲ့ လောကမှာ မိမိတစ်ဦးတည်း တဲပုတ်တွေပတ်ချာလည်ထဲ ထီးတည်းတိုက်မြင့်ကြီးနဲ့ နေရရင်လည်း မပျော်ပိုက်နိုင်ပါဘူး။ သူတစ်ပါးကို တတ်နိုင်သမျှ လက်တွဲဖေးမကူညီရမယ်လေ။ လူအများကို စီးပွားတိုးအောင် မိမိတတ်နိုင်သလောက် လမ်းပြကူညီရပေမှာပဲ။ မမြင်မကန်း စမ်းတဝါးဝါး သွားနေသူတွေကို ချောက်ထဲကျင်းထဲမကျစေအောင် ပြောပြကူညီနိုင်တာပဲ။ ကံကိုယုံပြီး ဆူးပုံနင်းနေသူတွေ ရှိတတ်တယ်။ ကယ်နိုင်သမျှ ကယ်ဆယ်ကူညီပေးမှ ကိုယ်လည်း စိတ်ချမ်းသာရတယ်။ သူတစ်ပါးကို အလေးထားစောင့်ရှောက်တာဟာ သူတော်ကောင်းတို့ရဲ့ လက္ခဏာပါ။

### ၆။ ကျေးဇူးသိတတ်၊ တင်တတ်ခြင်း

ကျေးဇူးသိတတ်ရင် မိမိကော သူတစ်ပါးပါ စိတ်ချမ်းသာရပါတယ်။ ကျေးဇူးဆပ်ဖူးရင် မိမိရဲ့ကုသိုလ်ကောင်းမှုအတွက် ဘယ်သူဘယ်ဝါသိသိ၊ မသိသိ မိမိကိုယ်ကို ချီးမွမ်းကျေနပ်ပြီး ပျော်ရွှင်မှုရပါတယ်။ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများကို နှစ်သစ်ဦး တန်ခူးလ၊ ဝါကျွတ်သီတင်းကျွတ်လ အာစရိယပူဇော်ပွဲများမှာ နှစ်စဉ်မပျက် ပါဝင်လှူဒါန်းပြီး ဆရာ၊ ဆရာများကို ပူဇော်ပါတယ်။ ရတဲ့အကျိုးကတော့ သူတို့ရဲ့ အပြုံးများနဲ့ ဆုပေးစကား၊ "ငါ့တပည့်က တော်တယ်"တဲ့။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်ကြစေလိုတယ်။ ပျော်ရွှင်မှုက မုချရတာပဲ။ အတွင်းစိတ်ထား စိတ်ကောင်းစိတ်မြတ် မွေးမြူပါ။ မိမိကိုယ်တိုင် ပျော်ရွှင်သာယာ စိတ်ချမ်းသာ။

## အိန္ဒိယနိုင်ငံ Himachal Pradesh ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် လူ ၃၀၀ ကျော်သေဆုံးခဲ့



နယူးဒေလီ ဩဂုတ် ၂၅

အိန္ဒိယနိုင်ငံ Himachal Pradesh ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် လူ ၃၀၀ ကျော် သေဆုံးခဲ့ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ဇွန် ၂၀ ရက်မှစ၍ ယနေ့ထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယာဉ်မတော်တဆမှု ၁၄၈ မှု ဖြစ်ပွားခဲ့သည့်အပြင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေပြိုခြင်း၊ ရုတ်တရက် ရေကြီးခြင်းများကြောင့် လူဦးရေ ၃၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

Himachal Pradesh ပြည်နယ်တစ်ဝန်းတွင် သဘာဝဘေးများဖြစ်သည့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မြေပြိုခြင်း၊ ရုတ်တရက် ရေကြီးခြင်းများကြောင့် ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ထိခိုက်မှုအများဆုံးမှာ ပြည်နယ်အတွင်းရှိ Mandi နှင့် Kangra ခရိုင်တို့ဖြစ်ကြောင်း၊ အဆိုပါ သဘာဝဘေးများကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အိန္ဒိယရူပီး ၂၇ ဒသမ ၄၃ ဘီလီယံခန့်ရှိသည်ဟု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်များက ခန့်မှန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## အင်္ဂလန်နိုင်ငံ ဟောရှမ်မြို့အနီးတွင် တောမီးလောင်ကျွမ်းကာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ

လန်ဒန် ဩဂုတ် ၂၅

အင်္ဂလန်နိုင်ငံ ဟောရှမ်မြို့အနီးတွင် ဩဂုတ် ၂၄ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်ကားများ အစီးရေ တိုးမြှင့်စေလွှတ်ထားသကဲ့သို့ မီးသတ်တပ်ဖွဲ့ဝင် အင်အား ထပ်မံတိုးမြှင့်ထားကြောင်း၊ တောမီးကိုအမြန်ဆုံး ငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ကား ၁၀ စီးထိ အသုံးပြုထားကြောင်း၊ တောမီးသည် လူနေအိမ်ခြေများဆီသို့ ကူးစက်လောင်ကျွမ်းနိုင်သည့်အခြေအနေ မဟုတ်သော်လည်း တောမီးလောင်ကျွမ်းမှု ထွက်ပေါ်လာသော မီးခိုးငွေ့များသည် အနီးပတ်ဝန်းကျင်လူနေအိမ်ခြေများဆီသို့ ပျံ့နှံ့ရောက်ရှိနေကြောင်း West Sussex Fire & Rescue Service (WSFRS) က ထုတ်ပြန်သွားခဲ့သည်။

"အင်္ဂလန်နိုင်ငံ ဟောရှမ်မြို့အနီး လောင်ကျွမ်းနေတဲ့တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေသလို တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားပေးနေပါတယ်။ မီးသတ်ကား အစီးရေ ၁၀ စီးထိ အသုံးပြုထားပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ လေတိုက်နှုန်းကြောင့် တောမီး ဆက်လက်ပျံ့နှံ့နိုင်ပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ လူနေအိမ်ခြေတွေဆီကို ကူးစက်လောင်ကျွမ်းနိုင်တဲ့ အခြေအနေမဟုတ်ပေမဲ့လဲ မီးခိုးငွေ့တွေက လူနေအိမ်ခြေတွေဆီကို ပျံ့နှံ့ရောက်ရှိနေပါတယ်"ဟု West Sussex Fire & Rescue Service (WSFRS) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## စပိန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ သမိုင်းတစ်လျှောက် အချိန်အကြာဆုံး အပူလှိုင်းဖြတ်သန်းမှုအဖြစ် မှတ်တမ်းဝင်

မက်ဒရစ် ဩဂုတ် ၂၅

စပိန်နိုင်ငံတွင် ဩဂုတ် ၃ ရက်မှ ၁၈ ရက်ထိ အပူလှိုင်းဖြတ်သန်းကာ စပိန်နိုင်ငံသမိုင်းတစ်လျှောက် အချိန်ကြာဆုံး အပူလှိုင်းဖြတ်သန်းမှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း National Meteorological Agency က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းကာလရှည်ဖြတ်သန်းခဲ့ခြင်းကြောင့် အပူချိန်စံချိန်တင်မြင့်တက်လျက်ရှိနေပြီး အပူချိန် ပမာဏမှာ ၄၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း၊ အပူလှိုင်းဖြတ်သန်းမှု ပြီးဆုံးသွားခဲ့ပြီဖြစ်သော်လည်း ယနေ့ထိ အပူချိန်မြင့်တက်နေဆဲဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုနှင့်အတူ တောမီးလောင်ကျွမ်းမှုလည်း ဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဟက်တာ ၃၅၀၀၀၀ ထိ လောင်ကျွမ်းပျက်စီးခဲ့ကြောင်း National Meteorological Agency ကထုတ်ပြန်သွားခဲ့သည်။

"၂၀၁၉ ခုနှစ်နောက်ပိုင်းမှာ ဆိုးရွားတဲ့ အပူလှိုင်းဖြတ်သန်းမှု ငါးကြိမ်ထိ ဖြစ်ပေါ်ခဲ့ပါတယ်။ အပူလှိုင်းဟာ ဩဂုတ် ၃ ရက်ကနေ ၁၈ ရက်ထိ အချိန်ကြာမြင့်စွာ ဖြတ်သန်းခဲ့တယ်။ သက်တမ်းတစ်လျှောက် အချိန်အကြာဆုံး အပူလှိုင်းဖြတ်သန်းမှုတစ်ရပ်ဖြစ်ပါတယ်။ အပူချိန်ပမာဏဟာလဲ ၄၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့တယ်။ အပူလှိုင်းဖြတ်သန်းတဲ့ကာလအတွင်း တောမီးလောင်ကျွမ်းမှုတွေလဲ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီနေ့ထိ အပူချိန်မြင့်တက်နေဆဲဖြစ်ပါတယ်"ဟု National Meteorological Agency မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## တရုတ်နိုင်ငံတောင်ပိုင်းတွင် တိုက်ခတ်နေသည့် တိုင်ဖွန်းကာဂျီကီ အားကောင်းလာခြင်းကြောင့် လူပေါင်းများစွာ ဘေးလွတ်ရာရွှေ့ပြောင်းနေ

ပေကျင်း ဩဂုတ် ၂၅

တရုတ်နိုင်ငံ တောင်ပိုင်းရှိ Sanya မြို့အပါအဝင် ပြည်နယ်တချို့တွင် တိုက်ခတ်နေသည့် တိုင်ဖွန်းကာဂျီကီ အားကောင်းလာခြင်းကြောင့် လူပေါင်းများစွာ ဘေးလွတ်ရာ ရွှေ့ပြောင်းနေကြောင်း မြို့နယ်အုပ်ချုပ်ရေးဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် တရုတ်နိုင်ငံအတွင်းရှိ လူပေါင်းတစ်သန်းငါးသောင်းကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပြီး သင်္ဘောများကိုလည်း ပင်လယ်အတွင်းသွားလာ မောင်းနှင်ခြင်းမပြုကြရန် သတိပေးထားကြောင်း၊ နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းတချို့ကို ယနေ့မှစ၍ ပိတ်ထားကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်စဉ် လေတိုက်နှုန်းသည် တစ်နာရီ ကီလိုမီတာ ၁၈၀ ရှိကြောင်း၊ Guangdong ပြည်နယ်နှင့် Gu-angxi ပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ကာ မိုးရေချိန် ၃၂၀ မီလီမီတာထိရွာသွန်းနိုင်သဖြင့် သတိပြုနေထိုင်ကြရန် တရုတ်နိုင်ငံ၏ မိုးလေဝသအေဂျင်စီက သတိပေးထားကြောင်း သိရသည်။

အဆိုပါမုန်တိုင်း ဗီယက်နမ်နိုင်ငံသို့အရောက်တွင် လေတိုက်နှုန်းသည် တစ်နာရီ ၁၆၆ ကီလိုမီတာသို့ လျော့ကျနိုင်ကြောင်း ဗီယက်နမ်အမျိုးသား မိုးလေဝသဌာနက ခန့်မှန်းထားသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်းသည် ယနေ့တွင် တရုတ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်ပြီးနောက်တွင် တရုတ်နိုင်ငံနယ်စပ်မှတဆင့် ဗီယက်နမ်နိုင်ငံသို့ ထပ်မံဝင်ရောက်တိုက်ခတ်နိုင်ကြောင်း တရုတ်အမျိုးသားမိုးလေဝသဌာနက ခန့်မှန်းထားသည်။

ဗီယက်နမ်အာဏာပိုင်များ၏ အဆိုအရ ၎င်းမုန်တိုင်းသည် ကုန်းတွင်းပိုင်းရှိ Thanh Hoa၊ Quang Tri၊ Hue နှင့် Danang ပြည်နယ်များကို အဓိကဝင်ရောက်တိုက်ခတ်နိုင်သဖြင့် အဆိုပါပြည်နယ်များမှ လူပေါင်း ၅၈၆၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် စီစဉ်နေကြောင်း၊ နိုင်ငံရှိ ကမ်းရိုးတန်းပြည်နယ်များမှ သင်္ဘောများ သွားလာခုတ်မောင်းမှုကိုလည်း ဩဂုတ် ၂၄ ရက်ကတည်းက ကြိုတင်တားမြစ်ထားကြောင်း၊ ဗီယက်နမ်လေကြောင်းခရီးစဉ် ၂၂ ခုကိုလည်း ယနေ့တွင် ဖျက်သိမ်းခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြခဲ့သည်။

Ref : Russia Today
Trs : KZ

## အိန္ဒိယနိုင်ငံ ဂျမ်မူးမြို့တွင် မိုးသည်းထန်၍ အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့

နယူးဒေလီ ဩဂုတ် ၂၅

အိန္ဒိယနိုင်ငံ ဂျမ်မူးမြို့တွင် ဩဂုတ် ၂၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(IMD)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂျမ်မူးမြို့တွင် မိုးရေချိန်မှာ ၁၉၀ ဒသမ ၄ မီလီမီတာထိ မြင့်တက်ခဲ့ပြီး ၎င်းမိုးရေချိန်ပမာဏမှာ ရာစုနှစ်အတွင်း ဒုတိယမြောက် မိုးရေချိန်အမြင့်မားဆုံး ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဧရိယာများမှာ ကာသူအာဧရိယာ၊ ဆမ်ဘာဧရိယာ၊ ရီယာစီဧရိယာနှင့် အူဟမ်ပူရ်ဧရိယာ တို့ဖြစ်ကြောင်း၊ မိုးရေချိန်မြင့်မားစွာ ရွာသွန်းမှုကြောင့် ဂျမ်မူးမြို့အတွင်း အခြေခံပညာ မူလတန်း ကျောင်းများနှင့် အလယ်၊ အထက်တန်းကျောင်းတချို့ကို ယာယီပိတ်ထားကြောင်း သိရသည်။

"ဂျမ်မူးမြို့မှာ ဩဂုတ် ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပါတယ်။ မိုးရေချိန်ဟာ ၂၄ နာရီအတွင်း ၁၉၀ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်မားခဲ့ပြီးတော့ ရာစုနှစ်အတွင်း ဒုတိယမြောက်မိုးရေချိန်အမြင့်ဆုံးဖြစ်ပါတယ်။ မိုးရေချိန် မြင့်မားတဲ့အတွက်ကြောင့် အချိန်တိုအတွင်းမှာပဲ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်လာရင်တော့ရေကြီးရေလျှံမှုအခြေအနေဟာ ပိုမိုဆိုးရွားသွားနိုင်ပါတယ်"ဟု အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(IMD) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဘဝအခက်အခဲများနှင့် ထားရှိသင့်သောစိတ်ခွန်အား

ထက်ဝေအောင်(စစ်ကိုင်း)

လူတိုင်းသည် စားဝတ်နေရေး၊ ဘဝရှင်သန်ရပ်တည်ရေးအတွက် အလုပ်လုပ်ကြရသည်။ မိသားစုဘဝတွင် ငွေကြေးသည် အသက်ရှူသံဖြစ်ပေသည်။ နေ့စဉ်ဘဝ ငွေကြေးမပြည့်စုံလျှင် အသက်ရှူသံများ ပိုမိုကျယ်လောင်မည်ဖြစ်သည်။ ငွေကြေးအရ အသက်ရှူချောင်လည်သူများအတွက် ကြည်သာရွှင်လန်း အပြုံးပန်းတို့ပွင့်နိုင်ပေမည်။ ငွေကြေးပြေလည်မှုသည် စိတ်ပျော်ရွှင်မှု၏ တစ်စိတ်တစ်ဒေသလည်းဖြစ်ပေသည်။ လူတိုင်းပြုံးခွင့်ရှိသည်။ သို့တိုင် လူတိုင်းမပြုံးနိုင်ပေ။ ရှုပ်ထွေးသောလောကခံ၏ ရိုက်ပုတ်မှုဒဏ်ကို အနည်းနှင့်အများ အလူးအလဲခံစားနေကြရသည်။ လုပ်ခ၊ လစာရှာဖွေလျက် ပြုံးနိုင်အောင်ကြိုးစားရပေမည်။ အပြုံးသည် စိတ်ချမ်းသာမှု၏ သင်္ကေတဖြစ်ပေသည်။ ဆင်းရဲချမ်းသာမရွေး စိတ်ချမ်းသာမှုရှာဖွေရမည်ဖြစ်သည်။လူတစ်ဦးနှင့်တစ်ဦး၊ အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့ အလုပ်တာဝန်များထမ်းဆောင်ကြရာတွင် စိတ်ခံစားချက်ကောင်းမွန်ရေးသည် လွန်စွာအရေးကြီးပေသည်။

စိတ်ဓာတ်မကျဆင်းရေး နည်းလမ်းများ ရှာဖွေကြရမည်။ စာဖတ်ခြင်းသည် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ စာဖတ်ခြင်းမှရရှိလာမည့် အကောင်းဆုံးအတွေးအမြင်များဖြင့် မိမိ၏စိတ်အစဉ်ကို ပြုပြင်နိုင်သည်။ အကောင်းဆုံးနည်းလမ်းအတိုင်း ကျင့်ကြံနေထိုင်ကြသည်။ စိတ်သည် လှုပ်ရှားပြေးလွှားပြီး ဟိုရောက်၊ သည်ရောက်နေလေ့ရှိပေသည်။ စိတ်ပျံ့လွင့်မှုအားကြီးသဖြင့် စိတ်ခွန်အားလျော့ကျစေသည်။ စိတ်အလို မကျမှုများဖြင့် စဉ်းစားတွေးခေါ်နိုင်စွမ်းလျော့ကျလာမှုကို သတိထားရမည်။ မှန်ကန်သောအဖြေထွက်ရှိရေး စိတ်မြန်နေသည့်တိုင် ခေါင်းအေးအေးဖြင့် စဉ်းစားကြရသည်။ စိတ်တည်ငြိမ်အောင်ကြိုးစားလုပ်ဆောင်နိုင်မှသာ ထွက်ပေါက်ကိုတွေ့ရှိရမည်ဖြစ်သည်။ စိတ်မတည်ငြိမ်မှုနှင့် စိတ်အလိုမကျမှုသိရှိလျှင် အကောင်းဆုံးအဖြေတစ်ခု တွက်ချက်နိုင်မည်ဖြစ်သည်။

စိတ်ထွက်ပေါက်ပိတ်သူသည် သေသည်နှင့်မခြားဘဝကို ပစ်ပယ်ထားလေ့ရှိသည်။ စိတ်သဘာဝသည် လွန်စွာဆန်းကြယ်ပေသည်။ စိတ်ကျေနပ်မှုရရှိလျှင် အခိုက်အတန့်ပျော်ရွှင်စေသည်။ စိတ်မကျေနပ်လျှင် အခိုက်အတန့်စိတ်ဆင်းရဲစေသည်။ ပျော်ရွှင်သောစိတ်ကိုကြာရှည်အောင် မထိန်းသိမ်းနိုင်သော်လည်း စိတ်ဆင်းရဲမှုသည် တာရှည်သည်။ နာတာရှည်ရောဂါသဖွယ် ကိုယ်ခန္ဓာကိုဒုက္ခပေးနိုင်သည်။ သို့ဖြစ်၍ လူတစ်ဦးတွင် အကောင်းမြင်စိတ်လိုအပ်ပေသည်။ တစ်ဦးနှင့်တစ်ဦး အကောင်းမြင်စိတ်ထားရန် မလွယ်ကူသော်လည်း တဖြည်းဖြည်းလေ့ကျင့်ရမည်ဖြစ်သည်။ အကောင်းမြင်စိတ်သည် လူ့ပတ်ဝန်းကျင်တစ်ခုလုံးကို အသွင်ပြောင်းစေနိုင်သည်။ တစ်ပါးသူ၏အပြစ်ကို ရှာဖွေခြင်းထက် မိမိအပြစ်ကို ဆင်ခြင်လျက် စိတ်သက်သာရာရစေနိုင်သည်။ မိမိကိုယ်ကို ဆန်းစစ်အဖြေရှာလျက် ပြုပြင်ဆောင်ရွက်မှုသည် နောင်တဟူသော စိတ်ပူပန်မှုကို မဖြစ်အောင်ကြိုးစားကြရမည်ဖြစ်သည်။

လူတိုင်း စိတ်ခွန်အားလျော့ကျချိန်ရှိပေသည်။ စိတ်ခွန်အားလျော့ကျချိန်၊ စိတ်ရှုပ်ထွေးချိန်များတွင် ကြုံတွေ့ရင်ဆိုင်နေရသည့်လောကခံကို ဖြေရှင်းတုံ့ပြန်ရန်အားနည်းလေ့ရှိပေသည်။ စိတ်ရှုပ်စရာအခြေအနေများကို ကျော်လွှားနိုင်ရန် စိတ်ညစ်ရသည့်အကြောင်းအရာကိုရှာဖွေလျက် တစ်ခုချင်းဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါလုပ်ဆောင်ချက်သည် စိတ်ဓာတ်ကို ဦးမော့လာစေသည်။ စဉ်းစားတွေးခေါ်မှုသည် ဉာဏ်ပညာကိုဖြစ်စေပြီး အမှားအယွင်းနည်းစေသည်။ ဉာဏ်ပညာသည်



အတွေးလွန်မှုကို အားမပေးပေ။ အတွေးလွန်မှုသည် တွန့်ဆုတ်မှုဖြစ်စေသည်။ တွန့်ဆုတ်မှုမှတစ်ဆင့် စိုးထိတ်မှုဖြစ်စေနိုင်သဖြင့် အတွေးအာရုံမှရုန်းထွက်နိုင်အောင်ကြိုးစားရပေမည်။ လုပ်သင့်သည့်အလုပ်ကို အချိန်ဆွဲဆောင်ရွက်ခြင်းသည် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ လျစ်လျူရှုစရာကိစ္စများကို ခေါင်းထဲမှ ဖယ်ထုတ်၍ လုပ်သင့်သည့် ဦးစားပေးအလုပ်ကို ပြတ်သားစွာလုပ်ဆောင်ရမည်ဖြစ်သည်။

စိတ်ဓာတ်ကျဆင်းရသည့် အကြောင်းအရာကို ဆန်းစစ်အဖြေရှာရမည်ဖြစ်သည်။ စီမံခန့်ခွဲမှု၏နောက်ကွယ်တွင် အစီအစဉ်တကျရေးဆွဲဆောင်ရွက်မှုဖြင့် လုပ်ငန်းအောင်မြင်စေသည်။ အစီအစဉ်တစ်ခုချင်းအလိုက် တိကျပြတ်သားစွာအလုပ်လုပ်ဆောင်ရန်လိုပေသည်။ လုပ်ငန်းခွင်တွင် အချိန်ပြည့် အလုပ်ရှုပ်နေသည့် အချိန်များလည်းရှိပေသည်။ ထိုအချိန်များကိုလွန်လျှင် စိတ်အပန်းဖြေနိုင်သည့် လက်ကျန်အချိန်တချို့ရှိသည်။ စိတ်ပန်းလူပန်းဖြစ်နေသည့် ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာအနားပေးရန်လိုသည်။ အချို့သော လုပ်ငန်းခွင်များတွင် အချိန်ပြည့်အလုပ်မရှုပ်ပါပေ။ အလုပ်လုပ်ရင်း စိတ်ကိုအနားပေး၍ အလုပ်ဆက်လုပ်နိုင်ပေသည်။ စိတ်အနားပေးလုပ်ဆောင်မှုသည် စိတ်ပေါ့ပါးမှုကိုဖြစ်စေသည်။

လူသည် ရဲရင့်သည်။ ဉာဏ်ပညာရှိပြီး အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်သူဖြစ်သည်။ အတွေ့အကြုံသည် ဘဝသင်ခန်းစာကောင်းသဖွယ်ဖြစ်သည်။ နေ့သစ်တိုင်းအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ သတိပြုဆင်ခြင်းများကိုဖြစ်စေနိုင်သည်။ လူတိုင်း ဘဝရည်မှန်းချက်ကိုယ်စီရှိကြပေသည်။ ရည်မှန်းချက်ကြောင့် အောင်မြင်မှုရသူများရှိသည်။ အောင်မြင်သင့်သလောက် မအောင်မြင်ကြသူများလည်းရှိသည်။ အထွဋ်အထိပ်ရောက် အောင်မြင်သူများသည် မဆုတ်မနစ်ကြိုးစားခဲ့သော စိတ်ဓာတ်ခွန်အားကြောင့် ဘဝရည်မှန်းချက်ပြည့်ဝခြင်းဖြစ်သည်။ အောင်မြင်သူတိုင်း၏ ဘဝနေ့ရက်များသည် အချိန်ကိုက်ဆောင်ရွက်ရမည့် အလုပ်များနှင့် ပြည့်နှက်နေလေ့ရှိသည်။

ပြတ်သားသော ဆုံးဖြတ်ချက်ချမှတ်နိုင်မှုနောက်ကွယ်တွင် စိတ်ဓာတ်ခွန်အားများစွာ ပါရှိနေသည်။ အားကိုးရှာသော စိတ်ဓာတ်မျိုးမဟုတ်ဘဲ လေ့ခွက်ချည်းကျန် အလံမလှဲစိတ်ဓာတ်သာဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာကြည့်လျှင် မဆုတ်မနစ်ကြိုးစားဆောင်ရွက်လိုစိတ်အခြေခံထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။ တစ်ဦးချင်းစိတ်ဓာတ်ကောင်းမွန်မှအစပြု၍ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖျက်စိတ်ဓာတ်ကို ဘေးဖယ်ထားရမည်ဖြစ်သည်။ မည်သည့်အလုပ်မဆို ပထမဦးဆုံးခြေလှမ်းသည် လွန်စွာတွန့်ဆုတ်လေ့ရှိသည်။ အတွေ့အကြုံသည် ကျွမ်းကျင်မှုကိုဖြစ်စေပြီး ယုံကြည်မှုကိုတိုးတက်စေနိုင်သည်။ ယုံကြည်မှုရှိသော သူတစ်ယောက်၏ စကားအပြောအဆို၊ လုပ်ရည်ကိုင်ရည်သည် အများနှင့်မတူကွဲပြားနေလေ့ရှိပေသည်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုသည် နေရာတိုင်းတွင် လိုအပ်လှပေသည်။ ရဲရင့်စွာကြိုးစားဆောင်ရွက်မှသာ အရာရာအောင်မြင်မှုရရှိနိုင်သည်။ မရဲရင့်မှုသည် အောင်မြင်မှုနှင့်ဝေးကွာစေသည်။

ရဲရင့်သော ခြေလှမ်းများဖြစ်ပေါ်ရေး ကျန်းမာရမည်။ ကျန်းမာမှ လန်းဖြာနိုင်ပေမည်။ ကျန်းမာရေးအလေးထား၍ ကိုယ်ခန္ဓာသန်စွမ်းရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားနည်းတစ်ခု လုပ်ဆောင်ရန်လိုသည်။ အချိန်ပေး၍ လမ်းလျှောက်သင့်သည်။ အကြောလျှော့ လေ့ကျင့်ခန်းများဖြစ်သည့် ဇက်ကြော၊ ဒူးကြော၊ ခါးကြော၊ ခြေကျင်းဝတ်ကြောများ ပြေလျှော့ရေး မိနစ်အနည်းငယ် အချိန်ပေး၍ လုပ်ဆောင်သင့်သည်။ ပြီးနောက် အသက်ရှူလေ့ကျင့်ခန်းတစ်ခုဖြစ်သည့် ငါးစက္ကန့်အသက်ရှူသွင်းပြီး လေကို မထုတ်သေးဘဲ ဆယ်စက္ကန့်အောင့်ထားပြီး ငါးစက္ကန့်အတွင်း လေကိုပြန်ထုတ်ရမည်ဖြစ်သည်။ ကိုယ်ခန္ဓာအတွင်းရှိ မသန့်ရှင်းသောလေများကို ဖယ်ရှားနိုင်စွမ်းရှိသော အသက်ရှူလေ့ကျင့်ခန်းတစ်ခုဖြစ်သဖြင့် နေ့စဉ်ပြုလုပ်မည့်အကြိမ်အရေအတွက် သတ်မှတ်၍ လေ့ကျင့်သင့်ပေသည်။

အလားတူပင်စိတ်ခွန်အားတိုးပွားရေးအတွက် ပြတ်သားသော စိတ်ပိုင်းဖြတ်မှုထားရှိရမည်ဖြစ်သည်။ အလုပ်ချိန်တွင် တာဝန်ကျေပွန်အောင် ထမ်းဆောင်မည်။ အလုပ်အားလပ်ချိန်တွင် ကောင်းစွာအနားယူမည်။ အာဟာရဖြစ်စေမည့် အစားအစာကို မျှတအောင်စားသောက်မည်။ ပန်းချီဆွဲခြင်း၊ စာဖတ်ခြင်း၊ ရေကူးခြင်း၊ ကြက်တောင်ရိုက်ခြင်း အစရှိသော စိတ်အပန်းပြေရာ အလုပ်များကို ပေါ့ပေါ့ပါးပါးလုပ်ဆောင်မည်။ စိတ်ပျော်ရွှင်မှုသည် အလုပ်နှင့် ဘဝတိုးတက်ရေးကို များစွာအထောက်အကူပြုသဖြင့် ကြိုးစားဆောင်ရွက်လိုစိတ်ကို မြှင့်တင်ရမည်ဖြစ်သည်။

ပြုံးဖို့ အခက်ခဲရှိသူတိုင်း မှန်ရှေ့တွင် ပြုံးကြည့်သင့်သည်။ ကျား၊ မ မရွေး မှန်ရှေ့တွင် တွေ့ရသည့် အပြုံးနှင့် မိမိ၏စိတ်ခွန်အားကို မြှင့်တင်ရမည်ဖြစ်သည်။ အပြုံးတွင် လိုအပ်ချက်ကိုဖြည့်စွက်၍ ပိုလှအောင်ပြုံးရမည်ဖြစ်သည်။ တစ်နေ့ထက်တစ်နေ့ ရှင်သန်ချိန်ကာလကိုတန်ဖိုးထား၍ ပြုံးဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။ မိမိ၏ အပြုံးတစ်ပွင့်သည့် မိမိ၏ ပင်ကိုယ်အလှသင်္ကေတဖြစ်ပေသည်။ အပြုံးကို စိတ်ဝင်တစားဂရုစိုက်ခြင်းဖြင့် အပြုံးပန်းတို့ပွင့်လာမည်ဖြစ်သည်။ စိတ်ဓာတ်ခွန်အားရရှိမှုသည် မိမိစိတ်ကို ပြုပြင်ခြင်းမှသာ ရရှိနိုင်သဖြင့်ပြုံး၍ စိတ်ဓာတ်ခွန်အားမြှင့်တင်ကြရမည်ဖြစ်သည်။

ငါစွမ်းဆောင်နိုင်သည် ဟူသော ယုံကြည်ချက်ဖြင့် ဘက်ပေါင်းစုံမှထိုးနှက်လာသည့် လောကခံကို ရင်ဆိုင်ပြီး ပြိုလဲလိုသောစိတ်ကို ပြန်လည်တည့်မတ်ရမည်ဖြစ်သည်။ မျက်နှာမဲ့သူ အရှုံးဖြစ်သည်။ လောကခံ၏ အထုအထောင်းကို တွန်းလှန်တိုက်ထုတ်နိုင်သရွေ့ အမြင့်ဆုံးစိတ်ဓာတ်ခွန်အားရရှိလာမည်ဖြစ်သည်။ ဘဝသမိုင်းမရိုင်းစေရန် လောကခံကို အကောင်းဆုံး အနိုင်ယူနိုင်မည့် နည်းလမ်းများကို စဉ်ဆက်မပြတ် ရှာဖွေနေရမည်ဖြစ်ပြီး အောင်မြင်လိုလျှင် ဘဝကိုအလွယ်တကူအရှုံးမပေးဘဲ ရာခိုင်နှုန်းပြည့် ကြိုးစားရမည်ဖြစ်သည်။ လှပတဲ့အပြုံးဖြစ်အောင်ပြုံး၍ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ငါးကြီးဆီအကြောင်း သိကောင်းစရာ

နှင်းအိ(ရာမညမြေ)

ငါးကြီးဆီကို ငါးစားခြင်း သို့မဟုတ် ဖြည့်စွက်စာစားခြင်းက ရရှိနိုင်သည်။ ကောင်းမွန်သော အဆီတစ်မျိုးဖြစ်သည့် အိုမီဂါ-၃ ဖက်တီးအက်စစ်များပါဝင်သော ငါးများမှာ ငါးသေတ္တာအုပ်စုဝင်ငါးများ၊ တူနာငါး၊ ဆယ်လ်မွန်ငါး၊ ကဘီလူးအုပ်စုဝင်ငါး၊ စတာဂျင်ငါး၊ အပြာရောင်ငါး၊ ဆာဒင်းငါး၊ ငါးအငယ်စားလေးများ၊ ငါးသလောက်အုပ်စုဝင်ငါး၊ ထရောက်ငါးတို့ဖြစ်သည်။ ငါးကြီးဆီ ဖြည့်စွက်စာများကို ငါးသေတ္တာအုပ်စုဝင်ငါးများ၊ ငါးသလောက်အုပ်စုဝင်ငါးများ၊ တူနာငါး၊ ဆယ်လ်မွန်ငါး၊ ဟဲလဗတ်ငါး၊ ကော့ဒ်ငါးအသည်း၊ ဝေလငါးအဆီ သို့မဟုတ် ပင်လယ်ဖျံအဆီစသည့် ငါးများက ပြုလုပ်ထားခြင်းဖြစ်သည်။ ငါးကြီးဆီသည် အထူးသဖြင့် အဆီဓာတ်ကြွယ်ဝသော ငါးများ၏ တစ်ရှူး က ထုတ်ယူရရှိသော အဆီတစ်မျိုးဖြစ်သည်။ ၎င်းတွင် ကျန်းမာရေးအတွက် အရေးကြီးသော အိုမီဂါ-၃ ဖက်တီးအက်စစ်များပါဝင်သည်။ ငါးကြီးဆီသည် အသုံးပြုမှုအများဆုံး အစားအသောက်ပိုင်းဆိုင်ရာ ဖြည့်စွက်အာဟာရများထဲက တစ်ခုဖြစ်သည်။ ငါးကြီးဆီသည် များစွာသော ရောဂါများကို ကာကွယ်ပေးနိုင်သော အစွမ်းသတ္တိများ အပါအဝင် ကျန်းမာရေးကို အထောက်အကူများစွာ ပြုနိုင်သည့်အတွက်ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှတစ်ပတ်ကို အနည်းဆုံးတစ်ကြိမ်မှနှစ်ကြိမ်ခန့် ငါးနှင့်ပတ်သက်သော အစားအသောက်များကို စားသုံးရန်အကြံပြုထားသည်။ အကယ်၍ ငါးနှင့်ပတ်သက်သော အစားအစာများကို မကြာခဏ စားသုံးသောအလေ့အထမရှိပါက လုံလောက်သော အိုမီဂါ-၃ဖက်တီးအက်စစ်များရရှိနိုင်ရန် ငါးကြီးဆီပါဝင်သော ဖြည့်စွက်အာဟာရများကို စားသုံးသင့်သည်။ ငါးကြီးဆီ၏ ၃၀ ရာခိုင်နှုန်းခန့်ကို အိုမီဂါ -၃အဆီများဖြင့်ဖွဲ့စည်းထားပြီး ကျန်သော ၇၀ ရာခိုင်နှုန်းခန့်ကို အခြားသောအဆီများဖြင့် ဖွဲ့စည်းထားသည်။ အိုမီဂါ-၃အဆီများကို အချို့သောအပင်မှရရှိသောပစ္စည်းများတွင် တွေ့ရှိရသော်လည်း ငါးများတွင် တွေ့ရသော အိုမီဂါ-၃ အဆီများသည် အပင်များတွင်တွေ့ရှိရသော အိုမီဂါ-၃ အဆီများထက်ပိုမိုပြီး ကျန်းမာရေးအပေါ် အကျိုးကျေးဇူးပြုနိုင်ကြောင်းသိရသည်။

**ငါးကြီးဆီတွင်ပါဝင်သော အိုမီဂါ- ၃**

အိုမီဂါ-၃ကို ငါး၏အဆီထဲတွင် အဓိကတွေ့ရသည်။ ငါးကြီးဆီနှင့် ငါးအဆီမတူပါ။ ငါးကြီးဆီကို ငါး၏အသည်းမှထုတ်ယူထားသည်။ ငါးကြီးဆီတွင် အိုမီဂါ-၃အပြင် ဗီတာမင်-A၊ ဗီတာမင်-D ဓာတ်များလည်း ပါဝင်သေးသည်။ သို့သော် ငါးကြီးဆီ၏ အိုမီဂါ-၃ ပါဝင်မှုသည် ငါးအဆီထက် နှစ်ဆခန့်ပိုမိုနည်းပါးသည်။

**ငါးကြီးဆီတွင်ပါဝင်သော ဖက်တီးအက်စစ်**

ဖက်တီးအက်စစ်သည် အဆီဓာတ်တမျိုးဖြစ်သည်။ ဖက်တီးအက်စစ်ထဲတွင် ပြည့်ဝဆီနှင့်မပြည့်ဝဆီဟူ၍ ခွဲခြားထားသည်။ လူ့ခန္ဓာကိုယ်အတွက် ကောင်းကျိုးပြုသောအဆီသည် မပြည့်ဝဆီများဖြစ်သည်။ မပြည့်ဝဆီများထဲတွင် မိုနိုအန်စက်ကျူရိတ်တက်ဖက်တီးအက်စစ် နှင့် ပိုလီအန်စက်ကျူရိတ်တက်ဖက်တီးအက်စစ်ဟူ၍ ခွဲထားသေးသည်။မိုနိုအန်စက်ကျူရိတ်တက် (အုန်းဆီ) သည် မပြည့်တပြည့်အဆီမျိုးကိုခေါ်သည်။ ထိုအဆီမျိုးသည် အခန်းအပူချိန်တွင် အရည်ဖြစ်သော်လည်း အအေးခံလျှင်ခဲသွားတတ်သည်။ ပိုလီအန်စက်ကျူရိတ်တက်အဆီသည် အခန်းအပူချိန်တွင် သာမက အအေးခံလျှင်လည်း အရည်အဖြစ်သို့ ပြောင်းလဲတာမျိုးမရှိပေ။ အိုမီဂါ-၃သည် ပိုလီအန်စက်ကျူရိတ်တက်မျိုးဖြစ်သည်။ အဆီထဲတွင် လူများနှင့် အသင့်တော်ဆုံးအဆီတစ်မျိုးဖြစ်သည်။

**အိုမီဂါ-၃ အုပ်စုဝင်သုံးမျိုး**

အိုမီဂါ-၃တွင် ALA(alphalinolenic acid)၊ EPA (Eicosapentaenoic acid)နှင့် DHA (Docosahexaenoic acid)ဟူ၍ သုံးမျိုးရှိသည်။ အခြေခံကျသောအမျိုးအစားသည် ALA ဖြစ်သည်။ ALA သည် အပင်၊ အစေ့အဆန်များကရသော အဆီမျိုးဖြစ်သည်။ ရောင်ရမ်းခြင်းကို အဓိကသက်သာစေသည်။ ဆေးပညာတွင် ALAထက်စာလျှင် EPAနှင့်DHAသည် ပိုမိုအသုံးဝင်သည်ကိုတွေ့ရသည်။ နှလုံးရောဂါဖြစ်ပွားမှုကိုအဓိကကာကွယ်ပေးပြီး မကောင်းသောအဆီဓာတ်ကိုလျော့နည်းစေနိုင်သည်။ ထို့ပြင် DHA သည် ကလေးများ၏ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးခြင်းကို အားပေးသည်။ EPA နှင့် DHA ကို ငါးအမျိုးမျိုး (ဆယ်လ်မွန်၊ ဆာဒင်း၊ တူနာငါး၊ ပင်လယ်စာ၊ ပင်လယ်ရေမှော်) စသည်တို့တွင် အဓိကတွေ့ရသည်။



**ငါးကြီးဆီအသုံးဝင်ပုံ**

ငါးကြီးဆီကို နှလုံး၊ သွေးစနစ်များနှင့် ပတ်သက်သောအခြေအနေများအတွက် အများဆုံးအသုံးပြုကြသည်။ လူအချို့သည် ငါးကြီးဆီကို သွေးပေါင်ကျစေခြင်း သို့မဟုတ် သွေးထဲတွင် တွေ့ရသော အဆီတစ်မျိုးပမာဏများခြင်းကိုကျစေရန် အသုံးပြုကြသည်။ ထို့ပြင် ငါးကြီးဆီကို နှလုံးရောဂါ၊ လေဖြတ်ခြင်းတို့ကို ကာကွယ်ရန်လည်း အသုံးပြုကြသည်။ ငါးကြီးဆီအများအပြားစားသုံးခြင်းကလည်း လေဖြတ်ခြင်းကိုအားပေးနိုင်သည်။ အချို့သူများသည် ငါးကြီးဆီကို မျက်လုံးခြောက်ခြင်း၊ ရေတိမ်၊ အသက်ကြီးသောသူများတွင် အဖြစ်များပြီး ပြင်းထန်သည့် အခြေအနေတစ်ခုဖြစ်သော အမြင်လွှာပျက်စီးခြင်းအတွက်လည်း အသုံးပြုကြသည်။ အမျိုးသမီးများသည် နာကျင်သောရာသီလာခြင်းကိုကာကွယ်ရန် ငါးကြီးဆီကို အသုံးပြုကြသည်။ ရင်သားနာကျင်ခြင်း၊ ကိုယ်ဝန်နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် ကလေးပျက်ကျခြင်း၊ ကိုယ်ဝန်နောက်ပိုင်းတွင် သွေးပေါင်တက်ခြင်းနှင့် ကလေးစောမွေးခြင်းများတွင်လည်း အသုံးပြုကြသည်။ ငါးကြီးဆီကို ဆီးချို၊ ပန်းနာရင်ကျပ်၊ ဖွံ့ဖြိုးမှုဆိုင်ရာရောဂါများ၊ စာဖတ်ရခက်သောရောဂါ၊ အဝလွန်ခြင်း၊ ကျောက်ကပ်ရောဂါ၊ အရိုးပွခြင်း၊ နာကျင်ရောင်ရမ်းမှုများဖြစ်စေသည့် နာတာရှည် အရေပြားရောဂါနှင့် ကင်ဆာဆေးတချို့ကြောင့် ဖြစ် သည့် ကိုယ်အလေးချိန်ကျဆင်းခြင်းတို့ကို ကာကွယ်ခြင်းများအတွက်လည်း အသုံးပြုပေးနိုင်သည်။ ငါးကြီးဆီကို တစ်ခါတစ်ရံနှလုံးသွေးကြောခွဲစိတ်မှုအပြီးတွင်လည်း အသုံးပြုနိုင်သည်။ ပိတ်နေသောသွေးကြောများ လမ်းကြောင်းပြောင်းခြင်းအတွက်လည်း အသုံးပြုနိုင်သည်။

**ငါးကြီးဆီ၏ ကျန်းမာရေးအကျိုးကျေးဇူး**

ငါးကြီးဆီ၏ အကျိုးကျေးဇူးများသည် ၎င်းတွင်ပါဝင်သော အိုမီဂါ-၃ ဖက်တီးအက်စစ်များမှရခြင်းဖြစ်သည်။ ငါးကြီးဆီစားသုံးခြင်းဖြင့် ရရှိနိုင်မည့် ကျန်းမာရေးအကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်သည်။

**နှလုံးကျန်းမာရေးကို အထောက်အကူပြုခြင်း**

လေ့လာတွေ့ရှိချက်အရ ငါးကြီးဆီပုံမှန်စားသုံးသည့်သူများတွင် နှလုံးရောဂါဖြစ်နိုင်ခြေအခွင့်အလမ်း ပိုမိုနည်းပါးကြောင်းတွေ့ရှိရသည်။ ထို့ပြင် နှလုံးရောဂါကိုဖြစ်စေနိုင်သည့် အခြားသောအချက်များစွာကိုလည်း ငါးကြီးဆီစားသုံးခြင်းဖြင့် လျော့ကျစေနိုင်ကြောင်းတွေ့ရှိရသည်။

**ကိုလက်စထရောပမာဏ မြင့်တက်စေနိုင်ခြင်း**

ငါးကြီးဆီသည် ခန္ဓာကိုယ်အတွက်အကျိုးပြုသော ကိုလက်စထရောများ၏ ပမာဏကိုမြင့်တက်စေနိုင်သည်။ သို့သော် ခန္ဓာကိုယ်အတွက် မကောင်းသော လိုလက်စထရောများ၏ ပမာဏကိုကျဆင်းစေနိုင်သည့်အချက်အလက်များကို သေချာစွာမတွေ့ရှိရသေးပေ။

**သွေးထဲတွင်တွေ့ရသောအဆီတစ်မျိုး၏ ပမာဏများပြားခြင်းကို ကျစေခြင်း**

ငါးကြီးဆီတွင် သွေးထဲ၌တွေ့ရသည့် အဆီတစ်မျိုးပမာဏများပြားခြင်းကို ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ ကျဆင်းစေသည်။

**သွေးပေါင်ချိန်ပမာဏကို လျော့နည်းစေနိုင်ခြင်း**

ငါးကြီးဆီပမာဏ အနည်းငယ်စားသုံးလျှင်ပင် သွေးတိုးရောဂါရှိသည့် လူနာများတွင် သွေးပေါင်ချိန်ပမာဏကို လျော့နည်းစေနိုင်ကြောင်း တွေ့ရှိရသည်။

**သွေးလွှတ်ကြောအတွင်း အဆီများစုပုံ၍ သွေးကြောနံရံများထူထဲလာခြင်းကို တားဆီးပေးနိုင်ခြင်း**

ငါးကြီးဆီသည် သွေးလွှတ်ကြောများ၏ နံရံများကိုမာကြောစေပြီး သွေးကြောအတွင်းအဆီများ စုပုံ၍ထူထဲလာခြင်းကို တားဆီးပေးနိုင်သည်။

**နှလုံးခုန်နှုန်းမမှန်ခြင်းကို လျှော့ချပေးနိုင်ခြင်း**

နှလုံးခုန်နှုန်းမမှန်သောလူများတွင်ငါးကြီးဆီကို စားသုံးခြင်းဖြင့် အသက်အန္တရာယ်ရှိနိုင်မှုလျှော့ချပေးနိုင်သည်။

**ငါးကြီးဆီနှင့်ကလေးငယ်**

ငါးကြီးဆီတွင်ပါဝင်သည့် အိုမီဂါ-၃ ဖက်တီးအက်စစ်များမှာ ကလေးများ၏ဦးနှောက်နှင့် အမြင်အာရုံဖွံ့ဖြိုးမှုအတွက် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေသည်။ ယေဘုယျအားဖြင့် ကလေးများအနေဖြင့် အာဟာရဓာတ်များကို အစားအစာစားသုံးခြင်းမှရယူခြင်းသည် အကောင်းဆုံးဖြစ်သည်။ အသက်နှစ်နှစ်မှ ရှစ်နှစ်အတွင်းရှိ ကလေးများအနေဖြင့် တစ်ပတ်လျှင် ၉၃၃၁ ဂရမ်မှ ၁၈၆၆၂ ဂရမ်ပမာဏ၊အသက်ကိုးနှစ်နှင့်အထက်ကလေးများအနေဖြင့် ၂၄၈၈၃ ဂရမ်မှ ၃၁၁၀၃ ဂရမ် ပမာဏရှိသောငါး သို့မဟုတ် ပင်လယ်စာများစားသုံးသင့်သည်ဟုပညာရှင်များက အကြံပြုထားသည်။

**အိုမီဂါ-၃ ဖြည့်စွက်အားဆေးများကို ရွေးချယ်ခြင်း**

ငါးအသည်းထက်စာလျှင် အသားမှထုတ်လုပ်ထားသည့် အားဆေးတံဆိပ်ကို ရွေးချယ်သင့်သည်။ ငါးအသည်းတွင် အဆိပ်အတောက်များ ပါဝင်နေနိုင်သည့်အပြင် ဗီတာမင်-A ပမာဏလည်းမြင့်မားစွာပါဝင်နေနိုင်သောကြောင့် ကလေးများအတွက် မကောင်းပါ။ မိုက်ခရိုအယ်လ်ဂျေးလို့ခေါ်သော ရေညှိမှ ထုတ်လုပ်ထားသော အဆီများပါဝင်သည့် ဖြည့်စွက်အားဆေးများသည် သက်သတ်လွတ်သမားများအတွက်လည်း အထူးသင့်တော်သည်။ ငါးကြီးဆီများ အလွန်အကျွံစားမိလျှင် ဗိုက်အောင့်ဗိုက်နာခြင်း၊ဝမ်းလျှောခြင်းတို့ကို ဖြစ်စေနိုင်သည်။ ကလေးများအတွက် အရည်ပုံစံကအကောင်းဆုံးဖြစ်သည်။ ဆေးရည်ပုံစံကို ပုလင်း သို့မဟုတ် အထုပ်ငယ်လေးများနှင့် ရရှိနိုင်သည်။ ဖြည့်စွက်အားဆေးကိုထမင်းစားချိန်တွင် တိုက်ကျွေးရမည်ဖြစ်ပြီး ပမာဏအနည်းငယ်နှင့် စတင်ရတိုက်ကျွေးရမည်ဖြစ်သည်။ ထို့နောက် သတ်မှတ်ထားသည့် ပမာဏရောက်ရှိအောင် တဖြည်းဖြည်းတိုး၍ ဆေးကိုတိုက်ကျွေးရမည်ဖြစ်သည်။

**စားသုံးသင့်သည့် အိုမီဂါ-၃ပမာဏ**

နှလုံးကျန်းမာရေးအတွက် နေ့စဉ်အိုမီဂါ-၃ ပမာဏ တစ်ဂရမ်စားပေးသင့်သည်။ တစ်ပတ်လျှင် အနည်းဆုံးနှစ်ဂရမ် စားသုံးပေးနိုင်လျှင် လေဖြတ်နိုင်ချေကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်။ ယေဘုယျအားဖြင့် ငါးအဆီတစ်ဂရမ်တွင် အိုမီဂါ-၃ ပမာဏ ၃၀၀ မီလီဂရမ်ပါဝင်သည်။ ကျန်းမာရေးအတွက် အိုမီဂါ-၃ ကြွယ်ဝသော ငါးအဆီကို တစ်ပတ်လျှင် နှစ်ကြိမ်စားပေးသင့်သည်။

**သတိပြုရန်အချက်များ**

ငါးကြီးဆီကို အေးမြပြီးခြောက်သွေ့သည့် နေရာများတွင်ထားသင့်ပြီး အပူနှင့်ရေငွေ့ရိုက်ခြင်းကို ရှောင်ရှားသင့်သည်။ သွေးကျဲဆေးများသောက်နေလျှင်ငါးကြီးဆီနှင့်အတူ မသောက်သင့်ပေ။ ငါးကြီးဆီသည် တစ်နေ့ကို အနည်းငယ်စီ (တစ်နေ့၃ ဂရမ်အောက်) သုံးစွဲပါက ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအပါအဝင် လူအတော်များများအတွက် စိတ်ချရနိုင်သည်။ ငါးကြီးဆီကို မတည့်တဲ့သူများ သို့မဟုတ် ရင်သား၊ ဆီးကျိတ်ကင်ဆာရှိသူများနှင့် နှလုံးရောဂါရှိသူများ အသုံးမပြုသင့်ပေ။

**အချုပ်အားဖြင့် ဆိုရသော်-**

ငါးကြီးဆီသည် ကျန်းမာရေးကောင်းကျိုးများပြားစွာရရှိနိုင်သည့် ဖြည့်စွက်စာဖြစ်တာကြောင့် ကလေးရော၊ လူကြီးပါမကျန် ပုံမှန်သုံးစွဲခြင်းဖြင့် ကျန်းမာရေးကောင်းကျိုးများကို ရရှိနိုင်မှာဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**


(1) မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၅)

(2) ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊ အမှတ်(၂)

(3) Fish Base of Myanmar

(4) Inland Fisheries of Myanmar

## ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ မေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/cadets)နှင့် Myanmar National Portal(www.myanmar.gov.mm/documents)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၅-၉-၂၀၂၅** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

### မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



## ပွင့်ဖြူမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၈၆၂ ဧကစိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ယခုနှစ် ခဝဲသီးစိုက်ခင်းကိုတွေ့ရစဉ်။

ပွင့်ဖြူ ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၆၂ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ၁၆၀၂ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကို မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၈၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၆၀၂ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၈၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဓိက စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်တွေက ခရမ်းချဉ်၊ ငရုတ်၊ နံနံ၊ ပန်းဂေါ်ဖီ၊ မုန်ညင်း၊ မုန်လာထုပ်၊ ခရမ်း(စိမ်း၊ညို)၊ ကိုက်လန်၊မုန်လာဥဖြူ၊ ကြက်ဟင်းခါး၊ ခဝဲသီး စတဲ့ သီးနှံတွေကို စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်တွေအားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ GAPနည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို အထွက်နှုန်းကောင်းသော မျိုးစေ့များစိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး စသည့် တောင်သူအသိပညာပေး လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို တစ်ဧကပန်းတိုင်အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုကိုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုလဲရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်များကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မျှင်ငါးပိ ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ငပုတော ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မျှင်ငါးပိ ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်းက မျှင်ငါးပိ ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လတစ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်မျှင်ငါးပိ ၁၀ ပိဿာလျှင် ငွေကျပ် ၂၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ မျှင်ငါးပိတွေအပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ဘက်က လက်ရှိမှာလဲ မျှင်ငါးပိ အဝယ်ကုန်တွေများနေပါတယ်။ အခုလိုမျှင်ငါးပိတွေ အရောင်းအဝယ်ကောင်းလာတော့ ပွဲရုံပိုင်ရှင်တွေအပြင် ရေလုပ်သားတွေနဲ့ဆက်စပ်သူတွေပါ အဆင်ပြေလာပါတယ်"ဟု ငပုတောမြို့နယ်မှ ငါးပိ၊ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသခံရေလုပ်သားများကပင်လယ်ပြင်မှ ဖမ်းဆီးရရှိသော မျှင်ကောင်များကို ဝယ်ယူအသုံးပြုပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ မျှင်ငါးပိ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းသည် ဒေသထုတ်ကုန်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ဟာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်၊
အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့်
အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့်
ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄





## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)နေ မသန္တာကျော်(၉/ပဥလ(နိုင်)၁၀၁၄၈၂)၏ဖခင်အမည်မှန်မှာ ဦးကျော်ကျော် (ခ) ဦးစိုင်းကျော်ကျော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်ကျော် (ခ) ဦးစိုင်းကျော်ကျော်(၉/ပဥလ(နိုင်)၁၀၁၅၆၆၃)**

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ ဟေမမာလာ(တောင်)နေ ဦးထွန်းလူ (ဘ) ဦးဆာအောင်(၉/မဟမ(နိုင်)၀၃၄၂၉၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-349739)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-262716988**

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ရှမ်းတောရပ်နေ မလင်းလင်းထိုက် (ဘ) ဦးဝင်းအောင်(၉/မကန(နိုင်)၀၈၁၈၈၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-527857)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-770936825**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး**

**MDY-1W**

**32185**

ဆိုင်ကယ်သော့အတွဲလိုက် ပျောက်သွားပါ၍
09-2007010
09-2038620
09-779700742
ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။
ကျေးဇူးဆပ်ပါမည်။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ရွာမရွာနေ ဦးမြင့်ဇော်+ ဒေါ်စန်းမိုးခိုင်တို့၏သမီး မမော်လီခိုင်(၉/ခမစ(နိုင်)၀၃၁၉၀၉)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြန်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ငွေနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်စန်းမိုးခိုင်
၅/ငဇန(နိုင်)၀၄၉၇၂၇

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ တိုင်းပြည်တစ်ခုရဲ့ အချုပ်အခြာအာဏာဆိုတာ သူတို့ကို မထိခိုက်ဘူးဆိုရင် တော်တော်များများက မလုပ်ကြဘူး။ သူတို့ရဲ့အချုပ်အခြာအာဏာ ထိခိုက်လာပြီဆိုရင်တော့ ပြန်လည်တုံ့ပြန်ကြရမှာတော့ သဘာဝပဲ။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၈ ရက်တွင် ရုရှားနိုင်ငံ RT သတင်းဌာန၏ မေးမြန်းမှုများကို ဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။


## တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ"၏ အရှိန်ကြောင့် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ တုံကင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ"(KAJIKI)သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံကမ်းခြေကို ဗင့်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ကာ ဗီယက်နမ်နိုင်ငံ ကုန်တွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ"သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ကိုးနာရီအတွင်း ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းတွင် အားကောင်းသောအပူပိုင်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ နောက် ၁၈ နာရီအတွင်း လာအိုနိုင်ငံအထက်ပိုင်းဒေသများတွင် အပူပိုင်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ နောက် ၂၄ နာရီအတွင်း ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများတွင် လေဖိအားနည်းဆဲလ်အဖြစ်သို့လည်းကောင်း အသီးသီးအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်း "ကဂျိကိ"၏ အရှိန်ကြောင့် ယနေ့ညမှ ဩဂုတ် ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စာမျက်နှာ ၂၁ ကော်လံ ၁ ❑






ISPE FC အမျိုးသမီးဘောလုံးအသင်းနှင့် Strykers FC အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## AFC Women's Championship League (AWCL) 2025 - 2026 ပြိုင်ပွဲ၏ Preliminary Stage ပြိုင်ပွဲတွင် ISPE FC အသင်းက Strykers FC အသင်းကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၅

AFC Women's Championship League (AWCL) 2025 – 2026 ပြိုင်ပွဲ၏ Preliminary Stage ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ လှုငယ် အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲသည် ၂၀၂၅-၂၀၂၆ ရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲဖြစ်ပြီး ယနေ့တွင် အုပ်စုပထမနေ့ပွဲစဉ်အဖြစ် စာမျက်နှာ ၂၁ ကော်လံ ၅ ☆

နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် စာမျက်နှာ- ၁၇

ပန်းတောင်း၊ ချမ်းမြသာစည်နှင့် လားရှိုးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ စာမျက်နှာ- ၂၂

